မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၅၇)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

၂၀၁၃ ခုနှစ်၊ ဇွန် ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့။

ထစ်ချုန်းမိုး

၁၉-၆-၂၀၁၃

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နွားနို့လှူဒါန်းခြင်းသည် ကျန်းမာရေးနှင့် ပညာရေးကို အထောက်အကူပြုသည့်လုပ်ငန်းတစ်ရပ်ဖြစ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးရေးစီမံကိန်းအတွက် လှူဒါန်းသည့် အလှူရှင်ကုမ္ပဏီများမှ တာဝန်ရှိသူများအား နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (MICC) ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးရေး စီမံကိန်းအတွက် လှူဒါန်းသည့် အလှူရှင်ကုမ္ပဏီများမှ တာဝန်ရှိသူများဖြစ်ကြသည့် ဆွီဒင်နိုင်ငံ Tetra Laval ကုမ္ပဏီ ဥက္ကဋ္ဌ Mr. Jorn Rausing၊ Tetra Laval ကုမ္ပဏီနှင့် ယင်းကုမ္ပဏီအောက်ရှိ Tetra Pak, South & South East Asia ကုမ္ပဏီတို့မှ ကိုယ်စားလှယ်များ၊ ထိုင်းနိုင်ငံ CP Meiji ကုမ္ပဏီမှ ကိုယ်စားလှယ်များနှင့် လှူဒါန်းမှုဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီပေးသည့် MK ကုမ္ပဏီဥက္ကဋ္ဌ ဦးလှဝင်းနှင့် တာဝန်ရှိသူများအား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန (MICC)၌ တွေ့ဆုံနှုတ်ဆက်သည်။

စာမျက်နှာ ၃ ကော်လံ ၅ ❖

ယနေ့ မာတိကာ

စေတနာ၊ မေတ္တာထား၍ လိုအပ်သည့်အချိန်၊ လိုအပ်သောသွေးကို ပေးလှူခြင်းသည် မြင့်မြတ်သော လုပ်ငန်းဖြစ်
ခေါင်းကြီး *စာမျက်နှာ - ၂*

အိန္ဒိယနိုင်ငံမြောက်ပိုင်းပြည်နယ်များ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့နေရ
စာမျက်နှာ - ၄

ယာဉ်ကြောပိတ်ဆို့မှု ပြဿနာများ
ဆောင်းပါး *စာမျက်နှာ - ၆*

၁၂ ဘီးကား တံတားဖြတ်စဉ် တံတားကျိုးကျ
စာမျက်နှာ - ၁၁

ရန်ကုန် – မန္တလေးရထားလမ်းအား အဆင့်မြှင့်တင်မည်

သတင်းမှတ်စု-မောင်သစ္စာ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၁၈

မြန်မာနိုင်ငံတွင် နယ်ပယ်ကဏ္ဍစုံ၌ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လျက်ရှိရာ ရန်ကုန်-မန္တလေးရထားလမ်းကိုလည်း အဆင့်မြှင့်တင်မှုများ ဆောင်ရွက်နိုင်ရေးအတွက် ဖြစ်နိုင်စွမ်းဆိုင်ရာ လေ့လာဆန်းစစ်မှုတစ်ရပ်ကို ဂျပန်အဖွဲ့တစ်ဖွဲ့က မကြာမီကပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံစီးပွားရေးမြို့တော် ရန်ကုန်နှင့် မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးမြို့များသို့ ဆက်သွယ်ထားသော အရှည် ၆၄၀ ကီလိုမီတာရှိသည့် ရထားလမ်း အဆင့်မြှင့်တင်တည်ဆောက်ရေးအတွက် အမေရိကန် ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံခန့် ကုန်ကျမည့်စီမံကိန်းကို ဂျပန်နိုင်ငံမှ အဆိုပြုတင်ပြထားသည်။

ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်တည်ဆောက်ရေးစီမံကိန်းအတွက် ဂျပန်အစိုးရက ချေးငွေများထောက်ပံ့ရန် လေ့လာမှုများ ပြုလုပ်လျက်ရှိသည်။ တစ်ဖန် မြန်မာနိုင်ငံတွင် ဒီဇယ်ရထားစက်ခေါင်း စက်ရုံနှင့် တွဲဆိုင်းစက်ရုံများတည်ဆောက်ရေးအတွက် တရုတ်နိုင်ငံမှ ကူညီထောက်ပံ့မှုများပြုလုပ်ပေးမည် ဖြစ်မည်။

မြန်မာနိုင်ငံစီးပွားရေးမြို့တော် ရန်ကုန်မှ အနယ်နယ်အရပ်ရပ်သို့ ဆက်သွယ်ဖောက်လုပ်ထားသော ရထားလမ်းများကို တွေ့ရစဉ်။

ထိုသို့ ဒီဇယ်ရထားစက်ခေါင်း စက်ရုံနှင့် တွဲဆိုင်းစက်ရုံများ တည်ဆောက်ရန်အတွက် တရုတ်နိုင်ငံက ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိနေသည်။ အဆိုပါ ရထားစက်ခေါင်း စက်ရုံနှင့် တွဲဆိုင်းစက်ရုံများကို ၂၀၁၅ ခု နှစ်ကုန်တွင် အပြီးတည်ဆောက်ရန် မျှော်မှန်းထားသည်။

မြန်မာ့မီးရထားသည် လောလောဆယ်တွင် အဓိက ရထားလမ်းများဖြစ်သော ရန်ကုန်-မန္တလေးရထားလမ်း၊ ရန်ကုန်-မော်လမြိုင်၊ ရန်ကုန်-ပုဂံ၊ ရန်ကုန်-ပြည်၊ မန္တလေး- မြစ်ကြီးနား၊ မန္တလေး-လားရှိုး၊ မန္တလေး-သာစည်၊ မုံရွာ-ပခုက္ကူလမ်းပိုင်းများတွင် ခရီးသည်နှင့် ကုန်ရထားများ နေ့စဉ်ပြေးဆွဲပေးလျက်ရှိသည်။ ထို့အပြင် တိုးချဲ့ဖောက်လုပ်ထားသော ရထားလမ်းပိုင်းများတွင်လည်း ရထားများ ပြေးဆွဲပေးနေသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြတ်သောဒါန

လူတို့ပြုကြသော ကုသိုလ်ဒါနတွင် အမြတ်ဆုံးဒါနသည် သွေးလှူဒါနဖြစ်သည်။ ပြုနိုင်ခဲသော ဒါနဖြစ်သည်။ ငွေကြေးမည်မျှပင် ချမ်းသာသော်လည်း သွေးကိုလှူလိုပါသည် ဆိုသော်လည်း လှူ၍ မရ၊ သွေးလှူရှင်သည် ကျန်းမာရေးနှင့် ညီညွတ်ပြီး ရောဂါကင်းရှင်းသူဖြစ်မှသာလျှင် လှူနိုင်ပေသည်။မွန်မြတ်သော ဇီဝိတဒါနဖြစ်သည်။ လူတစ်ဦး အသက်ရှင်နေထိုင်ရေးအတွက် ခန္ဓာကိုယ်အတွင်း သတ်မှတ်ထားသည့် သွေးပမာဏသည် အမြဲရှိနေရမည်။ သို့ကြောင့်လည်း သွေးသည်အသက်ဟု ဆိုကြသည်။

သွေးသွင်းကုသသည့် လူနာများအတွက် သွေးကိုအချိန်မီ လုံလောက်စွာရရှိရန် လိုအပ်သကဲ့သို့ လှူဒါန်းသည့်သွေးသည် သန့်စင်သောသွေးဖြစ်ရန်လိုအပ်သည်။ သွေးလှူရှင်သည် ကျန်းမာခြင်းနှင့် ပြည့်စုံပြီး အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး၊ ခုခံအားကျဆင်းမှုရောဂါပိုး ကင်းစင်သူများ ဖြစ်ရန်လိုသည်။ သွေးမလှူဒါန်းမီ သွေးလှူရှင်များအား စစ်ဆေးပြီးမှ လက်ခံခြင်းဖြစ်သည်။ လှူဒါန်းထားပြီးသော သွေးများကိုလည်း ဓာတ်ခွဲစစ်ဆေးပြီးမှ ကူးစက်ရောဂါပိုးများ မရှိအောင် သွေးကောင်း၊ သွေးသန့်များနှင့် သွေးသွင်းကုသမှုပြုခြင်း ဖြစ်သည်။

ယခုအခါ သွေးလှူရှင်များသည် တစ်နေ့တခြားများပြားလာပြီး သန့်စင်သောသွေးလှူရှင်များကြောင့် ကောင်းကျိုးရလဒ်များ ရရှိခဲ့သည်။ သွေးလှူရှင်တို့သည် မိမိသွေးကို မိမိ၏ဆန္ဒအလျောက် လှူဒါန်းကြခြင်းဖြစ်သည်။ မိမိ၏သွေးဖြင့် တစ်ပါးသူအား အသက်ကယ်တင်လိုက်ခြင်းအတွက် ခံစားရသည့် ဝမ်းသာပီတိသည် နှိုင်းဆ၍ မရပါ။ တစ်စုံတစ်ရာကို မျှော်ကိုးရယူရန်၊ အခွင့်အရေးရယူရန် ဆန္ဒမရှိဘဲ ပြုလိုက်သော ကုသိုလ်ဒါနဖြစ်သည်။ ယင်းသို့ပြုလိုက်သောကုသိုလ်ကြောင့်လည်း မိမိကိုယ်တိုင် ကျန်းမာခြင်းနှင့် ပြည့်စုံနေရသည်။ လှူလိုက်ရသည့် သွေးလှူရှင်သည် စေတနာသွေးဖြစ်၍ ဂုဏ်ယူဖွယ်ရာ ဖြစ်သည်။

လူငယ်လူရွယ်များ သွေးလှူဒါန်းမှုသည် ကောင်းသော လုပ်ဆောင်မှုဖြစ်၍ ၄င်းတို့၏ ပတ်ဝန်းကျင်တွင် ကောင်းသော အမူအကျင့်၊ ဓလေ့စရိုက်များ ဖြစ်ပေါ်စေရပြီး အန္တရာယ်ကင်းပြီး လူငယ်လူရွယ်များ၏ စိတ်ထားကောင်းမှု၊ ကူညီပေးလိုမှု၊ ညာတာထောက်ထား စာနာတတ်မှုစသည့် အခြေခံစိတ်ဓာတ်ကို ဖော်ညွှန်းပြဆိုလျက်ရှိသည်။ လူငယ်လူရွယ်လေးများအတွက်လည်း ကျန်းမာကြံ့ခိုင်ပြီး ကျန်းမာရေးနှင့် ပြည့်စုံသောကြောင့် စိတ်ချမ်းမြေ့၍ မိသားစုအတွက်လည်း ပျော်ရွှင်မှုများကို ပေးစွမ်းနိုင်ပေသည်။ ယခုအခါ သွေးလှူရှင်တို့သည် ကျန်းမာရေးအသိရှိမှုများကြောင့် ရောဂါပိုးကင်းသည့် သွေးကောင်းသွေးသန့်များကို ရရှိပေသည်။

သွေးလှူရှင်လှူလိုက်သောသွေးသည် အမှန်တကယ်လိုအပ်သော သူအတွက် ပေးလှူလိုက်ရခြင်းဖြစ်၍ လူတစ်ယောက်၏အသက်ကို ကယ်တင်လိုက်ရခြင်းဖြစ်သည်။ သွေးသွင်းကုသမှုကို ခွဲစိတ်ကုသမှုပြုလုပ်စဉ်၊ သွေးထွက်လွန်စဉ်၊ မီးဖွားစဉ်၊ သွေးအားနည်းစဉ်စသည်ဖြင့် မလွှဲမသွေသွေးလိုအပ်ချိန် အရေးပေါ်ပေးလှူရခြင်းဖြစ်သည်။ စေတနာ၊ မေတ္တာထား၍ လိုအပ်သည့်အချိန်၊ လိုအပ်သောသွေးကို ပေးလှူခြင်းသည် မြင့်မြတ်သော လုပ်ငန်းဖြစ်သည်။ သွေးလှူရှင်များတိုးပွားရေးအတွက် ငွေအား၊ လူအား၊ ပစ္စည်းအားများ ပါဝင်ကြိုးပမ်း ဆောင်ရွက်ခြင်းသည်လည်း ကုသိုလ်ထူးကို ရရှိနိုင်ပေရာ လူတိုင်း ရောဂါဘယကင်းရှင်းပြီး မြတ်သောဒါနပြုနိုင်ကြပါရန် ဆန္ဒပြုပါကြောင်း။ ။

ပြည်တွင်းသတင်း

သမဝါယမဝန်ကြီးဌာနက ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇွန် ၁၈

နိုင်ငံတော်အစိုးရသည် ပြည်သူများ၏လိုလားချက်ဖြစ်သော နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးတို့ကို ပြုပြင်ပြောင်းလဲရေးအစီအစဉ်များဖြင့် ဆောင်ရွက်လျက်ရှိရာ သမဝါယမဝန်ကြီး ဌာနကလည်း ဦးတည်ချက် ၂ ရပ်၊ လုပ်ငန်းစဉ် ၅ ရပ်တို့ကို ချမှတ်ပြီး အင်တိုက်အားတိုက် ကြိုးပမ်းဖော် ဆောင်လျက်ရှိသည်။ ထိုသို့ ကြိုးပမ်းဖော်ဆောင်ရာတွင် အဓိကတာဝန်(၂)ရပ် ဖြစ်သော အသေးစားချေးငွေလုပ်ငန်း (Microfinance)နှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေး အစီအစဉ်များကို ကျေးလက်ပြည်သူများနှင့် မြို့ပြနေပြည်သူများ အသိရှိရှိဖြင့် ပါဝင် ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများကိုယ်တိုင် ကွင်းဆင်း၍ ရှင်းလင်းဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၌ ဇွန် ၁၇ ရက်က ကျေးလက်ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြှင့်တင်ရေး အခမ်းအနားကို ကျင်းပ၍ မြို့နယ် ၂၃ မြို့နယ်မှ သမဝါယမအသင်း ၉၄၆ သင်း အသင်းသား ၉၄၁၆၀ အတွက် ထုတ်ချေးငွေကျပ်သိန်းပေါင်း ၆၃၉၄၃ ဒသမ ၅၅ သိန်းနှင့် တန်ဖိုးငွေကျပ် ၂၀၇ဒသမ ၈၈ သိန်းတန်ဖိုးရှိ လယ်ယာသုံး စက်ကိရိယာ အစီး ၃၀ ကို ထုတ်ချေးပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာ၌ သမဝါယမဝန်ကြီးဌာနအနေဖြင့် ပြည်သူများ လတ်တလောကြုံတွေ့နေရသည့် အတိုးကြီးပြီးချေးယူနေရသော ဘဝမှ လွတ်မြောက်ရန်နှင့် နောင် လေး၊ ငါးနှစ်ကြာလျှင်ငွေချေးစရာ မလိုတော့ဘဲ မိမိဘာသာ လုပ်ကိုင်နိုင်ရန် ဟူသော ရည်ရွယ်ချက်ဖြင့် အသေးစားငွေချေးလုပ်ငန်းကို ဆောင်ရွက်နေချိန်မှာပင် သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေး လုပ်ငန်းကိုလည်း ပုံစံ (Model) ၅မျိုးဖြင့် အဆင့်မြှင့်တင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ပထမတစ်မျိုးသည် သမဝါယမအသင်းပိုင်မြေနေရာတွင် ရေသွင်း၊ ရေထုတ်မြောင်း၊ ကုန်ထုတ်လမ်းများ ဖော်ထုတ်လျက် စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲအကောင်အထည်ဖော်ခြင်း၊ ဒုတိယတစ်မျိုးသည် သမဝါယမအသင်းသားပိုင်များသာရှိသော နေရာများတွင် အခြေခံစက်မှုလယ်ယာအဖြစ် သာဆောင်ရွက်၍ စက်ကိရိယာ၊ မြေဩဇာစသည်တို့ကို အရစ်ကျစနစ်ဖြင့်ရောင်းချ၍ ဆောင်ရွက်စေခြင်းဖြစ်ကြောင်း။

ထို့အတူ ကုန်သွယ်မှုသမဝါယမ၊ မွေးမြူရေးသမဝါယမ၊ သမဝါယမတစ်ခုထုတ်ကုန်တစ်ခု သမဝါယမနှင့် ဝန်ဆောင်မှု သမဝါယမများအဖြစ် မြှင့်တင်ရာတွင်လည်း လိုအပ်သော နည်းပညာ၊ ဈေးကွက်တို့ကို ပေါင်းစပ်ပေးပြီး ငွေကြေးကို အရစ်ကျပြန်ဆပ်စနစ်ဖြင့် ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။ ထို့နောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က အသေးစား ချေးငွေလုပ်ငန်းနှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများသည် အခြေခံပြည်သူများ လူမှုစီးပွားဘဝမြှင့်တင်ရေး အထောက်အကူပြုနေသဖြင့် ပြည်သူများကိုယ်တိုင်ကလည်း အသိရှိရှိဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသွားသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သမဝါယမအသင်းသားပြည်သူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထင်သာမြင်သာ ပြုပြင်စရာ

ကျောင်းအနီးမှ တရားမဝင် ကားဂိတ်ဖယ်ရှားရန် မျှော်လင့်

လှိုင်သာယာမြို့နယ်၌ လမ်းဆုံများ၌ ခရီးသည်အတင်အချပြုလုပ်ခြင်းနှင့် သတ်မှတ်ထားသော မှတ်တိုင်၌ခရီးသည်အတင်အချများမပြုလုပ်ခြင်း ကြောင့် ယာဉ်ကြောပိတ် ဆို့ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။

ဗိုလ်အောင်ကျော်လမ်းမကြီးရှိ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းသည် ကျောင်းသားဦးရေ ထောင်ကျော်ရှိပြီး အဆိုပါကျောင်းအနီး ရွှေရင်အေးကျောင်းလမ်းနှင့် ကျောင်းရှေ့ရှိ ဗိုလ်အောင်ကျော်လမ်းမကြီးထောင့်တွင် ယာဉ်လိုင်းနှစ်လိုင်းမှ ဂိတ်ထိုးပြေးဆွဲသည့်အပြင် ကျန်ယာဉ်လိုင်း ငါးလိုင်းနှင့် အောက်ဆိုက်ယာဉ်များ နေ့/ည ဂိတ်ထိုးပြေးဆွဲနေသည့်အတွက် ကျောင်းတက်ကျောင်းဆင်းချိန်နှင့် ရွှေရင်အေးဈေးသို့သွားသည့် ဈေးသွားဈေးပြန်များ၊ ကျောင်းထောင့်၌ ယာဉ်ကြောပိတ်ဆို့မှု ခံစားနေရသည်မှာ နှစ်ချီကြာမြင့်နေပြီဖြစ်ကြောင်း သိရသည်။

တာဝန်ရှိသူများ လာရောက် ရှင်းလင်းစဉ်အချိန်၌သာ ယာဉ်များရှင်းလင်းပြီး ပုံမှန်ယာဉ်ကြောပိတ်ဆို့မှုကို ယနေ့တိုင် ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများ ခံစားနေရကာ ယာဉ်ရပ်နား ဂိတ်ထိုးထားသည့်အတွက် ကားသမားအချို့ အပေါ့စွန့်ကြသဖြင့် အနီးစာသင်ခန်းရှိ ဆရာမများနှင့် ကျောင်းသူများ အမြင်မတော်မှုများ ဖြစ်ပေါ်နေသောကြောင့် တရားဝင်ဂိတ်မဟုတ်ဘဲ ဂိတ်ဖွင့်ရပ်နားပြေးဆွဲနေမှုအပေါ် အရေးယူရှင်းလင်းပေးစေရန် ပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။ (၁၆၄)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးရေး စီမံကိန်းအတွက် လှူဒါန်းသည့် အလှူရှင်ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

❖ ***ရှေ့ဖုံးမှ***

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတက နို့တိုက်ကျွေးရခြင်း၏ ရည်ရွယ်ချက် (၃)ချက်ရှိပါကြောင်း၊ ၎င်းတို့မှာ ကျန်းမာသန်စွမ်းစေရန်၊ ကိုယ်ခန္ဓာ ဖွံ့ဖြိုးစေရန်နှင့် ဉာဏ်ပညာထက်မြက်စေရန်တို့ ဖြစ်ပါကြောင်း၊ ထိုရည်ရွယ်ချက် (၃)ချက်နှင့်အတူ နို့တိုက်ကျွေးရေးစီမံကိန်းကို စနစ်တကျ ရေးဆွဲဆောင်ရွက်ခဲ့ပါကြောင်း။

ယခုကဲ့သို့ ပြုပြင်ပြောင်းလဲရေး ပြုလုပ်နေချိန်တွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုသည် မဖြစ်မနေ လိုအပ်သည့်အချိန်အခါ ဖြစ်ပါကြောင်း၊ လူသားအရင်းအမြစ်၏ အခြေခံသည် ကျန်းမာရေးနှင့် ပညာရေးပင်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ နွားနို့လှူဒါန်းခြင်းသည် ကျန်းမာရေးနှင့် ပညာရေးကို အထောက်အကူပြုသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ လှူဒါန်းခြင်းအပေါ် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးသိန်းညွန့်၊ ဒေါက်တာမြအေး၊ ဒေါက်တာဖေသက်ခင်၊ ဒေါက်တာကံဇော်နှင့် ဦးကျော်လွင်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဇွန် ၁၈

Action Aid-INGO ၏ လူငယ်သင်တန်းကျောင်း Global Platform မှ ဖွင့်လှစ်သော Youth Participation in Governance (2nd Batch) သင်တန်းဒုတိယအပတ်စဉ်မှ သင်တန်းသား ၃၅ ဦးသည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် လွှတ်တော်အဆောက်အအုံများ၊ အစည်းအဝေးခန်းမများ **(အောက်ပုံ)** နှင့် လွှတ်တော်၏လုပ်ငန်းစဉ်များကို လေ့လာကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာပေဗိမာန် စာမူဆု(၂၀၁၂) စာမူပြိုင်ပွဲအတွက် ဘာသာပြန်စာမူဆု ပြဋ္ဌာန်း

ရန်ကုန် ဇွန် ၁၈

၂၀၁၂ ခုနှစ်အတွက် စာပေဗိမာန် စာမူပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် စာမူများကို ဖိတ်ခေါ်ခဲ့ပြီးနောက် ဘာသာပြန်စာမူဆုအတွက် Goran Hyden, Julius Court, and Kenneth Mease တို့ ပြုစုရေးသားသည့် MAKING SENSE OF GOVERNANCE စာအုပ်ပါ အခန်းသုံးခန်းကို ထုတ်နုတ်၍ ပြဋ္ဌာန်းလိုက်သည်။ အဆိုပါစာအုပ်ကို ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ် (၅၂၉၊ ၅၃၁) စာပေဗိမာန်အရောင်းဆိုင်တွင် တန်ဖိုး ငွေကျပ် ၄၀၀(ကျပ်လေးရာတိတိ)ဖြင့် ဝယ်ယူပြန်ဆို၍ ပြိုင်ပွဲဝင်နိုင်သည်။

ပြိုင်ပွဲဝင်စာမူအတွက် သတ်မှတ်ထားသည့်ပုံစံဖြင့်သာ လက်ခံမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို စာပေဗိမာန်တွင် ငွေကျပ် ၁၀၀ ဖြင့် ဝယ်ယူနိုင်သည်။ နယ်မှမှာယူလိုသူများသည် စာအုပ်တန်ဖိုးအပါအဝင် စုစုပေါင်း ငွေကျပ် ၈၀၀(ကျပ်ရှစ်ရာတိတိ)ကို ငွေပို့လွှာဖြင့် အတွင်းရေးမှူး စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ဖုန်း-၀၁-၃၇၆၅၆၉၊ ၃၈၁၄၄၉ တို့သို့ လိပ်မူ၍ မှာယူနိုင်သည်။

ဘာသာပြန်စာမူကို ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက် နောက်ဆုံးထား၍ စီမံရေးရာဌာန စာပေဗိမာန် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်သို့ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်သစ်ပင်များစိုက်ပျိုးပေး

နေပြည်တော် ဇွန် ၁၈

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၁၃ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၇ နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ရှေ့ရှိ မြေကွက်လပ်၌ပြုလုပ်ရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် စိန်တစ်လုံးသရက်ပင်များအား ဦးဆောင်စိုက်ပျိုးပေးသည်။ **(ယာပုံ)**

ဆက်လက်၍ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး သူရသက်ဆွေနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသူများက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် စိုက်ပျိုးပင်များအား သတ်မှတ်နေရာအသီးသီးတွင် စိုက်ပျိုးပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရာရှိ/စစ်သည် မိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ပြုလုပ်သော သစ်ပင်စိုက်ပျိုးပွဲတွင် စိန်တစ်လုံးသရက်ပင် ၅၀၀၀ စိုက်ပျိုးခဲ့ကြပြီး ၂၀၁၁ ခုနှစ်မှ စတင်၍ ယခုအကြိမ်အပါအဝင် အပင်အမျိုးအစားပေါင်း ၂၃ မျိုး စုစုပေါင်း အပင် ၄၀၇၇၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အပင်များအောင်မြင်ဖြစ်ထွန်းရှင်သန်စေရေးအတွက် အပင်ပေါင်း ၄၆၀၀ ကျော် ဖာထေးစိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရေးအတွက် မိုးရာသီအတွင်း သစ်ပင်စိုက်ပျိုးပွဲများအား ဆက်လက်ပြုလုပ်၍ ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးရာသီဘဏ်ချေးငွေ စတင်ထုတ်ချေး

နေပြည်တော် ဇွန် ၁၈

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၃ ခုနှစ် မိုးရာသီ ဘဏ်ချေးငွေထုတ်ချေးရန် တပ်ကုန်းမြို့နယ်မှ ကျေးရွာအုပ်စု ၄၃ အုပ်စု၊ ဇေယျာသီရိမြို့နယ်မှ ကျေးရွာအုပ်စု နှစ်အုပ်စု၊ ပုဗ္ဗသီရိမြို့နယ်မှ ကျေးရွာအုပ်စု ခြောက်အုပ်စု၊ ဥတ္တရသီရိမြို့နယ်မှ ကျေးရွာအုပ်စု သုံးအုပ်စု စုစုပေါင်း ကျေးရွာအုပ်စု ၅၄ အုပ်စု၊ လယ်သမားဦးရေ ၁၂၂၅၀၊ စပါးဧက ၄၁၀၀၀ အတွက် စပါးတစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်း၊ ဝါဧက ၃၀၀၀ အတွက် တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်းပေါင်း ၄၁၆၀၀ ကို ထုတ်ချေးရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်လအပြီးထုတ်ချေးမည်

တပ်ကုန်းမြို့ အောင်ဇေယျ ရပ်ကွက်မှ အစုအဖွဲ့နှစ်ခု၊ တောင်သူလယ်သမား ၂၀ ၏ စပါးစိုက်ဧက ၁၅၇ ဧကအတွက် ချေးငွေကျပ် ၁၅၇၀၀၀၀၀ ကို ဇွန် ၁၇ ရက်က စတင်ထုတ်ချေးပြီး ဖြစ်ပါကြောင်း၊ မြို့နယ်အလိုက် ကျေးရွာအုပ်စုအားလုံးသို့ ၂၀၁၃ ခုနှစ် ဩဂုတ်လအတွင်း အပြီးထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(ဝ၂၁)

နိုင်ငံတကာသတင်း

အာဖဂန်တစ်နိုင်ငံလုံး လုံခြုံရေးတာဝန်များ နေတိုးထံမှ အာဖဂန်တပ်ဖွဲ့ဝင်များ လွှဲပြောင်းရယူ

ကဘူးလ် ဇွန် ၁၈

အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များက နေတိုးဦးဆောင်သော တပ်ဖွဲ့ဝင်များထံမှ တစ်နိုင်ငံလုံး လုံခြုံရေးတာဝန်ကို တရားဝင်လွှဲပြောင်းရယူလိုက်ပြီဖြစ်ကြောင်း ဇွန် ၁၈ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

နေတိုးဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ၂၀၁၁ ခုနှစ်မှစပြီး အာဖဂန်နစ္စတန်နိုင်ငံ ပြန်လည်တည်ငြိမ်အေးချမ်းလာစေရန် လုံခြုံရေးတာဝန်များ ထမ်းဆောင်ပေးခဲ့သည်။ နိုင်ငံတကာလုံခြုံရေး အကူတပ်(အိုင်ဆက်)က နောက်ဆုံး ၉၅ ခရိုင်ကို ထိန်းချုပ်ထားရာမှ အာဖဂန်လုံခြုံရေးတပ်ဖွဲ့သို့ တရားဝင်လုံခြုံရေးတာဝန်များ လွှဲပြောင်းပေးလိုက်သည်။ ယင်းလွှဲပြောင်းပွဲအခမ်းအနားသို့ အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်း တက်ရောက်ခဲ့သည်။ ယင်းအခမ်းအနားသည် အမေရိကန်ဦးဆောင်သောတပ်များက ၂၀၀၁ ခုနှစ်တွင် ၉/၁၁ တိုက်ခိုက်မှုကြောင့် တာလီဘန်အစိုးရကို ဖြုတ်ချပြီးနောက် ထူးခြားသည့် သမိုင်းဝင်အခမ်းအနားပင်ဖြစ်သည်။ ယင်းအခမ်းအနားမစတင်မီ ကဘူးလ်မြို့၌ အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ သုံးဦးသေဆုံးသွားသည်။ ယင်းဗုံးခွဲတိုက်ခိုက်မှုသည် ဒုတိယသမ္မတ ဟာဂျီမိုဟာမက်မိုဟာကေးကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

၎င်း သည် ကဘူးလ်အနောက်ပိုင်း ဟာဇာရာလူမျိုးစုခေါင်းဆောင်လည်းဖြစ်သည်။ နေတိုး၏လုံခြုံရေးထိန်းချုပ်မှုလွှဲပြောင်းခြင်းကို ၂၀၀၁ ခုနှစ်နွေရာသီက ဘာမီယန်နှင့်အတူ စတင်ခဲ့သည်။ အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လွန်ခဲ့သော ခြောက်နှစ်က တပ်ဖွဲ့ဝင် ၄၀၀၀၀ ခန့်သာ ရှိခဲ့ရာမှ ယခုအခါ တပ်ဖွဲ့ဝင်အင်အား ၃၅၀၀၀၀ ရှိနေပြီဖြစ်သည်။ **(ဘီဘီစီ)**

ကမ္ဘာ့ဖလားလက်မှတ်ဈေးနှုန်းမြင့်မား ဘရာဇီးနိုင်ငံမြို့ကြီးများ၌ ဆန္ဒပြနေ

ရီယိုဒီဂျနေးရိုး ဇွန် ၁၈

ဘရာဇီးနိုင်ငံ မြို့ကြီးများ၌ လမ်းမများပေါ်တွင် လူပေါင်း ၂၀၀၀၀၀ ထက်မနည်း ချီတက်ဆန္ဒပြလျက်ရှိကြောင်း ဇွန် ၁၈ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါဆန္ဒပြရခြင်းအကြောင်းမှာ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ဘရာဇီးနိုင်ငံအနေဖြင့် လက်မှတ်ခများဈေးကြီးလွန်းခြင်းနှင့် ပြည်သူအများပို့ဆောင်ရေး စရိတ်စက ကြီးမားခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရသည်။ ရီယိုဒီဂျနေးရိုးမြို့တွင် ဆန္ဒပြမှု အများဆုံးဖြစ်သည်။ ရဲတပ်ဖွဲ့ဝင်များနှင့် လူငယ်များအကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွားလျက်ရှိသည်။ လူငယ်များက ရဲတပ်ဖွဲ့ဝင်များအား ခဲများ၊ တုတ်များဖြင့် ပစ်ခတ်ခဲ့ကြသည်။

အလားတူ ဆော်ပေါလို၊ မြို့တော်ဘရာဇီးလီးယားတို့တွင်လည်း အကြီးအကျယ်ဆန္ဒပြလျက်ရှိသည်။ ယင်းဆန္ဒပြမှုသည် ဘရာဇီးနိုင်ငံသမိုင်းတွင် အနှစ်နှစ်ဆယ်အတွင်း အကြီးမားဆုံး ဆန္ဒပြမှုဖြစ်သည်။ ဇွန် ၁၇ ရက်က မြို့ကြီး ၁၁ မြို့ထက်မနည်း အဆိုပါကိစ္စနှင့် ပတ်သက်ပြီး ဆန္ဒပြမှုများဖြစ်ပွားခဲ့သည်။ **(ဘီဘီစီ)**

အိန္ဒိယနိုင်ငံမြောက်ပိုင်းပြည်နယ်များ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့နေရ

ဝါရှင်တန် ဇွန် ၁၈

အိန္ဒိယနိုင်ငံ၌ မြို့တော်ဒေလီအပါအဝင် မြောက်ပိုင်းပြည်နယ်များတွင် ပြီးခဲ့သည့် ရက်သတ္တပတ်ကုန်မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးမှုများ၊ မြေပြိုမှုများဖြစ်ပွားခဲ့ရာ သေဆုံးသူအရေအတွက် တိုးလာနေသည်ဟု တာဝန်ရှိသူများက ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းတစ်ပုဒ်တွင် ရေးသားဖော်ပြထားသည်။

ယင်းဖြစ်စဉ်များကြောင့် ဥတ္တရာခန်းပြည်နယ်တွင် အနည်းဆုံး လူပေါင်း ၄၀ သေဆုံးခဲ့ပြီး ဥတာပရာဒေ့ရှ်ပြည်နယ်၌ အနည်းဆုံး ၁၅ ဦးနှင့် ဟိမာချာပရာဒေ့ရှ်ပြည်နယ်၌ အနည်းဆုံး ၁၀ ဦး သေဆုံးခဲ့သည်ဟု သိရသည်။ ဥတ္တရာခန်းပြည်နယ်၌ အဆောက်အအုံ ၁၅၀ ကျော် ပျက်စီးသွားပြီး တစ်အိမ်ထက်မနည်းသော အဆောက်အအုံတို့မှာ မျောပါသွားမှုများရှိသည်ဟု ဆိုသည်။ လူဦးရေ ခုနစ်ဦးပျောက်ဆုံးနေခဲ့ပြီး လေတပ်ဖွဲ့ရဟတ်ယာဉ်များဖြင့် ၄၅ ဦးခန့် ကယ်ဆယ်ထားရသည်ဟု သိရသည်။ အဆိုပါဒေသရှိ ဘုရားဖူးလာဧည့်သည် ၆၀၀၀၀ ခန့်မှာ ဗိမာန်များ၊ အဆောက်အအုံများ၌ ခိုလှုံနေရသည်ဟုဆိုသည်။ **(ဘီဘီစီ)**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်၌ ပေါက်ကွဲမှုကြီးတစ်ရပ် ဖြစ်ပွား

ကဘူးလ် ဇွန် ၁၈

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်တွင် ဇွန် ၁၈ ရက် နံနက်က ပေါက်ကွဲမှုကြီးတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း ကိုယ်တွေ့ကြုံခဲ့ရသူများက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ကဘူးလ်မြို့အနောက်ပိုင်း ဖူလ်အီဆာခါနယ်မြေအတွင်း နံနက် ၉ နာရီ ၁၀ မိနစ်ခန့်က အားပြင်းသည့် ပေါက်ကွဲမှုဖြစ်ခဲ့သည်ဟု မျက်မြင်ကြုံတွေ့ခဲ့သူ ဖာဂူခါရှာက ပြောကြားခြင်းဖြစ်သည်။

ပေါက်ကွဲမှုရင်းမြစ်ကို လတ်တလောအချိန်တွင် မသိရှိရသေးဘဲ ယင်းပေါက်ကွဲမှုကြောင့် မီးခိုးတန်းများ နယ်မြေတစ်ခွင်လွှမ်းခြုံသွားခဲ့သည်ဟု ဆိုသည်။ အစိုးရတပ်ဖွဲ့များ ပေါက်ကွဲမှုဖြစ်ရာသို့ ရောက်ရှိလာပြီး ချက်ချင်းဆိုသလို ယင်းနေရာကို ပိတ်ဆို့လိုက်သည်။ ရဲတပ်ဖွဲ့ဝင်များက နောက်ထပ်ပေါက်ကွဲမှုဖြစ်လာနိုင်သည်ကို စိုးရိမ်မကင်း၍ အခင်းဖြစ်ရာနေရာရှိ ဒေသခံများကို ကူညီစောင့်ရှောက်မှုများ ပေးထားရသည်။အာဖဂန်စစ်တပ်နှင့် ရဲတပ်ဖွဲ့သို့ အမေရိကန်နှင့် နေတိုးတပ်ဖွဲ့ဝင်များက လုံခြုံရေးတာဝန်နောက်ဆုံးအသုတ် ပခုံးပြောင်းလွှဲအပ်သည်ကို တိုင်းပြည်က ကြေညာချက်ထုတ်ပြန်လိုက်ပြီး နာရီပိုင်းမျှအကြာ ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

ဂရိနိုင်ငံပိုင် ERT ရုပ်သံလွှင့်ဌာန ပြန်လည်ထုတ်လွှင့်ရန် တရားရုံးက အမိန့်ချ

အေသင် ဇွန် ၁၈

ဂရိအစိုးရပိတ်ထားခဲ့သော နိုင်ငံပိုင် ERT ရုပ်သံလွှင့်ဌာန ပြန်လည်ထုတ်လွှင့်ခွင့်အမိန့်ကို တရားရုံးက ထုတ်ပြန်ခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဇွန် ၁၈ ရက်က ဖော်ပြသည်။

သို့သော်လည်း ဝန်ကြီးချုပ် အန်ကိုနီဆာမာရာ၏ သဘောထားအတိုင်း ERT ရုပ်မြင်သံကြားထုတ်လွှင့်မှုများကို လျှော့ချသွားရန်လည်း တရားရုံးက ထုတ်ပြန်ထားသည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့၏ဆန္ဒသဘောထားအရ အဆိုပါတရားရုံးစီရင်ထုံးထွက်ပေါ်ခဲ့ခြင်းဖြစ်ပြီး ၎င်းရုပ်မြင်သံကြားပြန်လည်ထုတ်လွှင့်ရေး အချီအချဆွေးနွေးငြင်းခုံမှုများလည်း ဖြစ်ပွားခဲ့သည်။

ထို့အပြင်ဝန်ကြီးချုပ်၏ ယခုဆုံးဖြတ်ချက်သည် နိုင်ငံအနှံ့များစွာ ကန့်ကွက်မှုများ ဖြစ်ပွားစေခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

၎င်း ERT ရုပ်သံလွှင့်ဌာန ပိတ်သိမ်းခဲ့ရာတွင် အလုပ်အကိုင် ၂၇၀၀ နီးပါး လက်လွှတ်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။ **(ဘီဘီစီ)**

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တွင်းငယ်-မိုးမိတ်လမ်း (ရှမ်းပြည်နယ်မြောက်ပိုင်း)၊ (ပျဉ်းမနား-ပင်လောင်းလမ်း)လမ်းအထူးအဖွဲ့(၁၃)အပိုင်းအတွင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် ပြည်ထောင်စုလမ်း/တံတားလုပ်ငန်းများ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် **အမှတ်(၁)**

၁။	**လိုအပ်သောကျောက်မျိုးစုံ**	- ၂၀၀၅ ကျင်း
၂။	**တင်ဒါပိတ်မည့်ရက်၊အချိန်**	- ၃-၇-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ
၃။	**တင်ဒါဖွင့်မည့်ရက်၊အချိန်**	- ၄-၇-၂၀၁၃ ရက်၊ ၉း၀၀ နာရီ
၄။	**တင်ဒါတင်သွင်း၊စိစစ်ရွေးချယ်မည့်နေရာ**	- မြို့နယ်အင်ဂျင်နီယာရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မိုးမိတ်မြို့၊ ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး၊ လမ်းအထူးအဖွဲ့(၁၃) ပျဉ်းမနားမြို့၊ ဖုန်း-၀၆၄-၂၃၁၁၈

အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်းစုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ

တစ်ဦးတည်း ဖြစ်ပါကြောင်း

မတင်တင်မော် ၇/ဒဥန(နိုင်) ၁၃၉၁၇၄ ၏ ဖခင် ဦးတွတ် ၇/ဒဥန(နိုင်)၀၅၇၂၆၄ နှင့် ဦးတွတ်လေးတို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။





ကမ္ဘာ့အကြီးဆုံးဆိုလာသင်္ဘော နယူးယောက်မြို့၌ဆိုက်ကပ်

ဝါရှင်တန် ဇွန် ၁၈

Turanor အမည်ရှိ ကမ္ဘာ့အကြီးဆုံး ဆိုလာသင်္ဘောကြီးသည် ဇွန် ၁၆ ရက် မွန်းလွဲပိုင်းက နယူးယောက်မြို့သို့ ရောက်ရှိခဲ့ပြီး ယင်းနေ့ညနေ ၅ နာရီခန့်က မန်ဟက်တန်မြို့လယ်ရှိ North Cove Marina ၌ ဆိုက်ကပ်ခဲ့ကြောင်း အင်န်ဘီစီသတင်းဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ပြင်သစ်နိုင်ငံတောင်ပိုင်းတွင် မတ်လက စတင်ခဲ့သော အတ္တလန္တိတ်ဖြတ်ကျော်စူးစမ်းလေ့လာရေးခရီးစဉ်တွင် နယူးယောက်မြို့သည် အဆိုပါသင်္ဘော၏ ခြောက်ကြိမ်မြောက် ရပ်တန့်ခြင်းဖြစ်သည်။

ယင်းသင်္ဘော၏ အပေါ်ဘက်ကုန်းပတ်များကို ဆိုလာပြားချပ်များဖြင့် စတုရန်း ၅၅၅၄ ပေကျယ် ဖုံးအုပ်ထားသည်။ ဆိုလာပြားမှ ထုတ်ယူသော လျှပ်စစ်ဓာတ်အားဖြင့် လည်ပတ်သည့် Turanor သင်္ဘောသည် ပျမ်းမျှအမြန်နှုန်း တစ်နာရီလျှင် ၅ ဒသမ ၅၇ မိုင်နှင့် အမြင့်ဆုံးအမြန်နှုန်း တစ်နာရီလျှင် ၁၆ ဒသမ ၁ မိုင်နှုန်းအထိ ရောက်ရှိသည်ဟု ဆိုသည်။ ယင်း Turanor သင်္ဘောသည် သင်္ဘောသားလေးဦးအပါအဝင် လူပေါင်း ၆၀ ကျော်ကို လုံလောက်စွာ တင်ဆောင်နိုင်ကြောင်း သိရသည်။ **(အင်န်ဘီစီ)**

မောင်မွေး ရေးသားသည်

ပြည်တွင်းသတင်း

နို့တိုက်ကျွေးရေးစီမံကိန်းကို နိုင်ငံတကာစေတနာရှင်၊ ပြည်တွင်းအလှူရှင်များနှင့်ပူးပေါင်းပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်မည်

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း အခြေခံပညာ ကျောင်းများတွင် နို့တိုက်ကျွေးရေး စီမံကိန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူလေးများအား နို့တိုက်ကျွေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇွန် ၁၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) Banqued Hall ၌ ကျင်းပသည့် အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးရေးစီမံကိန်း ဖွင့်လှစ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များနှင့် ကျောင်းသားကျောင်းသူလေးများက **"အနာဂတ်အတွက်အင်အား" "မွေးတုတ်"**စသည့် တေးသီချင်းသရုပ်ဖော် ယိမ်းအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် ယခုပြုလုပ်သည့် အခမ်းအနားသည် Tetra Pak, South and South East Asia ကုမ္ပဏီကလှူဒါန်းသော အမေရိကန်ဒေါ်လာ ရှစ်သန်းတန်ဖိုးရှိ (Ultra Heat Treated) နို့ဖြင့် နေပြည်တော်ကောင်စီနယ်မြေ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ မူလတန်းကျောင်းသား ကျောင်းသူ ၄၅၀၀၀ ကို ယခု ပညာသင်နှစ်မှစပြီး သုံးနှစ်ဆက်တိုက် နို့တိုက်ကျွေးမည့် စီမံကိန်းအခမ်းအနားဖြစ်ပါကြောင်း။

အလားတူပင် ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့မှ ကျောင်းသားကျောင်းသူ ၂၀၀၀ ကိုလည်း CP Meiji Company မှ လှူဒါန်းသော နို့ဘူးနှစ်သိန်းခွဲနှင့် တိုက်ကျွေးသွားရန်စီစဉ်ထားပါကြောင်း။

အခြေခံပညာကျောင်းများနို့တိုက်ကျွေးရေးစီမံချက် ဆောင်ရွက်ရသည့် ရည်ရွယ်ချက်မှာ နိုင်ငံတကာမှ ပြုစုထားသော သုတေသနမှတ်တမ်းများအရ ကျောင်းနို့တိုက်ကျွေးရေးအစီအစဉ်ဖြင့် နို့သောက်ခဲ့ရသောကလေးများသည် ပျမ်းမျှအရပ်လေးလက်မကျော်ပိုရှည်သည့်အပြင် ပညာဉာဏ်ရည်လည်း ပိုမိုမြင့်တက်လာသည်ဟု ဖော်ပြထားပါကြောင်း။

ဂျပန်နိုင်ငံ၏ကျောင်းများ နို့တိုက်ကျွေးရေးစီမံချက်ကို ၁၉၄၄ ခုနှစ်မှစတင် အကောင်အထည်ဖော်ခဲ့ပြီး ကလေးများသည် တဖြည်းဖြည်းနှင့် ကမ္ဘာ့အဆင့်မီအရပ်အမောင်းများ ရရှိလာကြခြင်း၊ နိုင်ငံတကာအဆင့် အားကစား ထူးချွန်သူများအဖြစ် ပေါ်ထွန်းလာကြခြင်း၊ ဂျပန်လူမျိုးသည် ကျန်းမာရေး ပိုမိုကောင်းမွန်လာကြသဖြင့် ကမ္ဘာ့အသက်ရှည်ဆုံးလူမျိုးအဖြစ် ရပ်တည်လာခြင်း၊ ဉာဏ်ရည်မြင့်မားလာသည့်အတွက် စီးပွားရေးလုပ်ငန်းနယ်ပယ်၊ သိပ္ပံပညာရပ်ဆိုင်ရာနယ်ပယ်များတွင် ထူးချွန်သူများ ပေါ်ထွန်းလာခြင်းစသည့်အကျိုးဆက်များကြောင့် ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်ခုအဖြစ် ရောက်ရှိလာခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင်လည်း ထိုအခြေအနေမျိုး ရရှိလာနိုင်အောင် နိုင်ငံတကာစေတနာရှင် ပြည်တွင်းအလှူရှင်များနှင့် ပူးပေါင်းပြီး တစ်နိုင်တစ်ပိုင် နမူနာစတင်သည့်အနေဖြင့် ယနေ့လိုအခမ်းအနားမျိုး စတင်ခြင်းဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ထို့ထက်ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရဦးမည်ဖြစ်ပါကြောင်း။

နွားနို့သည် ကလေးတိုင်းအတွက် အရေးကြီးသော အာဟာရဓာတ်ဖြစ်ပါကြောင်း၊ နွားနို့တွင် အရိုးအဆစ်များ သန်မာစေသည့် ကယ်လ်စီယမ်ဓာတ်ပါဝင်ပါကြောင်း၊ ကျန်းမာရေးနှင့်ဉာဏ်ရည်ဖွံ့ဖြိုးရေး မရှိမဖြစ်လိုအပ်သော အာဟာရများဖြစ်သည့် သကြားဓာတ်၊ အဆီဓာတ်၊ အသားဓာတ်အပြင် သတ္တုဓာတ်၊ ဗီတာမင်နှင့် အင်ဇိုင်းများ ပါဝင်ပါကြောင်း လူ့ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သည့် အသားဓာတ်တစ်မျိုးဖြစ်သော အမိုင်နိုအက်စစ် ၁၈ မျိုးဖြင့် ထွားကျိုင်းသန်မာရန် အဓိကလိုအပ်သော သတ္တုဓာတ်များဖြစ်သည့် ကယ်လ်စီယမ်အပြင် မက်ဂနီစီယမ်၊ ပိုတက်စီယမ်နှင့် ကျန်းမာရေးအထောက်အကူပြု အခြားသတ္တုဓာတ်များလည်း ပါဝင်ပါကြောင်း။

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ လေ့လာဆန်းစစ်ချက်အရ အရှေ့တောင်အာရှဒေသတွင် နွားနို့သောက်သုံးမှုနည်းသည့်အတွက် ငါးနှစ်အောက်ကလေးငယ် ၄၆ ရာခိုင်နှုန်း၏ ခန္ဓာကိုယ်အလေးချိန်သည် သတ်မှတ်ချက်အောက် ထက်နိမ့်ကျနေပြီး ကျန်းမာရေးချို့ယွင်းမှုနှင့် ဉာဏ်ရည်နိမ့်ကျမှုများ ရှိနေသည်ဟု သိရပါကြောင်း။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် လူတစ်ဦးတစ်နှစ်သောက်သုံးသည့် နွားနို့ပမာဏသည် ၁၀၀ ကီလိုဂရမ် အထက်ရှိပါကြောင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်စာရင်းအရ မြန်မာနိုင်ငံတွင် လူတစ်ဦး တစ်နှစ်သောက်သုံးသည့် နို့နှင့်နို့ထွက်ပစ္စည်းပမာဏသည် ၂၈ ဒသမ ၂ ကီလိုဂရမ်သာ ရှိသည့်အတွက် နောက်ထပ်သုံးဆကျော် ပိုမိုသောက်သုံးရန် လိုအပ်နေပါကြောင်း။

မူလတန်းကျောင်းသား ကျောင်းသူများသည် နွားနို့ကို ယခုထက်ပိုမိုသောက်သုံးရန် လိုအပ်သည့်အတွက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ၂၀၀၀ ပြည့်နှစ်မှစပြီး နှစ်စဉ် စက်တင်ဘာလ၏ နောက်ဆုံးပတ် ဗုဒ္ဓဟူးနေ့ကို **"ကမ္ဘာ့ကျောင်းများနို့တိုက်ကျွေးရေးနေ့"(World School Milk Day)** ဟု သတ်မှတ်ပြီး ကမ္ဘာ့ကလေးများ နွားနို့ ပိုသောက်ကြအောင် ဆော်ဩခဲ့တာဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ကျောင်းများနို့တိုက်ကျွေးရေး အားပေးသည့် အနေဖြင့်ရော ကလေးများ နို့သောက်ခြင်းကြောင့် ရရှိလာသော အကျိုးကျေးဇူးများ ပိုမိုသိရှိနားလည်စေရန်အတွက်ပါ ရည်ရွယ်ပြီး စာစီစာကုံးပြိုင်ပွဲကျင်းပပေးခြင်း ဖြစ်ပါကြောင်း။

ပြိုင်ပွဲကို အခြေခံပညာကျောင်းများနို့တိုက်ကျွေးရေး စီမံကိန်းဦးဆောင်ကော်မတီနှင့် ပညာရေးဝန်ကြီးဌာနတို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများကိုလည်း ဆုချီးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း။

ယခုလို **"ကျန်းမာဖွံ့ဖြိုးဉာဏ်ရည်တိုးဖို့ နွားနို့နေ့စဉ်သောက်သုံးစို့"** ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပပေးခြင်းဖြင့် နွားနို့သောက်ခြင်း၏ အကျိုးရှိပုံနှင့် ပတ်သက်ပြီး ကျောင်းသား ကျောင်းသူများကို ဗဟုသုတပိုမိုကြွယ်ဝလာစေသည့်အပြင် ကျောင်းသား လူငယ်ထုအတွင်း နို့သောက်သုံးသော အလေ့အထ ပိုမိုသိရှိလာကြမည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးရေးအစီအစဉ်အတွက် နို့ဘူးများ လှူဒါန်းသော အလှူရှင် ကုမ္ပဏီများနှင့် အစစအရာရာ ကူညီဆောင်ရွက်ပေးသော ကုမ္ပဏီများ၊ အဖွဲ့အစည်းများကိုလည်းကောင်း၊ နို့တိုက်ကျွေးရေးစီမံကိန်းတွင် ကူညီဆောင်ရွက်ကြသည့် ဝန်ကြီးဌာန အသီးသီးတို့၏ ပူးပေါင်းပါဝင်မှုများကိုလည်းကောင်း၊ ကျေးဇူးအထူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် Tetra Pak, South and South East Asia Company မှ Tetra Lever Board of Director Mr. Jorn Rausing နှင့် CP Meiji Company မှ တာဝန်ရှိသူတစ်ဦးတို့က နို့တိုက်ကျွေးရေး စီမံကိန်းအတွက် လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးရေး စီမံကိန်းဆောင်ရွက်မည့် ဒေသတာဝန်ခံများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်အသီးသီးပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဒေါက်တာအေးမြနှင့် ဒေါက်တာဖေသက်ခင်တို့က တိုင်းဒေသကြီးနှင့် ပြည်နယ်များနှင့် နေပြည်တော်ကောင်စီမှ အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးရေးနှင့်ပတ်သက်သည့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူ ကျောင်းသားကျောင်းသူများအား ပထမ၊ ဒုတိယ၊ တတိယဆုများအလိုက် ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အဖွဲ့ဝင်များသည် အခမ်းအနားသို့တက်ရောက်လာကြသည့်အခြေခံပညာမူလတန်းကျောင်းသား ကျောင်းသူလေးများအား နို့တိုက်ကျွေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ဆုရရှိသူ ကျောင်းသားကျောင်းသူများစုပေါင်း၍ အမှတ်တရမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပူတာအိုရုပ်သံစက်ရုံ လွှင့်စက်ချွတ်ယွင်းမှု ပုံမှန်ပြန်လည်ထုတ်လွှင့်နေ

နေပြည်တော် ဇွန် ၁၈

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြစ်ကြီးနားပြုပြင်ထိန်းသိမ်းရေးဇုန်လက်အောက်ခံစက်ရုံတစ်ရုံဖြစ်သော ပူတာအိုစက်ရုံမှ 50 Wလွှင့်စက်သည် ဇွန် ၁၆ ရက်တွင် စက်ချွတ်ယွင်းမှုဖြစ်ခဲ့ပြီး နံနက်ပိုင်းအစီအစဉ်ထုတ်လွှင့်မှုမှစ၍ ရပ်ဆိုင်းခဲ့ရပါသည်။

မြစ်ကြီးနားဇုန်တွင်ရှိသောအရန်လွှင့်စက် 50 Wကို ချက်ချင်းပေးပို့ခဲ့ရာ ဇွန် ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲမှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို ပုံမှန်ပြန်လည်ထုတ်လွှင့်နေပြီဖြစ်ပါကြောင်း မိဘပြည်သူများအား အသိပေးအပ်ပါသည်။ **(သတင်းစဉ်)**

မိုးလေဝသ ခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

နိုင်ငံခြားငွေလက်မှတ်(Foreign Exchange Certificate- FEC) လက်ဝယ်ရှိသူများနှင့် ပိုင်ဆိုင်သူများသတ်မှတ်ကာလအတွင်း အပ်နှံ/လဲလှယ်ကြရန် ထပ်မံအသိပေးကြေညာ

၁။ နိုင်ငံတော်အတွင်း နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ တိုးတက်ပြောင်းလဲဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံခြားငွေဈေးကွက် စနစ်တကျတိုးတက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်လျက်ရှိသည့် အစီအမံများအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၁၃ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ နိုင်ငံခြားငွေလက်မှတ်များ (Foreign Exchange Certificate-FEC) များကို စနစ်တကျ ပြန်လည်ရွေးနုတ်လျက်ရှိသည်။

၂။ နိုင်ငံခြားငွေလက်မှတ်များ ပြန်လည်ရွေးနုတ်ယူသည့် အစီအစဉ်ကို ၂၁-၃-၂၀၁၃ ရက်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြေညာချက်အမှတ် (၁/၂၀၁၃)ထုတ်ပြန်ပြီး အများပြည်သူသို့ ရုပ်/သံနှင့် ပုံနှိပ်မီဒီယာများမှတစ်ဆင့် အသိပေးကြေညာခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website တွင်ဖော်ပြကြေညာခြင်း၊ ၃၁-၃-၂၀၁၃ ရက်နေ့တွင် နိုင်ငံခြားငွေလက်မှတ် ပြန်လည်ရွေးနုတ်ယူခြင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်သည့်ဘဏ်၊ ဘဏ်ခွဲများ ငွေလဲကောင်တာများ စုစုပေါင်း ၃၈၅ နေရာ၏ စာရင်းနှင့် ဆောင်ရွက်ပေးနိုင်သည့်နည်းလမ်းများကို ဖော်ပြပါမီဒီယာများနှင့် Website တွင် ဖော်ပြကြေညာခြင်း စသည့်လုပ်ငန်းစဉ်များဖြင့် နိုင်ငံခြားငွေလက်မှတ်လက်ဝယ်ထားရှိသူနှင့် ပိုင်ဆိုင်သူများ ဆုံးရှုံးနစ်နာမှု မရှိစေရေးအတွက် အသေးစိတ်စီစဉ်အကောင်အထည်ဖော်ခဲ့ပါသည်။

၃။ နိုင်ငံခြားငွေလက်မှတ် ပြန်လည်ရွေးနုတ်ယူခြင်းကို ကနဦးသတ်မှတ်ကာလဖြစ်သည့် ၁-၄-၂၀၁၃ ရက်နေ့မှ ၃၀-၆-၂၀၁၃ ရက်နေ့အထိ ကာလအတွင်း သက်ဆိုင်ရာဘဏ်၊ ဘဏ်ခွဲ၊ ငွေလဲကောင်တာများတွင် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ကနဦး သတ်မှတ်ကာလမကုန်ဆုံးမီ လာရောက်ဆောင်ရွက်ပါရန်နှင့် ကနဦးသတ်မှတ်ကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် အပ်နှံ/လဲလှယ်ခြင်း မဆောင်ရွက်နိုင်သူများသည် ကနဦးသတ်မှတ်ကာလအတွင်း မဆောင်ရွက်နိုင်ခြင်းအတွက် ခိုင်လုံသော အကြောင်းပြချက်ဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသည့် နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကပိုင်ဘဏ်များတွင် ၁-၇-၂၀၁၃ ရက်နေ့မှ ၃၁-၃-၂၀၁၄ ရက်နေ့အထိ နိုင်ငံခြားငွေလက်မှတ်များ အပ်နှံ/လဲလှယ်ရန်ဖြစ်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ယာဉ်ကြောပိတ်ဆို့မှုပြဿနာများ

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

ယနေ့ကမ္ဘာကြီး၏ မြို့ကြီးအများစုတို့တွင် Urban decay ခေါ် လူနေသိပ်သည်းမှု၊ မွန်းကျပ်မှု၊ သွားလာရေးခက်ခဲကျပ်တည်းမှုစသည့် လူနေမပျော်မှုများ တွေ့ကြုံခံစားလာနေရသည်ကို တွေ့ရသည်။ ယင်းတွင် Traffic congestion ခေါ် ယာဉ်ကြောပိတ်ဆို့မှုကို ထင်ရှားစွာတွေ့နေရကြောင်း သိရပါသည်။ ထိုသို့ဖြစ်ပွားရခြင်း၏ အခြေခံအကြောင်းအရင်းကို လေ့လာကြည့်ရာ

(၁) Unplanned urbanization ခေါ် မြို့ကြီးများချဲ့ထွင်သည့် အလုပ်များကို စနစ်တကျကြိုတင်စီမံထားမှုမရှိခြင်း၊

(၂) မြို့ကြီးများ၏ အဓိကကျသော နေရာများတွင်သာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် အရေးအကြီးဆုံးသော လုပ်ငန်းများရှိနေခြင်း၊

(၃) မြို့ကြီးများ၏ လမ်းများသည် ပြုပြင်ထိန်းသိမ်းချဲ့ထွင်နိုင်မှု အားနည်းသဖြင့် ကျဉ်းမြောင်းလာခြင်း၊

(၄) တိုးတက်လာသောခေတ်နှင့်အညီ မော်တော်ယာဉ်ပိုင်ဆိုင်အသုံးပြုမှုများလာခြင်း၊

(၅) များပြားလာသော မော်တော်ယာဉ်များ ရပ်နားရန်နေရာခက်ခဲလာသဖြင့် Off-street parkingကဲ့သို့ လမ်းဘေးနှင့် အခြားရရာနေရာတို့တွင် ရပ်နားကြသဖြင့် လမ်းများပိတ်ဆို့လာခြင်း၊

(၆) Public transport ခေါ် အများသုံးသယ်ယူပို့ဆောင်ရေး ယာဉ်များစနစ်မကျ၊ ဟောင်းနွမ်းယိုယွင်းလာခြင်း စသည့်အချက်များကို တွေ့ရကြောင်း သိရပါသည်။ အခြားအချက်များလည်း ရှိနိုင်ပါသေးသည်။

ယာဉ်ကြောပိတ်ဆို့မှုများကြောင့် အများပြည်သူတို့အပေါ် သက်ရောက်မှုများရှိသည်ကို အောက်ပါကဲ့သို့ တွေ့ရပါသည်။

(၁) Delayအချိန်ကြန့်ကြာခြင်း(အချိန်ဆုံးရှုံးခြင်း)-ဩစတြေးလျနိုင်ငံတွင် လွန်ခဲ့သော နှစ်၁၀၀ကျော်က Paramattaမှ ဆစ်ဒနီမြို့ကြီး၏ အလယ်ဗဟိုသို့ မြင်းလှည်းဖြင့်သွားရာ တစ်နာရီမျှကြာပါသည်။ ယခုအခါ ကားဖြင့် ခရီးနှင်ရာ ထိုအချိန်ထက်ပင်ပို၍ ကြာနေသည်ဟု သိရပါသည်။ Rush hoursဟု ခေါ်သော ရုံးတက်ရုံးဆင်းချိန်များ ယာဉ်ကြောပိတ်ဆို့မှုအများဆုံးဖြစ်ပါသည်။ ယာဉ်ကြောပိတ်ဆို့မှုကြောင့် ယာဉ်များပေါ်တွင်သာ အချိန်များစွာ အဆုံးရှုံးခံကြရပါသည်။ ပျမ်းမျှတစ်နှစ်လျှင် ၆၆ နာရီမျှ အချိန်ဆုံးရှုံးရကြောင်း သိရပါသည်။ ထို့ကြောင့် အလုပ်တက်ချိန် နောက်ကျရပြီး အိမ်ပြန်ချိန်လည်း နောက်ကျရပြန်သဖြင့် ကိုယ်ပိုင်အချိန်များ ဆုံးရှုံးရပြန်ပါသည်။ ယင်းသည် လုပ်သားများအတွက် စိတ်အနှောင့်အယှက်ပါဖြစ်ရပြီး အလုပ်ကိုလည်း ထိခိုက်လာစေပါသည်။ ရန်ကုန်မြို့ကြီးတွင် အဆင့်မြင့် ပညာသင်ကြားရေးဌာနများ၊ လုပ်ငန်းခွင်များမှာ မြို့လယ်ကောင် သို့မဟုတ် မြို့စွန်များတွင်သာ ရှိနေတတ်ရာ၊ ယင်းအတွက် ဝန်ထမ်း၊ ကျောင်းသားတို့သည် အချိန်များစွာ အကုန်ခံကြရသည်။ အနည်းဆုံး အသွားအပြန်ကို နေ့စဉ် သုံးနာရီမှ လေးနာရီခန့် ကားပေါ်တွင်သာ အချိန်ကုန်နေရသည်။ အဆင့်မြင့် ကျောင်းအများစုသည် မြို့စွန်များ၊ မြို့သစ်များတွင်သာရှိကြရာ ကျောင်းသားများအဖို့ သွားလာရချိန်များနေရသည့်အထဲ ယာဉ်ကြောပိတ်ဆို့မှုကပါ ထပ်ဆောင်းလိုက်ပါက အချိန်ကုန်ဆုံးရှုံးမှုက ပိုမိုလာပါသည်။ လုပ်ငန်းခွင် ဝင်နေရသူများအားလုံးအဖို့လည်း အချိန်ကြန့်ကြာမှုက အတော်ပင် အနှောင့်အယှက်ဖြစ်စေပြီး လမ်းခရီးကို မုန်းတီးစိတ်များ ဝင်လာစေနိုင်ပါသည်။ ထို့အပြင် Just in case time ခေါ် မိမိသွားနေသည့်ခရီးကို အတိကျဆုံးမခန့်မှန်းနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် Time is money, Time is life ခေါ် အချိန်၏ အသားတင်တန်ဖိုးများတွက်ချက်ရာတွင် အလွန်အခက်အခဲ တွေ့ရပါသည်။ အရေးကြီးသောလုပ်ငန်းအတွက် ချိန်းဆိုထားမှုမျိုး၊ အရေးပေါ်လူနာအတွက် ဆောင်ရွက်ရမှု၊ အရေးပေါ်မီးသတ်ရမှုမျိုးတွင် အချိန်မိနစ်တိုင်း တန်ဖိုးရှိလှသည်။

ယာဉ်ကြောပိတ်ဆို့မှုသည် မလိုအပ်ဘဲ မော်တော်ယာဉ်လောင်စာဆီစားကာ ဆုံးရှုံးစေသကဲ့သို့ မော်တော်ယာဉ်များမှထွက်သော အငွေ့များကြောင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကိုလည်း သိသာစွာဖြစ်ပေါ်စေပါသည်။ ယင်းနှင့်ဆက်စပ်သည့် ကျန်းမာရေးပြဿနာများဖြစ်သည့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ပန်းနာရင်ကျပ်မှုများ၊ လမစေ့ဘဲကလေးမွေးနိုင်မှုများ၊ နှလုံးနှင့်သွေးကြောဆိုင်ရာရောဂါများစသည်တို့ကို ပိုမိုဖြစ်ပွားလာစေနိုင်ကြောင်း သိရပါသည်။

Road rage ခေါ် လမ်းအသုံးပြုသူချင်း စိတ်အနှောင့်အယှက်ဖြစ်ကာ၊ ရန်လိုရန်ပြုမှုများ၊ ကိုယ်ထိလက်ရောက်မှုများဖြစ်တတ်သည့် သာဓကများလည်းရှိကြောင်း သိရပါသည်။

မြို့ကြီးများတွင် သယ်ယူပို့ဆောင်မှုသည် အလွန်အရေးကြီးသော အလုပ်တစ်ခုဖြစ်ပါသည်။ ခရီးသည်၊ ဝန်စည်စလယ်များ၊ အခြားဝန်ဆောင်မှုအားလုံးကို အချိန်နှင့်တစ်ပြေးညီစီးဆင်းပို့ဆောင်ပေးနိုင်မှုသည် မြို့ကြီးတို့အတွက် အသက်သွေးကြောပင်ဖြစ်ပါသည်။

Washington University in St.Louis ရှိပညာရှင်များ၏ လေ့လာမှုတစ်ခုအရယာဉ်ကြောပိတ်ဆို့အချိန်ကြာမှုကြောင့် ကိုယ်အလေးချိန်တိုးလာမှု၊ သွေးပေါင်ချိန်တိုးလာမှု၊ နှလုံးကြွခိုင်မှု လျော့ပါးလာမှုများဖြစ်လာတတ်သည်။ ယင်းသည် မြို့တော်သူမြို့တော်သားတို့အတွက် ကျန်းမာရေးဝန်ထုပ်ဝန်ပိုးဖြစ်လာစေသည်ဟု ဆိုပါသည်။ ကနေဒါနိုင်ငံမှ လေ့လာမှုအရ ကလေးများ childhood obesity ခေါ်အဝလွန်လာမှုသည် ၆ ရာခိုင်နှုန်းမျှ တိုးလာကြောင်း ပင်ပန်းနွမ်းနယ်မှု၊ အစာမကြေမှု၊ ကိုယ်လက်နာကျင်မှုစသည့် မအီမသာဖြစ်မှုများသာမက စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ၊ လုပ်ငန်းခွင်တွင် မပျော်ပိုက်မှုများရှိနေသည်ကိုလည်း Ontario Chapter of the College of Family Physicians of Canada အဖွဲ့က တင်ပြထားသည်ကို တွေ့ရပါသည်။ Work absences အလုပ်ပျက်ကွက်မှုများအတွက် အထူးဖြေရှင်းရတတ်သည်ဟု ဆိုပါသည်။ Toronto Board of Trade အဖွဲ့က ခန့်မှန်းချက်အရ ကနေဒါနိုင်ငံ၏ စီးပွားရေးကို နှစ်စဉ် ခြောက်ဘီလီယံဒေါ်လာမျှ ဆုံးရှုံးနေရပြီး ၂၀၁၃ ခုနှစ်တွင် ၁၅ ဘီလီယံမျှ ဆုံးရှုံးရဖွယ်ရှိကြောင်း သိရသည်။ အချို့လုပ်ငန်းများကို ယာဉ်ကြောပိတ်ဆို့မှုနည်းပါးသည့် ညဥ့်အချိန်များတွင် လျင်မြန်အောင် ဆောင်ရွက်ကြရာ ကုန်ကျစရိတ် ပိုမိုများပြားကြောင်း တွေ့ရသည်။

ဖြေရှင်းနိုင်သည့်နည်းလမ်းများ-

(၁) Overpass (ခုံးကျော်တံတား ring roads, by-passes) စသည့် ဖြတ်လမ်းတိုများ လုပ်ပေးခြင်း၊

(၂) Park and ride ခေါ် ကျယ်ဝန်းသော အနီးဆုံးယာဉ်ရပ်နားရန်နေရာတို့တွင်သာ ရပ်နားပြီး ယာဉ်သိပ်သည်းရာမြို့လယ်ကောင်နေရာများသို့ အများသုံးယာဉ်ဖြင့် ခရီးဆက်စေခြင်း။

(၃) One Way Street ခေါ် တစ်လမ်းသွားလမ်းများ ပိုမိုသတ်မှတ်ပေးခြင်းဖြင့် Traffic Flow ယာဉ်ကြောသွက်လက်စေခြင်း၊

(၄) Multi-Storey Car Parks ခေါ် အထပ်မြင့် ယာဉ်ရပ်နားရန်နေရာများ ဆောက်လုပ်ပေးခြင်း၊

(၅) အီတလီနိုင်ငံ မီလန်မြို့တွင် တနင်္ဂနွေနေ့တိုင်း မြို့လယ်သို့ ယာဉ်မဝင်ရသတ်မှတ်ထားသကဲ့သို့ နေ့ရက်အချိန်သတ်မှတ်ပြီး ယာဉ်အဝင်နည်းစေခြင်း၊ အင်္ဂလန်နိုင်ငံ ဂလပ်စ်ဂိုမြို့တွင်းရှိ Ranfield လမ်းအတွင်းသို့ ယာဉ်မဝင်ရဟု သတ်မှတ်ထားခြင်းကဲ့သို့ ကန့်သတ်ထားနိုင်ခြင်း၊ Charged Parking ခေါ် ယာဉ်နားခ ကောက်ခံခြင်း၊

(၆) အချက်အချာကျသော လုပ်ငန်းနေရာများကို ဇုန်အဖြစ် စုပေါင်းထားရှိခြင်း၊

(၇) အထောက်အကူပြုသယ်ယူပို့ဆောင်ရေးစနစ်များ၊ Subway မြေအောက်ရထားများ၊ Sky Train မိုးပျံရထားများ၊ မြို့ပတ်ရထားများ၊ ကူးတို့ရေယာဉ်များ စသည်တို့ကို သင့်တော်သလို တည်ဆောက်အသုံးပြုခြင်း(တိုးတက်ခေတ်မီ၍ အချိန်တိကျလျင်မြန်သော ပို့ဆောင်ရေးယာဉ်များ ဖြစ်ရပါမည်) စသည့်နည်းလမ်းများအပါအဝင် မိမိတို့နှင့်ကိုက်ညီသောနည်းလမ်းများကို ကြံဆအသုံးပြုနိုင်ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် မှတ်တမ်းတင်ရသည့် အကြာဆုံးယာဉ်ကြောပိတ်ဆို့မှုမှာ တရုတ်နိုင်ငံတွင် ၂၀၁၀ ခုနှစ်က ဖြစ်ပွားခဲ့ပါသည်။ ခရီးမိုင်အရှည် ၆၂ မိုင်(ကီလိုမီတာ ၁၀၀)ကို ၁၂ ရက်ကြာမျှ ပိတ်ဆို့ခဲ့ပါသည်။ ပေကျင်းမြို့တော်မှ တိဗက်သို့သွားရာ လမ်းမကြီး ပိတ်ဆို့သွားခြင်းဖြစ်ပါသည်။ ကားများသည် တစ်နေ့လျှင် နှစ်မိုင်နှုန်းမျှသာ ရွေ့လျားနိုင်ကြကြောင်း သိရသည်။ ယာဉ်မောင်းနှင့် ခရီးသည်များအတွက် သောက်ရေနှင့် စားစရာများ ဈေးတက်ခဲ့သည်။ ယာဉ်မောင်းများအချင်းချင်း ဖဲကစားဝိုင်းများပင်ဖြစ်ခဲ့သည်ဟု သိရသည်။ ၂၀၁၅ ခုနှစ်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့တော်တွင် မော်တော်ယာဉ်ပေါင်း ခုနစ်သန်းမျှ နေ့စဉ်လမ်းများပေါ်တွင် ပြေးလွှားလျက်ရှိမည်ဖြစ်သည်။ နှစ်စဉ်မော်တော်ယာဉ်ဝယ်ယူမှု ၁၄ သန်းမျှရှိနေပြီး လစဉ်မော်တော်ယာဉ်ပေါင်း ၆၅၀၀၀၀လမ်းများပေါ်တွင် ဆုံတွေ့နေကြရဖွယ်လည်း ရှိနေပါသည်။ ယခုအခါ တရုတ်ယာဉ်မောင်းတစ်ဦးသည် နေ့စဉ် သုံးနာရီမျှ အချိန်ဆုံးရှုံးနေရသည်ကို တွေ့ရပါသည်။ Guinness World Records ဂင်းနက်စ်ကမ္ဘာ့မှတ်တမ်းအရမူ ၁၉၈၀ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်က ပြင်သစ်နိုင်ငံ Lyon မှ Paris သို့ သွားရာလမ်းမကြီးသည် အရှည် ၁၀၉ မိုင်(၁၇၅ ကီလိုမီတာ)ကို ၁၂ ရက်ကြာ ပိတ်ဆို့ခဲ့မှုသည် ကမ္ဘာ့အကြာရှည်ဆုံးယာဉ်ကြောပိတ်ဆို့မှုအဖြစ် မှတ်တမ်းတင်ထားပါသည်။

ရန်ကုန်မြို့ကြီးတွင် ယာဉ်ပေါင်း သုံးသိန်းမျှ စခန်းချနေပြီဟု ခန့်မှန်းနိုင်ရာ ယာဉ်ကြောပိတ်ဆို့မှုကို မလွဲမသွေကြုံရမည်သာဖြစ်သည်။ ကျဉ်းမြောင်းလာသောလမ်းများ၊ များပြားလာသောလူဦးရေတို့နှင့်အတူ ကြုံတွေ့နေရသည့် ယာဉ်ကြောပိတ်ဆို့မှုများကို တာဝန်ရှိသူများနှင့်အတူ နိုင်ငံသားအားလုံးတို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်လှပါသည်။

နတ္တလင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇွန် ၁၈

နတ္တလင်းမြို့ မြို့မအခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆင့် တိုးမြှင့်ပွဲအခမ်းအနားကို ဇွန် ၁၅ ရက် နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးမြင့်လွင်ဦးနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမှာစကားပြောကြားသည်။

ထို့နောက် ရေကြည်ကျေးရွာ ရေကြည်ရေထိန်းတံခါး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေထိန်းတံခါး ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းရေထိန်းတံခါးသည် ရေကြည်၊ ဖလံကုန်း၊ ဇီးပင်ကွေ့၊ တောင်ယာတော၊ ပျဉ်းမကုန်း၊ ကြံတောစသည့်ကျေးရွာများရှိ လယ် ၅၆၅၅ ဧကကို ရေပေးဝေနိုင်မည်ဖြစ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နတ္တလင်းမြို့နယ် ကိုယ့်အားကိုယ်ကိုး ဗိုလ်ဂေါင်းကြီး၊ ဗိုလ်ဂေါင်းလေးတံတားဖွင့်ပွဲသို့ တက်ရောက်၍ တာဝန်ရှိသူများနှင့်အတူ တံတားကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဇီးပင်ကွေ့အုပ်စုနှင့် ကျောင်းကုန်းကျေးရွာတို့ကို ဆက်သွယ်ထားသော သီရိမင်္ဂလာ တာကြိုးတံတားဖွင့်ပွဲသို့တက်ရောက်ပြီး တာပွန်ကျေးရွာ တိုက်နယ်ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

တာချီလိတ်မြို့နယ်အတွင်း ပထမဦးဆုံး ထွက်ပေါ်လာခဲ့သည့် ငါးဘာသာဂုဏ်ထူးရှင်ကို ဂုဏ်ပြု

တာချီလိတ် ဇွန် ၁၈

၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော တာချီလိတ်မြို့နယ် မိုင်းကိုး အခြေခံပညာအထက်တန်းကျောင်းမှ မနန်းအောင်မော်မော်အား ဂုဏ်ပြုပွဲကို ဇွန် ၁၇ရက်က ကျောင်းမြက်ခင်းပြင်၌ ကျင်းပရာ တာချီလိတ်မြို့နယ်ပညာရေးမှူး ဦးစိန်ထွန်းလှက ဂုဏ်ပြုစကားပြောကြားပြီး တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးနှင့် ဇနီးဒေါ်နွေးနွေးလင်း မိသားစုက ဂုဏ်ပြုငွေကျပ်သုံးသိန်း၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် ဇနီး ဒေါ်ရွှေမိုးသူဇာတို့က ဂုဏ်ပြုငွေကျပ်တစ်သိန်းအပါအဝင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် အမျိုးသမီးရေးရာအဖွဲ့တို့မှ စုစုပေါင်း ဂုဏ်ပြုငွေကျပ် ၁၇ သိန်းရှစ်သောင်းကို ပေးအပ်ဂုဏ်ပြုရာ ငါးဘာသာဂုဏ်ထူးရှင် မနန်းအောင်မော်မော်က လက်ခံရယူပြီး **(အောက်ပုံ)**ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ငါးဘာသာဂုဏ်ထူးရှင် မနန်းအောင်မော်မော်သည် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ဆီလီငေါ့ကျေးရွာနေ တောင်သူ ဦးဖွေလျှံထောင်း(ချင်းတိုင်းရင်းသား) နှင့် ဒေါ်နန်းနွန်း(ရှမ်းတိုင်းရင်းသူ) တို့မှ မွေးဖွားခဲ့ပြီး ပညာထူးချွန်ခဲ့ကာ ခရိုင်အဆင့်၊ ပြည်နယ်အဆင့်ထူးချွန်ဆုများရရှိသကဲ့သို့ ဘက်စုံထူးချွန်လူရည်ချွန်တစ်ဦးဖြစ်ပြီး ဖခင်ကျန်းမာရေးချို့တဲ့ကာ တောင်သူအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေရ၍ ပြင်ပကျူရှင်မယူနိုင်သော်လည်း ဆရာဆရာမများ၏ သင်ကြားပေးမှုကို အပတ်တကုပ် ကြိုးစားသင်ယူခဲ့သည့်အတွက် မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ ဘာသာရပ်များတွင် ဂုဏ်ထူးရရှိခဲ့ပြီး တာချီလိတ်မြို့နယ်အတွင်း ပထမဦးဆုံး ပေါ်ထွန်းလာသည့် ငါးဘာသာဂုဏ်ထူးရှင်တစ်ဦးဖြစ်သည်။

ဂုဏ်ပြု

မကြာမီကာလအတွင်း နိုင်ငံတော်သမ္မတကြီး၏ အစီအမံဖြင့် ရွေးချယ်ထားသည့် စင်ကာပူနိုင်ငံသို့ ပညာတော်သင် ထူးချွန်ကျောင်းသားကျောင်းသူ ၃၀ တွင်လည်း ရွေးချယ်ခံထားရသူဖြစ်ကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။

မောင်ယဉ်ကျေး

ထိုင်းနိုင်ငံ မဲဆောက်မြို့မှ ဧည့်သည်များ မြန်မာနိုင်ငံသို့ လေ့လာခရီး လာရောက်လည်ပတ်

ကော့ကရိတ် ဇွန် ၁၈

မြန်မာနိုင်ငံ Marvellous Memory Travels And Tours Co,.Ltd. နှင့် ကမ္ဘောဒီးယားနိုင်ငံ အခြေစိုက် Caraval Angkor Tours တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ထိုင်းနိုင်ငံသား Mr.Ny Yong လိုက်ပါလျက် ဗီယက်နမ်နိုင်ငံသား ၂၄ဦး၊ ကမ္ဘောဒီးယားနိုင်ငံသားတစ်ဦး၊ ဩစတြေးလျနိုင်ငံသားနှစ်ဦးတို့ ပါဝင်သောခရီးသွားအဖွဲ့သည် မော်တော်ယာဉ် ၁၀စီးဖြင့် ဇွန် ၁၆ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံ မဲဆောက်မြို့မှ မြန်မာနိုင်ငံ မြဝတီ၊ ကော့ကရိတ်၊ ကျုံဒိုး၊ ဘားအံမြို့များကို ဖြတ်သန်း၍ မွန်ပြည်နယ် ကျိုက်ထီးရိုးဘုရားသို့ ဘုရားဖူးဆက်လက်ထွက်ခွာသွားသည်။ ဧည့်လမ်းညွှန် ဦးအောင်ကျော်ဦးက ဦးဆောင်၍ ဇွန် ၁၆ရက်မှ ၂၁ ရက်အထိ ပုဂံ၊ ရန်ကုန်မြို့၊ မော်လမြိုင်မြို့များသို့ ဘုရားဖူးလေ့လာရေး လှည့်လည်ကြမည်ဖြစ်ပြီး ဇွန် ၂၁ ရက်တွင် မြန်မာနိုင်ငံ မြဝတီမြို့ ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

တင်ဝင်းလှိုင်(ကော့ကရိတ်)

မြန်မာ့ဆင်ဖြူတော် ထိုင်းပြည်သူများ လာရောက်ကြည့်ရှုနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးမည်

နေပြည်တော် ဇွန် ၁၈

မြန်မာ့ဆင်ဖြူတော် ထိုင်းနိုင်ငံသို့ ငှားရမ်းမည့်အစီအစဉ်မရှိကြောင်း၊ ချင်းမိုင်ရှိ ထိုင်းပြည်သူများ မြန်မာနိုင်ငံသို့ လာရောက်ကြည့်ရှုနိုင်ရန် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

ဆွေးနွေး

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် Forum for East Asia latin America Cooperation Meeting သို့တက်ရောက်ရန် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့သို့ရောက်ရှိစဉ် ဇွန် ၁၃ ရက်က ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Surapong Towichchaikul နှင့် သီးခြားတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

ကမ်းလှမ်းခဲ့

အဆိုပါဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံအနေဖြင့် မြန်မာ-ထိုင်းသံတမန်ဆက်သွယ်မှု ၆၅ နှစ်ပြည့်အထိမ်းအမှတ်အဖြစ် အခမ်းအနားများ ကျင်းပရာတွင် မြန်မာနိုင်ငံမှ ဆင်ဖြူတော်ကို ထိုင်းနိုင်ငံသို့ ခြောက်လကြာ ငှားရမ်းပေးပြီး ချင်းမိုင်မြို့ရှိ တိရစ္ဆာန်ရုံတွင် အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်လိုကြောင်း၊ ချင်းမိုင်တိရစ္ဆာန်ရုံကို ရွေးချယ်ရခြင်း အကြောင်းရင်းမှာ ချင်းမိုင်သည် မြန်မာနိုင်ငံနှင့် ဆက်သွယ်ဆက်ဆံမှု သက်တမ်း နှစ်ပေါင်း ၂၀၀ ကျော်ရှိခဲ့သောကြောင့်ဖြစ်ကြောင်း ကမ်းလှမ်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မြန်မာနိုင်ငံမှ ဆင်ဖြူတော်ကို ထိုင်းနိုင်ငံ ချင်းမိုင်အထိ သယ်ဆောင်ရေးမှာ အခက်အခဲများရှိကြောင်း၊ ထိုင်းပြည်သူများ မြန်မာ့ဆင်ဖြူတော်ကို အလွယ်တကူ လာရောက်ကြည့်ရှုလေ့လာနိုင်ကြစေရန်အတွက် အထူးလေကြောင်း၊ ခရီးစဉ်များ ညှိနှိုင်းဆောင်ရွက်ပါက အဆင်ပြေမည်ဖြစ်ကြောင်း၊ ဆင်ဖြူတော် လေ့လာရေးခရီးစဉ်သည် နှစ်နိုင်ငံပြည်သူများအကြား ရင်းနှီးချစ်ကြည်မှုများ ပိုမိုမြင့်မားစေနိုင်ပြီး မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကိုလည်း အထောက်အကူပြုစေနိုင်ကြောင်း၊ ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

အခြေခံပညာကျောင်းသားများ ကျောင်းတက်နှုန်းမြင့်မားရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရမည့် စီမံကိန်းဖြစ်

အမေးအရေး-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-မင်းထက်

မြန်မာနိုင်ငံသည် စာမတတ်သူများ ပပျောက်စေရန်နှင့် ကလေးငယ်များ မူလတန်းအဆင့်ပြီးဆုံးအောင် သင်ယူနိုင်ရန်အတွက် ရည်ရွယ်၍ ၁၉၄၈ ခုနှစ်တွင် နိုင်ငံတကာလူမှု အဖွဲ့အစည်းဖြစ်သော UDHR (Universal Declaration Of Human Right) နှင့် ပထမဆုံးအကြိမ် လက်မှတ်ရေးထိုးခဲ့သည်။ ပညာရေးဝန်ကြီးဌာနကလည်း ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ကို အကောင်အထည်ဖော်သည့်အနေဖြင့်မူလတန်း အဆင့် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာအုပ်များ အခမဲ့ထောက်ပံ့ခဲ့သည်။ လက်ရှိနိုင်ငံတော်သမ္မတ၏ ဒုတိယလမ်းညွှန်ချက်ဖြစ်သော အခြေခံပညာကျောင်းသားများ ကျောင်းတက်နှုန်းမြင့်မားရေးသည်လည်း အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရမည့် စီမံကိန်းတစ်ခုပင်ဖြစ်သည်။

မူလတန်းအဆင့်ကလေးငယ်များ ကျောင်းဝင်းရောက်ရေးအတွက် ပညာရေးဌာနက အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသော်လည်း အခြေအနေအကြောင်းကြောင်းကြောင့် ကျောင်းတက်ခွင့်မရသူ၊ ကျောင်းတက်သော်လည်း မိဘ၏ စီးပွားရေးတစ်စိတ်တစ်ဒေသကို ဝင်ရောက်ကူညီပေးရမှုများကြောင့် မူလတန်းအဆင့် ကျောင်းပြီးဆုံးအောင် သင်ကြားခွင့်မရသူ ၁၅ ရာခိုင်နှုန်းအထိရှိပြီး မူလတန်းအဆင့် သင်ယူပြီးမြောက်သူ ၈၅ ရာခိုင်နှုန်းသာ တွေ့ရှိရကြောင်း ပညာရေးသုတေသီများ၏ လေ့လာဆန်းစစ်ချက်အရ တွေ့ရှိရသည်။ မူလတန်းအဆင့်သင်ယူပြီးမြောက်ခြင်းမရှိသူများအား လူမှုကူညီရေးအဖွဲ့အစည်းများမှ စာသင်ကြားလျက်ရှိနေသည်။ ထိုကဲ့သို့ စာသင်ကြားပေးလျက်ရှိနေသည့်အနက်မှ ယူနီဆက်အဖွဲ့၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံမှအလှူရှင်များ ပူးပေါင်းပါဝင်သည့် ကျောင်းပြင်ပမူလတန်းပညာရေး Non-Formal Primary Education (NFPE) မှ စီမံချက်ဒါရိုက်တာ ဦးတင်ညိုအား ကျောင်းပြင်ပပညာရေးသင်ကြားမှုအကြောင်းကို မြန်မာ့အလင်းသတင်းစာမှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ပညာရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဦးတင်ညို

မေး။ ။ ဆရာခင်ဗျာ၊ လက်ရှိဆရာတို့တာဝန်ယူလုပ်ဆောင်နေတဲ့ ကျောင်းပြင်ပပညာရေးစနစ် အကြောင်း သိချင်ပါတယ်ခင်ဗျာ။ ဘယ်အသက်အရွယ် အပိုင်းအခြားနဲ့ ဘယ်လိုလူမျိုးတွေကို ပညာသင်ကြားပေးပြီး မည်သည့် ပြဋ္ဌာန်းချက်စာအုပ်တွေနဲ့ သင်ကြားပေးတယ်ဆိုတာ ပြောပြပါ။

ဖြေ ။ ။ အစက ပြောရရင်တော့ NFPE မူလတန်းအဆင့်ကို ကျောင်းလုံးဝမနေဖူးသူနဲ့ မူလတန်းအဆင့် ပြီးဆုံးအောင် ပညာသင်ကြားခွင့်မရသူတွေအားလုံး မူလတန်းအဆင့်ကို အချိန်အတိုင်းအတာတစ်ခုအတွင်း ပြီးဆုံးအောင် ပညာသင်ကြားပေးနိုင်ဖို့နဲ့ အလယ်တန်း၊ အထက်တန်းအထိ ပညာဆက်လက်သင်ယူနိုင်ဖို့ ရည်ရွယ်ပြီး လုပ်ဆောင်တာပါ။ မူလတန်းပညာရေးကို ပြီးဆုံးအောင်သင်ကြားခွင့်မရသူတွေနဲ့ မသင်ကြားခဲ့သူတွေဟာ မိဘမထားလို့၊ ပညာသင်ကြားရမယ်ဆိုတဲ့ အသိမရှိလို့ နောက်အရေးကြီးဆုံးအချက်ကတော့ သူတို့တစ်တွေဟာ မိသားစုစီးပွားရေးကိုတစ်စိတ်တစ်ဒေသ တာဝန်ယူနေရလို့ပါပဲ။ လေလွင့်ကလေးငယ်တွေလည်းပါပါတယ်။ သူတို့တစ်တွေကို ပြန်လည်စာသင်ကြားပေးဖို့ဆိုရင် သူတို့လာနိုင်တဲ့အချိန်မှာ အဆင်သင့်သင်ကြားပေးနိုင်ဖို့ပါပဲ။ ကျောင်းပြင်ပပညာရေးစနစ် NFPE မှာ သင်ယူသူသာ အဓိကဖြစ်သည်ဆိုတဲ့အချက်ရယ်၊ သူတို့နားလည်နိုင်တဲ့သင်ရိုးနဲ့ သင်ရိုးကုန် သင်ပေးရမယ်ဆိုတဲ့အချက်တွေကို အခြေခံထားတယ်။ ကျောင်းပြင်ပပညာရေးစနစ်မှာ အသက်အရွယ်ကိုတော့ ၁၀ နှစ်ကနေ ၁၄ နှစ်အရွယ် ကလေးတွေကို သင်ကြားပေးပါတယ်။

မေး။ ။ သူတို့နားလည်နိုင်တဲ့သင်ရိုးနဲ့ သင်ကြားပေးတယ်ဆိုတော့ ဘယ်လိုပြဋ္ဌာန်းချက်စာအုပ်ကို အသုံးပြုသလဲဆိုတာ ပြောပေးပါဆရာ။

ဖြေ ။ ။ ဘယ်လိုသင်ရိုးနဲ့သင်လဲဆိုတော့ ၁၉၈၉ UNDP (United Nations Development Progra-mme) Project မှာ နိုင်ငံတကာက ပညာရှင်တွေ ရေးဆွဲထားတဲ့သင်ရိုး။ အဲဒီသင်ရိုးကို အခြေအနေအချိန်အခါအရ ပြုပြင်ပြောင်းလဲပြီး ပိုကောင်းအောင်လုပ်ထားတာပေါ့။ အဲဒီအချိန်တုန်းက ရေးဆွဲထားတဲ့ ပညာရှင်တွေနဲ့ ဆရာတို့ ပူးပေါင်းပြီး စီစဉ်ထားတဲ့ စာအုပ်ပါ။ ကျောင်းသုံးစာအုပ်မျိုးမဟုတ်ဘဲ သူတို့လေးတွေအတွက် လိုအပ်တဲ့အတွက် အချက်၊ အရေးအဖတ်၊ သဘာဝဘေးအန္တရာယ်နဲ့ ကျန်းမာရေးအသိပညာပေးတာမျိုးတွေ ထည့်ထားပါတယ်။ ဆေးစာဖတ်တာမျိုး၊ အိမ်ထောင်စုဇယားဖြည့်တာမျိုးကအစပေါ့။ သင်ကြားမှုအပိုင်းမှာတော့ မူလတန်းအောင် အဆင့် Level 1 နဲ့ မူလတန်းအဆင့် Level 2 ဆိုပြီး နှစ်ပိုင်းခွဲထားတယ်။ Level တစ်ခုကို နာရီ ၅၀၀ နှုန်းသတ်မှတ်ထားပြီး သူတို့လာနိုင်တဲ့အချိန်တွေမှာ အမြဲတမ်းသင်ကြားနိုင်ဖို့ volunteer တွေ ရှိပါတယ်။

မေး။ ။ ဆရာတို့ စတင်လုပ်ဆောင်ခဲ့တဲ့ အချိန်နဲ့ ယခုအချိန်အထိ ဘယ်လောက်အတိုင်းအတာအထိ လုပ်ဆောင်နိုင်ပြီလဲ။ ဆရာတို့နဲ့ လက်တွဲဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေကရော ဘာတွေလုပ်ဆောင်ပေးနေလဲဆရာ။

ဖြေ ။ ။ စလုပ်တာကတော့ ၁၉၉၉ မှာ UNDP Project အနေနဲ့ စလုပ်တယ်။ နှစ်နှစ်နဲ့ ရပ်လိုက်တယ်။ ၂၀၀၈ မှာ UNICEF နဲ့ Project ပြန်ရတယ်။ ငါးမြို့နယ်နဲ့ စတာပေါ့။ Project သဘာဝကတော့ စည်းကမ်းချက်များတယ်။ UNICEF ကလည်း နှစ်စဉ် မြို့နယ်တိုးပေးနေတယ်။ သူတို့တိုးပေးတာက ငါးမြို့နယ်၊ ခုနစ်မြို့နယ်စသည်ပေါ့။ ဆရာတို့ဆီမှာက မြို့နယ်တိုင်းလိုလိုမှာ ဒီလိုကလေးတွေရှိတယ်။ ဒါက UNICEF Project ပဲ တစ်ချိန်မှာ ရပ်သွားမှာပဲလို့မရဘူး။ ကိုယ့်လူမျိုး၊ ကိုယ့်တာဝန် ကိုယ့်ကလေးတွေကို စောင့်ရှောက်မယ်ဆိုတဲ့ အသိထည့်ထားရမယ်။ ဒီတော့ အလှူရှင်ရှာရတယ်။ ၂၀၁၁ မတိုင်ခင်မှာ ဒေါ်ခင်လှလှပညာရေး ဖောင်ဒေးရှင်းထောင်ပေးတယ်။ ၂၀၁၂-၂၀၁၃ မှာဆိုရင် မြို့နယ်ပေါင်း ၇၃ မြို့နယ်အထိရှိလာတယ်။ ဒီနှစ်မှာတော့ ထူးထူးခြားခြား ပညာရေးဝန်ကြီးဌာနကလည်း ၁၄ မြို့နယ်ကို တာဝန်ယူထားပါပြီ။ ဒါဟာ နိုင်ငံတော်ရဲ့ လုပ်ငန်းတစ်ခုဖြစ်တဲ့အတွက် ပညာရေးဝန်ကြီးဌာနကလည်း အတန်းပညာတင်မကဘဲ ဒါကိုပါ အားထည့်လာပါပြီ။ UNICEF ရယ်၊ ပညာရေးဝန်ကြီးဌာနရယ်၊ အလှူရှင်ရယ် ပါဝင်လာပြီး မြို့နယ်ပေါင်း ၇၈ မြို့နယ်ရှိလာပါပြီ။ UNICEF ကလည်း ရခိုင်၊ ပဲခူးနဲ့ ပြည်ဘက်မှာဆို သူတို့ Project ငါးနှစ်ပြည့်သွားပြီ။ Project သဘောက ပြည့်သွားရင်ရပ်ပြီ။ ဒါပေမယ့် အဲ့ဒီနေရာတွေမှာ ကျောင်းသားများလို့ဆိုပြီး ယူနီဆက်က ဆက်လုပ်နေတယ်။

မေး။ ။ အခုလိုမြို့နယ်တွေ တိုးချဲ့ပြီး သင်ပေးနေတယ် ဆိုတော့ လက်ရှိသင်ကြားမှုအပိုင်းမှာ ပြီးဆုံးသွားတဲ့ ကျောင်းသား အရေအတွက်နဲ့ ကျောင်းသားတွေ ဝင်ရောက်လာမှုအပိုင်းမှာ အားရမှုရှိ/မရှိသိချင်ပါတယ်။

ဖြေ။ ။ ကျောင်းတွေ တိုးလာပေမယ့် အမှန်တကယ်ဆိုရလာတဲ့ အရေအတွက်က ကျေနပ်ဖို့မကောင်းသေးဘူး။ များသောအားဖြင့် သူတို့လေးတွေကိုယ်တိုင်က ကျောင်းကိုကျောခိုင်းခဲ့တာဆိုတော့ ကျောင်းပုံမှန်တက်လာအောင်လုပ်ဖို့ မလွယ်ဘူး။ ခေါင်းလောင်းသံကြားလို့ လွယ်အိတ်ဆွဲပြီး စာသင်ခန်းထဲဝင်ထိုင်တဲ့အမျိုးမှ မဟုတ်တာကိုး။ ဒါကြောင့် အရေအတွက်တိုးလာဖို့ တဖြည်းဖြည်းလုပ်နေရတယ်။ ကလေးတွေကို စာသင်ပေးနိုင်တဲ့ အရေအတွက်က နှစ်တွေအားလုံးပေါင်းမှ နှစ်သောင်းလောက်ပဲရှိသေးတယ်။ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက် အသီးသီးက တာဝန်ရှိသူတွေအနေနဲ့ ပါဝင်ကူညီပြီး ဆောင်ရွက်ပေးမယ်ဆိုရင် ပိုထိရောက်နိုင်မယ်။ ဘယ်လိုပါဝင်တာလဲဆိုတော့ ဒီကလေးတွေ ကျောင်းလာတက်ရင် ဝမ်းဟောင်းလောင်းနဲ့ လာရတာ။ အလှူရှင်တွေ စည်းရုံးပြီး ဘာကျွေးမလဲ၊ ဘယ်လိုထောက်ပံ့မလဲပေါ့။ ဒီရပ်ကွက်မှာ ဘယ်လိုကလေးမျိုးတွေ ရှိလဲပေါ့။ သူတို့တွေ ကျောင်းမလာရင် လိုက်ခေါ်ပေးတာမျိုးပေါ့။ ဒီလိုမျိုးလေးတွေရှိလာမှ အောင်မြင်မယ်။ ပြီးတော့ ဒီအလုပ်ကို နိုင်ငံတော်ကပါ ပါဝင်လုပ်ဆောင်နေတာပါ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအသီးသီးရဲ့ အတွင်းရေးမှူးတွေက ဒီလုပ်ငန်းရဲ့ ကြီးကြပ်ရေးဥက္ကဋ္ဌတွေပါပဲ။

မေး။ ။ ဒါဆိုကလေးတွေရဲ့ အုပ်ထိန်းသူတွေအပေါ်မှာရော ဆရာ့အမြင်ပြောပြပေးပါ။

ဖြေ ။ ။ ဒီလိုကလေးတွေမှာ အများစုက မိသားစုတွေနဲ့ အတူတူ သူတို့ဘဝကို ခက်ခဲပင်ပန်းစွာရင်ဆိုင်ဖြေရှင်းနေရသူတွေပါ။ သူတို့ဘဝကို နာကြည်းနေသူတွေပါ။ အခုခေတ်မှာ လူတွေက စီးပွားရေးနဲ့ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်ပြောလာကြပြီ။ လုပ်ငန်းရှင်တွေက ဒီကလေးတွေကို အထောက်အကူပြုပေးဖို့သိပ်အရေးကြီးပါတယ်။ အခုလုပ်ငန်းရှင်တွေပြောနေတဲ့ corporate social responsibility ပတ်ဝန်းကျင်လူမှုရေးနဲ့ပတ်သက်ပြီး တာဝန်ရှိတယ်ဆိုတာ တကယ်ကိုအကောင်အထည်ဖော်ရမယ်။ ဥပမာ-ဆောက်လုပ်ရေးအိမ်ရာတစ်ခုဆီမှာ ရောက်နေတဲ့ကလေးတွေ ကျောင်းနဲ့ဝေးနေပြီ။ သူတို့ကို လုပ်ငန်းရှင်က တာဝန်ယူပြီးတော့ ကျွန်တော်တို့မှာတော့ ဘယ်လိုကလေးတွေရှိတယ်။ သူတို့ကို ဘယ်လိုသင်ပေးလို့ရမလဲ။ ဘယ်လိုလုပ်မလဲဆိုတာမျိုးမေးမြန်းရမယ်။ နောက်လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်အစရှိတဲ့နေရာတွေမှာ ကလေးအလုပ်သမားတွေရှိတယ်။ သူတို့တစ်တွေက ဟိုးမိုင်ပေါင်းများစွာဝေးတဲ့ နေရာတွေကနေ၊ နာရီပေါင်းများစွာ အလုပ်လုပ်ပြီး မိဘကိုပေးနေရတာ။ child law နဲ့ငြိနေတယ်။ ဒီကလေး အလုပ် မခန့်ရဘူးဆိုရင် အဲ့ဒီကလေးဘဝသွားပြီ။ ဆရာတို့အထဲမှာ စာသင်တဲ့ကလေးတချို့ဆို အလုပ်ရှင်ကိုယ်တိုင် ကျောင်းလာပို့ပေးတယ်။ အောင်သွားတော့ လခတိုးပေးတယ်။ တကယ့်ကိုစေတနာထားမြေတောင်မြှောက်ပေးတဲ့ အလုပ်ရှင်နည်းနည်းပါးပါးလည်းရှိပါတယ်။ တချို့နေရာတွေမှာ ညနေလေးနာရီက ခြောက်နာရီအထိ ကျောင်းတက်ရမယ်ဆိုပါတော့၊ အဲ့ဒီကလေးအစား မိသားစုဝင်အခြားတစ်ယောက်က သွားအလုပ်လုပ်ပေးရတယ်။ ဗြဟ္မစိုရ်တရားရှိတယ်ပြောကြတဲ့ ဆရာတို့နိုင်ငံမှာ ဒီလိုမျိုးမရှိသင့်ဘူး။ ကိုယ့်သားသမီးကို မော်တော်ကားနဲ့ ကျောင်းပို့နေပြီးတော့ သူတို့အတွက် နှစ်နာရီလောက် အချိန်ပေးရတာကို တစ်နာရီလောက်ဆို မဖြစ်ဘူးလားဆိုပြီးလာပြောတာလည်းရှိတယ်။ ကိုယ်ချင်းစာတရားထားရမှာပေ့ါ။ သူတို့ကို တာဝန်ယူရမယ်။

မေး။ ။ အခုလိုဖြေကြားပေးတဲ့ဆရာကို ကျေးဇူးတင်ပါတယ်။ ကျောင်းပြင်ပ ပညာရေးစနစ်နဲ့ပတ်သက်ပြီး ဆရာ့အနေနဲ့ ဘာများပြောဖို့ရှိပါသေးလဲ။

ဖြေ ။ ။ဆရာတို့ ကျောင်းပြင်ပပညာရေးစနစ်ကို ကျယ်ကျယ်ပြန့်ပြန့်လုပ်မှုဖြစ်မယ်။ ဆရာတို့လည်းရှိတဲ့ အင်အားနဲ့ လုပ်ဆောင်နေပါတယ်။ နိုင်ငံတော်အနေနဲ့ သာမကဘူး ပညာရေးဌာနကပါ အပြည့်အဝထောက်ပံ့တယ်။ ဒီကျောင်းကနေပြီးတော့ အလယ်တန်းကိုတက်ရောက်နေတဲ့ ကလေးတွေရဲ့ ရလဒ်ကအားရဖို့ကောင်းတယ်။ ဆရာတို့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ လာအို၊ ကမ္ဘောဒီးယားတို့ဆို ဆရာတို့ထက် အောင်မြင်တယ်။ သူတို့လုပ်နေတာ နှစ်ပေါင်း ၃၀ ရှိနေပြီ။ ကလေးသုံးသန်းလောက် အောင်မြင်သွားပြီ။ အလယ်တန်း၊ အထက်တန်းအဆင့်တွေတောင် ဆက်လုပ်နေပြီ။ ဆရာတို့မှာ မူလတန်းတောင် အောင်မြင်ဖို့တော်တော် လုပ်နေရတယ်။ ပြောချင်တာကတော့ ဒါဟာကြော်ငြာနေတာ မဟုတ်ဘူး။ ကိုယ့်နိုင်ငံသား၊ ကိုယ့်လူမျိုးတိုးတက်အောင် လုပ်ဆောင်နေတာဖြစ်လို့ သက်ဆိုင်ရာအုပ်ထိန်းသူနဲ့ လုပ်ငန်းရှင်တွေကပါ ပူးပေါင်းကြပါ။ သက်ဆိုင်ရာတာဝန်ရှိသူတွေကပါ ပရဟိတလုပ်ငန်းတစ်ခုအနေနဲ့ ပူးပေါင်းလုပ်ဆောင်ပေးပါ။

ဆရာတို့ ကျောင်းပြင်ပပညာရေးစနစ်ကို ကျယ်ကျယ်ပြန့်ပြန့်လုပ်မှုဖြစ်မယ်။ ဆရာတို့လည်း ရှိတဲ့အင်အားနဲ့ လုပ်ဆောင်နေပါတယ်။ နိုင်ငံတော်အနေနဲ့ သာမကဘူး ပညာရေးဌာနကပါ အပြည့်အဝထောက်ပံ့တယ်။ ဒီကျောင်းကနေပြီးတော့ အလယ်တန်းကို တက်ရောက်နေတဲ့ ကလေးတွေရဲ့ရလဒ်က အားရဖို့ကောင်းတယ်။

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဦးညာဏ်ထွန်း ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်အား လက်ခံတွေ့ဆုံ

ဒုတိယသမ္မတ ဦးညာဏ်ထွန်း ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး H.E. Mr. Kittiratt Na-Ranong အား ဗန်ကောက်မြို့ရှိ ခေတ္တတည်းခိုသည့် Grand Hyatt Erawan ဟိုတယ်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၈

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး H.E. Mr. Kittiratt Na-Ranong အား ဇွန် ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ဗန်ကောက်မြို့ရှိ ခေတ္တတည်းခိုသည့် Grand Hyatt Erawan ဟိုတယ်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဒုတိယဝန်ကြီး ဦးဇင်ယော်နှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဝင်းတို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ဝန်ကြီးချုပ်ရုံးဝန်ကြီး H.E. Mr. Niwattumrong Boonsongpaisan၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး H.E. Mr. Pongsak Raktapongplsan တို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ရေးနှင့်စီမံကိန်းတွင် ဂျပန်နိုင်ငံမှ စိတ်ပါဝင်စားမှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ဒုတိယအကြိမ် မြန်မာ-ထိုင်း အဆင့်မြင့် ပူးတွဲကော်မတီအစည်းအဝေး၏ ကြိုတင်ညှိနှိုင်းအစည်းအဝေးနှင့် မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံဆွေးနွေးပွဲများသို့ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေး

နေပြည်တော် ဇွန် ၁၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်း၏ ထိုင်းနိုင်ငံခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါခဲ့ကြသော စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် ဒုတိယဝန်ကြီးများသည် ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် ဗန်ကောက်မြို့ရှိ Grand Hyatt Erawan ဟိုတယ်၌ကျင်းပသည့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းဧရိယာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဒုတိယအကြိမ် မြန်မာ-ထိုင်း အဆင့်မြင့် ပူးတွဲကော်မတီအစည်းအဝေး၏ ကြိုတင်ညှိနှိုင်းအစည်းအဝေးနှင့် မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံဆွေးနွေးပွဲများသို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

နံနက် ၉ နာရီတွင် မြန်မာ-ထိုင်းအဆင့်မြင့် ပူးတွဲကော်မတီ ကြိုတင်ညှိနှိုင်း အစည်းအဝေးကို ကျင်းပရာ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး Special Purpose Vehicle ဖွဲ့စည်းခြင်းနှင့်တည်ထောင်ခြင်း၊ အစုရှယ်ယာရှင်များ သဘောတူညီချက်၊ မူဘောင်သဘောတူညီချက်၊ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေးစီမံချက်အဆိုပြုခြင်းနှင့် ပြန်လည်နေရာချထားခြင်း စီမံချက်တို့နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

နံနက် ၁၁ နာရီတွင် မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံဆွေးနွေးပွဲကို ကျင်းပရာ**(အပေါ်ပုံ)** မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အကူအညီပေးရေးအဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းတွင် ဂျပန်နိုင်ငံ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

မလေးရှားမှ အပြီးပြန်လာသော မြန်မာအလုပ်သမားများ ပုဂ္ဂလိကလုပ်ငန်းတွင် လုပ်ကိုင်လိုပါက ကူညီဆောင်ရွက်ပေးမည်

နေပြည်တော် ဇွန် ၁၈

မလေးရှားနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်ပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ အပြီးပြန်လာသော မြန်မာနိုင်ငံသား အလုပ်သမားများအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းများတွင် လုပ်ကိုင်လိုသောဆန္ဒရှိပါက အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ပြည်တွင်း၌ အလုပ်လုပ်ကိုင်လိုသော အလုပ်သမားများသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တာဝန်ကျသော အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဝန်ထမ်းကိုဖြစ်စေ၊ Complaint Mechanism Centre ဖုန်း - ၀၆၇-၄၃၀၀၇၉ သို့ ဖြစ်စေ ဆက်သွယ်ပြီး အလုပ်သမားတစ်ဦးချင်းအလိုက် ကျွမ်းကျင်မှုများဖော်ပြ၍ အလုပ်လုပ်ကိုင်လိုသည့်နေရာ၊ အလုပ်အမျိုးအစားဖော်ပြ၍ သတင်းပေးပို့ကြပါရန် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက သတိပေးနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

တာဝန်ထမ်းဆောင်ရန် ကြိုတင်ပြင်ဆင်မှု ဆောင်ရွက်ကြရာ၌ ကြုံတွေ့နေရသည့် အခက်အခဲများ၊ ရှေ့ဆက်ဆောင်ရွက်သင့်၊ ထပ်မံဖြည့်စွက်သင့်တာများကို တင်ပြကြရန်လိုအပ်ပါကြောင်း၊ အိမ်ရှင်မြန်မာနိုင်ငံအနေဖြင့် **"ဦးစားပေးဆောင်ရွက်သင့်တဲ့ နယ်ပယ်နှင့် ထုတ်ပြန်ကြေညာချက်တစ်ရပ်"** ထွက်ပေါ်လာရေး ပါဝင်သင့်သည့် အချက်များကို ဝိုင်းဝန်းဆွေးနွေးကြစေလိုပါကြောင်း။

ASEAN ဥက္ကဋ္ဌ တာဝန်သည် အာဆီယံဒေသ အကျိုးစီးပွားကို ဦးဆောင်ပြီး ဖော်ဆောင်ရမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏အကျိုးစီးပွားကိုလည်း မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် **"ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်"** ကို ပီပီပြင်ပြင် အကောင်အထည်ဖော်နိုင်သည်နှင့်အမျှ မိမိတို့အပေါ် အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများ၊ အခြားနိုင်ငံများက ထားရှိသော ယုံကြည်မှုများသည် ပိုပြီး ကြီးမားလာစေနိုင်မည် ဖြစ်ပါကြောင်း။

ထို့အတွက် မြန်မာနိုင်ငံသည် နိုင်ငံတကာအမြင်တွင် ပုံရိပ်ပိုကောင်းလာမည်ဖြစ်သကဲ့သို့ နိုင်ငံတကာ၏ မျှော်လင့်ချက်များကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ဘက်စုံပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကိုလည်း အရှိန်အဟုန်မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း။

၂၀၁၄ ခုနှစ်သည် ဥက္ကဋ္ဌတာဝန်အကြောင်းပြုပြီး မိမိတို့အတွက် စိန်ခေါ်မှုအခက်အခဲများရှိသကဲ့သို့ အခွင့်အလမ်းများစွာကိုလည်း ရရှိစေမည်ဖြစ်ပါကြောင်း၊ ယင်းအခွင့်အရေးများကို အရယူခြင်းဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ အပါအဝင် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး ကဏ္ဍအသီးသီးတွင် တိုးတက်လာပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်အောင်လုပ်ဆောင်သွားကြရမည် ဖြစ်ပါကြောင်း။

ASEAN ဥက္ကဋ္ဌ တာဝန်ကိုယူရသည့်နိုင်ငံများတွင် မိမိတို့စိတ်ကြိုက် Theme နှင့် Logo များကို ရွေးချယ်ပြီး ထို Theme အတိုင်း ဆောင်ရွက်လေ့ရှိသည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌအနေဖြင့် ပင်မဆောင်ရွက်သွားမည့် အကြောင်းအရာTheme နှင့် Logo သတ်မှတ်ရန်ကိစ္စကိုလည်း အပြီးသတ်ဆွေးနွေးကြရမည် ဖြစ်ပါကြောင်း၊ Theme နှင့် Logo ရွေးပြီးမှသာ ထိပ်သီးအစည်းအဝေးနှင့် ပတ်သက်ပြီးနောက် ဆောင်ရွက်စရာရှိသည့် အမှတ်တရလက်ဆောင်စသည့် ဆောင်ရွက်ရန်ကိစ္စများကို ဆက် လက်လုပ်ဆောင်ရမှာ ဖြစ်ပါကြောင်း။

၂၀၁၄ အာဆီယံထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပမည့် ပတ္တမြားခန်းမ ပြီးစီးအောင် တွန်းအားပေးသွားကြရန်နှင့် ပတ္တမြားခန်းမ၌ အစည်းအဝေးကျင်းပရသည့်အခါ ဆောင်ရွက်ရန်လိုအပ်သောလိုအပ်ချက်များကို ကြိုတင်ညှိနှိုင်းမှုများ ဆောင်ရွက်သွားစေလိုပါကြောင်း။

မြန်မာနိုင်ငံ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူရာတွင် ထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများသာမက ဝန်ကြီးဌာနအလိုက် အစည်းအဝေးများကိုပါ ဦးဆောင်ကျင်းပရမည်ဖြစ်သည့်အတွက် ဝန်ကြီးဌာနအသီးသီး၏ စွမ်းဆောင်ရည်မြင့်မားအောင် ကြိုတင်ပြင်ဆင်မှုများနှင့် စွမ်းရည်ထူထောင်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန် လိုပါကြောင်း။

ပြောကြား

မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန် ထမ်းဆောင်ရန် အချိန် တဖြည်းဖြည်း နီးကပ်လာပြီဖြစ်ပါကြောင်း၊ အာဆီယံအသိုက်အဝန်းထူထောင်မှုတွင် ပါဝင်ပတ်သက်နေသော အစိုးရဌာနများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ စီးပွားရေးကဏ္ဍတို့အပြင် သက်ဆိုင်သူများအားလုံးက ASEAN CHAIR နှင့် ASEAN Community တာဝန်ကို အောင်မြင်စွာ တာဝန်ယူရေးအတွက် ပူးပေါင်းလုပ်ဆောင်သွားရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကြိုတင်ပြင်ဆင်မှုများကို ကဏ္ဍအလိုက်၊ ဆပ်ကော်မတီအလိုက် တင်ပြကြရန်ဖြစ်ပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မြန်မာနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးနှင့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းထူထောင်ရေး (APSC) ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာ (AEC) ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အာဆီယံ လူမှုယဉ်ကျေးမှုအသိုက်အဝန်း (ASCC) ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် တက်ရောက်လာကြသည့် ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများက မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ကြိုတင်ပြင်ဆင်

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုင်းမောက်ခမ်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အစည်းအဝေးများ မကြာခဏပြုလုပ်လာသည်နှင့်အမျှ လုပ်ဆောင်ရမည့်၊ ပြင်ဆင်ရမည့်အပိုင်းများကို ထပ်မံတွေ့ရှိလာမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လက်ခံကျင်းပခဲ့သည့် အစည်းအဝေးကြီးများမှ အတွေ့အကြုံများကို သင်ခန်းစာယူ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်စရာရှိသည်များကို ဆောင်ရွက်ထားကြစေလိုကြောင်းဖြင့် မှာကြားသည်။

အစည်းအဝေး အပြီးတွင် ဒုတိယသမ္မတသည် ASEAN Summit အစည်းအဝေးတွင် တက်ရောက်လာမည့် နိုင်ငံ့ခေါင်းဆောင်များအား ပေးအပ်မည့်အမှတ်တရလက်ဆောင်ပစ္စည်းများအား လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၁၈

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများအကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာအဆင့်မြင့် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းဧရိယာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဒုတိယအကြိမ် မြန်မာ-ထိုင်းအဆင့်မြင့်ပူးတွဲကော်မတီ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် အဖွဲ့ဝင်များ လိုက်ပါလျက် ဇွန် ၁၈ ရက် နံနက် ၁၁ နာရီတွင် ခေတ္တတည်းခိုသည့် ဗန်ကောက်မြို့ရှိ Grand Hyatt Erawan ဟိုတယ်မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာခဲ့ပြီး ဗန်ကောက်မြို့ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိသည်။

ဒုတိယသမ္မတ ဦးညွန့်ထွန်း ခေါင်းဆောင်သော အဖွဲ့ဝင်များအား ထိုင်းနိုင်ငံ အမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု ဘုတ်အဖွဲ့မှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဝင်း၊ စစ်သံမှူးဗိုလ်မှူးကြီးဝင်းမောင်၊ သံရုံးနှင့်စစ်သံရုံးတို့မှ ဝန်ထမ်းများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဆောင်သော အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ထိုင်းလေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ (ဝဲပုံ) (သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ဗုဒ္ဓမြတ်စွယ်တော်ပွား ဗုဒ္ဓါဘိသေက အနေကဇာတင် ကျင်းပမည်

နေပြည်တော် ဇွန် ၁၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပေးပို့လှူဒါန်းသော ဗုဒ္ဓမြတ်စွယ်တော်ပွားသည် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဥပ္ပါတသန္တိစေတီမြတ်ကြီးတွင် ဇွန် ၁၀ ရက်မှစ၍ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။ အဆိုပါ ဗုဒ္ဓမြတ်စွယ်တော်ပွားအား ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓစွယ်တော်တိုက် ဆရာတော်ထံမှ လွှဲပြောင်းအပ်နှံ ရေစက်ချခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း အလှူတော်မင်္ဂလာကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်အတွင်း အရှေ့မြောက်ထောင့်အရပ်၌ ကျင်းပမည်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင် ပြည်သူအပေါင်း လာရောက်ကြည်ညိုကုသိုလ်ယူနိုင်ကြပါရန်နှင့် ဗုဒ္ဓမြတ်စွယ်တော်ပွားအား လှူဒါန်းလိုသည့် အလှူတော်ငွေများကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

မြန်မာနိုင်ငံ ပြည်သူများနှင့် ရင်းနှီးမြှုပ်နှံသူများ နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် နည်းလမ်းများကို ဖော်ထုတ်ပေးနိုင်ရန် လိုအပ်သကဲ့သို့ နိုင်ငံတကာ ကျင့်ထုံးများနှင့်အညီ စီမံကိန်းဧရိယာဝန်းကျင်၌ ဖြစ်ပေါ်လာနိုင်သည့် မလိုလားအပ်သော ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်များအပေါ် ထိရောက်စွာထိန်းချုပ်သွားနိုင်မည့် ပစ္စည်းကိရိယာများနှင့် ခေတ်အမီဆုံး နည်းပညာများကို အသုံးချသွားမည့် စီမံကိန်းအကောင်အထည်ဖော်မည့်သူများအား ရွေးချယ်သွားနိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

အထူးလုပ်ငန်း ယန္တရားအနေဖြင့် ထားဝယ်အထူးစီးပွားရေးဇုန် စတင်နိုင်ရန်အရေးပါသည့် အစိတ်အပိုင်း တစ်ရပ်ဖြစ်သည့်အတွက် ဂျပန်နိုင်ငံ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အနေဖြင့် ဂျပန်နိုင်ငံကို တရားဝင် ဖိတ်ကြားခဲ့ပါကြောင်း။

ယခုအခြေအနေ၌ ဂျပန်နိုင်ငံအနေဖြင့် ကတိကဝတ်တစ်စုံတစ်ရာ ထားရှိနိုင်ဦးမည်မဟုတ်ဟု နားလည်ယုံကြည်ပါကြောင်း၊ အသေးစိတ် အစီအစဉ်များ၊ လုပ်ငန်းဆောင်ရွက်နိုင်ခြေလေ့လာမှုများကို ထပ်မံဆောင်ရွက်သွားရန် လိုအပ်သည့် ထောက်ပံ့မှု၊ ပံ့ပိုးမှု၊ ကူညီမှုများ ပေးအပ်သွားရန်အသင့်ရှိပါကြောင်း။

မြန်မာ - ထိုင်း - ဂျပန်နိုင်ငံတို့အကြား လက်တွေ့အကောင်အထည်ဖော်မှုအဆင့်များ၌ အမှန်တကယ် ကျင့်သုံးဆောင်ရွက်နိုင်မည့် နည်းလမ်းများဖော်ထုတ်နိုင်ရေးအတွက် သုံးပွင့်ဆိုင် အစည်းအဝေးများကို အတတ်နိုင်ဆုံး ဆောလျင်စွာဆောင်ရွက်သွားနိုင်ရန် အရေးကြီးပါကြောင်း။

မိမိတို့နိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ထားဝယ်ဒေသ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တူညီသည့် ရည်မှန်းချက်ထားရှိသကဲ့သို့ ဂျပန်နိုင်ငံအနေဖြင့်လည်း အလားတူ လက်ခံသဘောတူလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းအနေဖြင့် မြန်မာနိုင်ငံအတွင်း ဘက်စုံဒေသဖွံ့ဖြိုးရေးအပေါ် ကြီးမားစွာပံ့ပိုးကူညီနိုင်ရန်အတွက် ထိရောက်သည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရေးနှင့် စီမံကိန်းမှ အကျိုးဖြစ်ထွန်းလာချိန်တွင် ယင်းအကျိုးစီးပွားအသီးအပွင့်များကို ထားဝယ်ဒေသခံပြည်သူများ ခံစားနိုင်ရေးသည်လည်း မိမိတို့၏ တာဝန်ပင် ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် အဆိုပါရည်မှန်းချက်ကို မျှဝေပြီး မိမိတို့အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညွန့်ထွန်း၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နှစ်နိုင်ငံဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အစည်းအဝေး အစီအစဉ်ကို အတည်ပြုပြီး တင်ပြခြင်းကဏ္ဍ၊ စဉ်းစားဆင်ခြင်ခြင်းကဏ္ဍ၊ အထွေထွေကိစ္စရပ်များ ဆွေးနွေးခြင်း ကဏ္ဍနှင့်တတိယအကြိမ် အစည်းအဝေး ကျင်းပမည့်နေရာနှင့် နေ့ရက် သတ်မှတ်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့၏ ရှေ့မှောက်၌ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းလင်းနှင့် ထိုင်းနိုင်ငံ အိမ်နီးချင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ဒုတိယဥက္ကဋ္ဌ Mr.Perames Vudthitorn-netirak တို့က အစုရှယ်ယာရှင်များ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဒုတိယသမ္မတတို့က နိဂုံးချုပ် အမှာစကားပြောကြားကြသည်။

အစည်းအဝေး အပြီးတွင် ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့သည် Grand Hyatt Erawan ဟိုတယ်တတိယထပ်၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်၍ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းဧရိယာ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဒုတိယအကြိမ် မြန်မာ-ထိုင်း အဆင့်မြင့် ပူးတွဲကော်မတီအစည်းအဝေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး သတင်းဌာနများ၏ မေးမြန်းချက်များကို နှစ်နိုင်ငံဝန်ကြီးများက ပြန်လည်ဖြေကြားကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး H.E. Mr.Kittirat Na-Ranong က Grand Hyatt Erawan ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဒုတိယအကြိမ် မြန်မာ-ထိုင်း အဆင့်မြင့်ပူးတွဲကော်မတီ အစည်းအဝေးတွင်ပထမအကြိမ် အဆင့်မြင့်ပူးတွဲကော်မတီ၏ အစည်းအဝေး မှတ်တမ်း၊ တတိယအကြိမ် ပူးတွဲညှိနှိုင်းရေး ကော်မတီအစည်းအဝေး၏ အဓိကရလဒ်များ၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံကို မဟာဗျူဟာကျသည့် မိတ်ဖက်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်ရန်ဖိတ်ကြားခြင်း၊ Special Purpose Vehicle ဖွဲ့စည်းတည်ထောင်ခြင်း၊ အစုရှယ်ယာရှင်များ သဘောတူညီချက်နှင့် မူဘောင်သဘောတူညီချက်၊ ထားဝယ် အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေးစီမံချက် အဆိုပြုခြင်း၊ ပြန်လည်နေရာချထားခြင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်၌ ဂျပန်နိုင်ငံ ပါဝင်ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

▲ ကျောဖုံးမှ

သုဝဏ္ဏကွင်း၌ ဟံသာဝတီနှင့် မကွေးတို့ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပွဲစဉ်(၁၃) အပြီးတွင် ရန်ကုန်အသင်းကထိပ်ဆုံးမှ ဦးဆောင်နေပြီး ကမ္ဘောဇ၊ ဇေယျာရွှေမြေ၊ နေပြည်တော်၊ မကွေး၊ ဧရာဝတီနှင့် ရတနာပုံအသင်းတို့က နောက်မှအစဉ်လိုက် ရပ်တည်နေသည်။ ဇေယျာရွှေမြေကို သရေကျခဲ့သောကြောင့် ထိပ်ဆုံးမှဖယ်ပေးခဲ့ရသည်။ ကမ္ဘောဇအသင်းမှာ ယခုတစ်ပတ်တွင်လည်း ရတနာပုံအသင်းနှင့် ပွဲကျပ်ထပ်မံကစားရမည်ဖြစ်သည်။ လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာမူ ပထမအကျော့က ရှုံးနိမ့်ထားသည့် ဧရာဝတီနှင့် ကစားရမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ကျန်ရှိနေသေးသောတားမြစ်ကန့်သတ်ချက်များအားလုံးကို ရုပ်သိမ်းပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏

သတင်းထုတ်ပြန်ချက်

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ကျန်ရှိနေသေးသောတားမြစ်ကန့်သတ်ချက်များအားလုံးကို ရုပ်သိမ်းပေးခဲ့ခြင်း

၁။ မြန်မာနိုင်ငံ၏ အဓမ္မစေခိုင်းမှုပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ၁၉၉၉ ခုနှစ်၊ (၈၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံနှင့် ၂၀၀၀ ပြည့်နှစ်၊ (၈၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံတို့မှ မြန်မာနိုင်ငံအပေါ် တားမြစ်ကန့်သတ်သောဆုံးဖြတ်ချက်များချမှတ်ခဲ့ပါသည်။ ယင်းဆုံးဖြတ်ချက်များအနက် (၈၇) ကြိမ်မြောက်ညီလာခံမှ ချမှတ်ခဲ့သည့် တားမြစ်ကန့်သတ်ချက်များအားလုံးနှင့် (၈၈)ကြိမ်မြောက်ညီလာခံမှ ချမှတ်ခဲ့သည့် တားမြစ်ကန့်သတ်ချက်အချို့ကို ၂၀၁၂ ခုနှစ်၊ ဇွန်လတွင်ကျင်းခဲ့သော (၁၀၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံမှ ရုပ်သိမ်းပေးခဲ့ပြီး ဖြစ်ပါသည်။

၂။ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၌ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပပြုလုပ်လျက်ရှိသည့် (၁၀၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ ညီလာခံကာလအတွင်း Selection Committee အစည်းအဝေးများ၌ မြန်မာနိုင်ငံအပေါ် ကျန်ရှိနေသေးသည့် တားမြစ်ကန့်သတ်ချက်နှစ်ရပ်ဖြစ်သည့် (၈၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံမှ ချမှတ်ခဲ့သောဆုံးဖြတ်ချက် အပိုဒ်ခွဲ (က)ပါ မြန်မာနိုင်ငံမှ စံုစမ်းစစ်ဆေးရေးကော်မရှင်၏ အကြံပြုချက်များအား လိုက်နာအကောင်အထည်ဖော်မှုကို အလုပ်သမားရေးရာညီလာခံများတွင် Committee on the Application of Standards ၏ ဆွေးနွေးမှုများအောက်၌ အထူးအစည်းအဝေးတစ်ရပ်ဖြင့် ဆွေးနွေးသွားရန်နှင့် အပိုဒ်ခွဲ(ခ)ပါ မြန်မာနိုင်ငံနှင့်ဆက်ဆံရေးတွင် လိုအပ်သောသုံးသပ်မှုများ ပြုလုပ်ရန်အချက် (၂) ချက်အပေါ် ပြန်လည်သုံးသပ်၍ အသေးစိတ် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါသည်။

၃။ Selection Committee အစည်းအဝေး၏ ဆွေးနွေးမှုရလဒ်များအရ (၁၀၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ ညီလာခံမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ကျန်ရှိနေသေးသော တားမြစ်ကန့်သတ်ချက်များအားလုံးကိုရုပ်သိမ်းပေးရန်ဆုံးဖြတ်ချက်အဆို (မူကြမ်း) တစ်ရပ်ကို ညီလာခံမျက်နှာစုံညီအစည်းအဝေးသို့ ဆက်လက်တင်သွင်းခဲ့ရာ ၁၈-၆-၂၀၁၃ ရက်နေ့၊ ဒေသစံတော်ချိန် ညနေ ၄ နာရီ မိနစ် ၄၀ (မြန်မာစံတော်ချိန် ည ၉ နာရီ ၁၀ မိနစ်) အချိန်တွင် ညီလာခံမျက်နှာစုံညီအစည်းအဝေးမှ အတည်ပြုချမှတ်ခဲ့ပါသည်။ ယင်းဆုံးဖြတ်ချက်ပါအချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၂၀၀၀ ပြည့်နှစ်၊ (၈၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံမှချမှတ်ခဲ့သည့် ဆုံးဖြတ်ချက် အပိုဒ်ခွဲ (က)ကို ရုပ်ဆိုင်းရန် ဆုံးဖြတ်သည်။

(ခ) ၂၀၀၀ ပြည့်နှစ်၊ (၈၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံမှ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက် အပိုဒ်ခွဲ (ခ)ကို ရုပ်ဆိုင်းရန် ဆုံးဖြတ်သည်။

(ဂ) ၂၀၀၇ ခုနှစ်၊ နောက်ဆက်တွဲနားလည်မှုစာချွန်လွှာနှင့် ၂၀၁၂ ခုနှစ်၊ မတ်လ နားလည်မှုစာချွန်လွှာနှင့်ဆက်နွယ်သည့် ၂၀၁၅ ခုနှစ်ခန့်တွင် ပုံစံမျိုးစုံဖြင့် အဓမ္မစေခိုင်းမှုပပျောက်စေရေး လုပ်ငန်းစီမံချက်များကို လူမှုရေးမိတ်ဖက်များနှင့်အတူ ဆက်လက်အကောင်အထည်ဖော်ရန် အိုင်အယ်လ်အိုရုံးနှင့် မြန်မာနိုင်ငံအစိုးရတို့ကို မေတ္တာရပ်ခံသည်။

(ဃ) အသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းခွင့်နှင့် တာဝန်ရှိသော ရင်းနှီးမြှုပ်နှံမှုတို့အပါအဝင်မြန်မာနိုင်ငံ၌ အိုင်အယ်လ်အို၏ ဆောင်ရွက်ချက်များကို အိုင်အယ်လ်အိုအုပ်ချုပ်မှုအဖွဲ့မှ သုံးသပ်သွားနိုင်ရေးအတွက် အိုင်အယ်လ်အိုညွှန်ကြားရေးမှူးချုပ်မှ မတ်လ အုပ်ချုပ်မှုအဖွဲ့အစည်းအဝေးများသို့ အစီရင်ခံစာ တစ်စောင်ကို မြန်မာနိုင်ငံတွင် အဓမ္မစေခိုင်းမှု ပပျောက်သည့် အချိန်ထိ တင်သွင်းသွားရန် ဖိတ်ခေါ်သည်။

(င) မြန်မာနိုင်ငံ၌ အဓမ္မစေခိုင်းမှုပပျောက်ရေးနှင့် လူမှုရေးညီညွတ်မျှတမှု ပိုမိုဖြစ်ထွန်းရေးအတွက် အိုင်အယ်လ်အို၏ အကူအညီဖြင့် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများအတွက် ငွေကြေးအထောက်အပံ့နှင့် လိုအပ်သည့် အကူအညီများကို အလုပ်သမားနှင့်အလုပ်ရှင်အဖွဲ့အစည်းများ အပါအဝင် အစိုးရ၊ အလုပ်သမား၊ အလုပ်ရှင်တို့ဖြင့် ဖွဲ့စည်းထားသည့် အိုင်အယ်လ်အိုအဖွဲ့ဝင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ပံ့ပိုးပေးကြရန် တိုက်တွန်းသည်။

(စ) အလုပ်သမားနှင့်အလုပ်ရှင်အဖွဲ့အစည်းများအပါအဝင် အစိုးရ၊ အလုပ်သမား၊ အလုပ်ရှင်တို့ဖြင့် ဖွဲ့စည်းထားသည့် အိုင်အယ်လ်အိုအဖွဲ့ဝင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ မြန်မာနိုင်ငံအတွင်း အဓမ္မစေခိုင်းမှုနှင့် ဆက်စပ်သည့် မည်သည့်သတင်းအချက်အလက်ကိုမဆို အနီးကပ်စောင့်ကြည့်၍ အိုင်အယ်လ်အိုသို့ အသိပေးရန် မေတ္တာရပ်ခံသည်။

၄။ ယခုကဲ့သို့ ကျန်ရှိနေသည့် တားမြစ်ကန့်သတ်ချက်များကို ရုပ်သိမ်းနိုင်ခဲ့ခြင်းမှာ မြန်မာနိုင်ငံအနေဖြင့် အဓမ္မစေခိုင်းမှုပပျောက်ရေးအတွက် ဥပဒေပြုခြင်းများအပါအဝင် ထိရောက်သော လက်တွေ့ဆောင်ရွက်မှုများနှင့် ရလဒ်များ ပေါ်ထွက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ဤဆောင်ရွက်ချက်များကို အိုင်အယ်လ်အိုရုံးအပါအဝင်အစိုးရ၊ အလုပ်သမားနှင့် အလုပ်ရှင်တို့ဖြင့်ဖွဲ့စည်းထားသည့် အိုင်အယ်လ်အိုအဖွဲ့ဝင်များကလည်းကောင်း၊ နိုင်ငံတကာအသိုက်အဝန်းကလည်းကောင်း ကောင်းစွာသိရှိအသိအမှတ်ပြုလာသောကြောင့် ဤသို့ရလဒ်ကောင်းများ ပေါ်ထွက်လာခြင်းဖြစ်ပါသည်။

၅။ (၁၀၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ ညီလာခံတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် လည်းကောင်း၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဂျီနီဗာမြို့အနေဖြင့်လည်းကောင်း၊ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်ဖွဲ့စည်းထားသည့် အလုပ်သမား၊ အလုပ်ရှင် ကိုယ်စားလှယ်များအနေဖြင့်လည်းကောင်း မြန်မာနိုင်ငံနှင့်ပြည်သူများ၏အကျိုး၊ မြန်မာအလုပ်သမားများ၏အကျိုးအတွက် ညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည့်ရလဒ်ဖြစ်ပါသည်။

၆။ ယခုကဲ့သို့ မြန်မာနိုင်ငံအပေါ် အိုင်အယ်လ်အိုမှ ချမှတ်ထားသည့် ကျန်ရှိနေသေးသော တားမြစ်ကန့်သတ်ချက်များကို အပြီးတိုင်ရုပ်သိမ်းနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ကုန်သွယ်မှုများကို တိုးတက်ပြုလုပ်လာနိုင်ရေးအတွက်လည်းကောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရရှိလာစေရေးအတွက်လည်းကောင်း၊ မြန်မာနိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိနိုင်ရေးအတွက်လည်းကောင်း ပိုမိုအထောက်အကူဖြစ်လာစေနိုင်မည် ဖြစ်သည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၈ ရက်

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ရွှေရတု မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၁၈

မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပရေးဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ရွှေရတု မြန်မာ့ကျောက်မျက်ရတနာပြပွဲကို စတုတ္ထနေ့အဖြစ် နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ယနေ့ဆက်လက်ကျင်းပသည်။

ပြည်တွင်းပြည်ပ ရတနာကုန်သည်များသည် နံနက်ပိုင်းမှစတင်ကာ သတ်မှတ်ဇရိယာအလိုက် ခင်းကျင်းပြသရောင်းချမည့် ကျောက်စိမ်းအတွဲများကို စနစ်တကျကြည့်ရှုလေ့လာ၍ ဝယ်ယူရန် မှတ်သားလေ့လာကြသည်။ **(ယာပုံ)**

အလားတူ ယခုလ ၁၉ ရက်တွင် စတင်၍ တင်ဒါစနစ်၊ လေလံစနစ်တို့ဖြင့် ရောင်းချတော့မည့် ကျောက်မျက်အတွဲများကို စိတ်ဝင်တစား လေ့လာကာ ဝယ်ယူရန် မှတ်သားနေကြသော ရတနာကုန်သည်များကိုလည်း ကျောက်စိမ်းခန်းမအပေါ်ထပ် ရတနာဈေးတွင် စည်ကားများပြားစွာတွေ့မြင်ရသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်နှင့် တာဝန်ရှိသူများသည် ယနေ့ညနေပိုင်းတွင် မဏိရတနာကျောက်စိမ်းခန်းမ အောက်ထပ်တွင် ခင်းကျင်းပြသရောင်းချလျက်ရှိသော လက်ဝတ်ရတနာ အရောင်းဆိုင်များ၊ ပန်းပုအနုလက်ရာဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဇွန် ၁၉ ရက်တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲပေါင်း (၁၈၀၀) အတွက် ပြည်တွင်းပြည်ပ ရတနာကုန်သည်များက မိမိတို့ဝယ်ယူလိုသည့် ကျောက်စိမ်းအတွဲများအလိုက် ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ရွေးချယ်ထည့်သွင်းကြရာ ပြပွဲကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့်အဖွဲ့ဝင်များက လိုအပ်သည်များကို ကြည့်ရှုကူညီပေးကြသည်။

ညနေပိုင်းတွင် ပြပွဲကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်နှင့်အဖွဲ့ဝင်များက မြန်မာ့ကျောက်မျက်ရတနာပြပွဲများကျင်းပရာ နှစ်စဉ်အလိုက် အကြိမ်အများဆုံး လာရောက်ဝယ်ယူခဲ့ကြသည့် ပြည်ပနိုင်ငံများမှ ရတနာကုန်သည်များအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

ဇွန် ၁၉ ရက်မှ စတင်ကာ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် တာဝန်ရှိသူများက ဈေးနှုန်းအဆိုပြုလွှာများ ထည့်သွင်းထားကြသည့် တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာ မှတ်တမ်းတင်ကြသည်။ **(သတင်းစဉ်)**

စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်များ ကွင်းဆင်း ဆေးကုသ

မြောင် ဇွန် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာစုစုဒွေးဦးဆောင်သည့် အထူးကုဆရာဝန်များအဖွဲ့သည် ဇွန် ၁၆ ရက် နံနက် ၉ နာရီက မြောင်မြို့နယ် မင်းတန်းကျေးရွာ မြင့်မြတ်ရတနာကျောင်းဆောင်၌ ရောဂါဝေဒနာခံစားရသည့် ကျေးရွာသူ ကျေးရွာသားများအား အခမဲ့စမ်းသပ်ကုသပေးပြီး ဆေးဝါးများကိုလည်း အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးဝါးအခမဲ့ကုသရာသို့ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေ၊ မြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေနှင့် ဦးဝင်းနိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်လွင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခင်မောင်ညိုနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များသည် ဆေးကုသမှုခံယူနေသည့် ဝေဒနာရှင်များကို အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

"သဘောကျပါတယ်။ ဒီလိုကျေးလက်ဒေသအရောက် အထူးကုဆရာဝန်ကြီးတွေ လာရောက်ကုသပေးတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ဆေးကုသမှုဖြစ်မြောက်အောင် စီစဉ်ပေးတဲ့လူကြီးမင်းတွေကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်"ဟု မင်းတန်းကျေးရွာနေ ဒေါ်ခင်ငွေ၏ ရင်တွင်းပီတိသံကိုလည်း ကြားသိရသည်။

စစ်ကိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းချိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်းကြည်နှင့် အဖွဲ့ဝင်များကလည်း သက်ကြီးဘိုးဘွားများနှင့် ကိုယ်ဝန်ဆောင်မိခင်များကို ဆေးဝါးများနှင့် လှူဖွယ်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ကုသရာတွင် ကျေးရွာပေါင်း ၁၅ ရွာမှ ရောဂါဝေဒနာရှင် ၆၃၁ ဦးကို ဆေးဝါးကုသမှုပေးနိုင်ခဲ့ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။ **တင်ကိုကို**

မိတ္ထီလာဈေးအရှေ့ပြင်ရပ်ကွက် ဈေးပတ်လမ်းတွင် မိုးရွာသည့်နေ့တိုင်း လမ်းပေါ်မိုးရေများလျှံတက်

မိတ္ထီလာ ဇွန် ၁၈

မိတ္ထီလာမြို့ ဈေးအရှေ့ပြင်ရပ်ကွက် ဈေးပတ်လမ်း (ယူနန်စားသောက်ဆိုင်အနီး)တွင် မိုးရွာသွန်းသည့်နေ့တိုင်း လမ်းမပေါ်တွင် မိုးရေများ လျှံတက်မှု **(ယာပုံ)**ဖြစ်ပွားလေ့ရှိသဖြင့် ဒေသခံရပ်ကွက်နေပြည်သူများနှင့် ဈေးရောင်းဈေးဝယ်လာသူများ ဖြတ်သန်းသွားလာရာတွင် များစွာ အခက်အခဲဖြစ်ကြောင်း သိရသည်။

"ဒီလမ်းက မူလကတည်းက မြေနိမ့်ပိုင်းဖြစ်နေတာ။ ဟိုဘက်နားဆီက လမ်းပျက်လို့ သက်ဆိုင်ရာက ပြုပြင်ခင်းတဲ့အချိန်ကလည်း လမ်းကိုမမြှင့်တင်ဘဲ မူလအတိုင်းသာ ပြုပြင်သွားတာဆိုတော့ မိုးရွာပြီဆိုရင် လမ်းမဘေး လူနေအိမ်ဝန်းကျင်အထိ မိုးရေလျှံတက်တယ်။ လမ်းပေါ်မှာ ရေတွေပြည့်နေတော့ ဖြတ်သန်းသွားလာသူတွေနဲ့ ဒေသခံရပ်ကွက်ပြည်သူတွေအတွက် သွားလာရတာအခက်အခဲဖြစ်တာပေါ့"ဟု ဈေးအရှေ့ပြင်ရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

ဈေးအရှေ့ပြင်ရပ်ကွက်သည် မိတ္ထီလာဗဟိုဈေးအရှေ့ဘက်တွင် နီးကပ်စွာတည်ရှိပြီး နေ့စဉ် ဗဟိုဈေးကြီးသို့ ဝင်ရောက်သွားလာကြသည့် ဈေးရောင်းဈေးဝယ်များ၊ ကုန်သည်ပွဲစားများ၏ စက်ဘီး၊ ဆိုင်ကယ်၊ မြင်းလှည်း၊ လက်တွန်းလှည်း၊ မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ်များစွာတို့ နေ့စဉ် ဖြတ်သန်းသွားလာနေမှုကြောင့် ရပ်ကွက်နယ်မြေအတွင်းရှိ လမ်းများတွင်လည်း အပေါက်အပြဲများနှင့် ပျက်စီးယိုယွင်းမှု ဖြစ်ပေါ်လျက်ရှိသည်။

မိုးရွာသွန်းချိန်တိုင်း လမ်းများပေါ် မိုးရေလျှံတက်မှုများ ဖြစ်ပေါ်ခြင်းမှာ လမ်းသည် မြေနိမ့်ပိုင်းတွင် တည်ရှိနေသည်က အကြောင်းအရင်းတစ်ရပ်ဖြစ်ပြီး ဈေးအရှေ့ပြင်ရပ်ကွက် လူနေအိမ်များ၏ အိမ်ရှေ့ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ခြင်းမရှိသည်ကလည်း အကြောင်းအရင်းတစ်ရပ်ဖြစ်ရာ လမ်းပေါ်တွင် မိုးရေလျှံတက်ခြင်း၊ လမ်းများ ပေါက်ပြဲပျက်စီးခြင်းများမှ ကာကွယ်ရန်အတွက် ဒေသခံပြည်သူများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့အစည်းဝင်များ၊ ရပ်မိရပ်ဖများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ **ထီလာသား**

အမြို့မြို့အနယ်နယ်ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

ဓားအမြောက်အမြားရောင်းသူနှင့် ဝယ်သူများအား ဖမ်းဆီး

မိတ္ထီလာ ဇွန် ၁၈

မိတ္ထီလာခရိုင် မှုခင်းအကူဌာနမှ ရဲအုပ်ကြည်ရှိန်ခေါင်းဆောင်၍ ဒုရဲအုပ်ဇင်ကိုကို၊ မြို့မအမှတ်(၁)ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ရန်နိုင်ထွန်းနှင့် အသိသက်သေရပ်ကွက်ရာအိမ်မှူးများနှင့်အတူ ဇွန် ၁၃ ရက်က ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် လက်ပံကျေးရွာသို့ ပျော်ဘွယ်မြို့နယ် မင်းတန်းရွာမှ ဓားရှည်များ သွားရောက်ပေးပို့မည်ဟု သတင်းအရ ဇွဲရုံဂိတ်မှစောင့်ဆိုင်း၍ နေပြည်တော်-မန္တလေးသွား တော်ဝင်ခရီးသည်တင် ကားကို ရပ်တန့်ရှာဖွေရာ မင်းတန်းရွာနေ ဦးဝင်းမြင့်(၅၂နှစ်)ထံမှ ငှက်ကြီးတောင်ဓားရှည် ၂၅ ချောင်းနှင့် ဓားတိုငါးချောင်း စုစုပေါင်း ၃၀ ကို ရှာဖွေဖမ်းဆီးရမိခဲ့သည်။ ဦးဝင်းမြင့်ကို စစ်ဆေးရာ ယခုအကြိမ်သည် တတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ် ငှက်ကြီးတောင်ဓားရှည် ၂၀ နှင့် ဒုတိယအကြိမ် ငှက်ကြီးတောင်ဓားရှည် ၂၅ ချောင်း၊ စုစုပေါင်း ငှက်ကြီးတောင်ဓားရှည် ၄၅ ချောင်းကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် လက်ပံကျေးရွာနှင့် ခံလူးကျေးရွာများသို့ သွားရောက်ပေးပို့ခဲ့ကြောင်း အစစ်ခံထွက်ဆိုခဲ့သည်။ ဦးဝင်းမြင့်ကို မြို့မရဲစခန်းက အမှုဖွင့်အရေးယူခဲ့သည်။

မိတ္ထီလာခရိုင် မှုခင်းအကူဌာနမှ ရဲအုပ်ကြည်ရှိန်နှင့်အဖွဲ့သည် ဦးဝင်းမြင့်၏ အစစ်ခံချက်အရ ဇွန် ၁၄ ရက်က စဉ့်ကိုင်မြို့နယ် လက်ပံကျေးရွာနှင့် ခံလူးကျေးရွာတို့သို့ အသိသက်သေများနှင့်အတူ ဦးဝင်းမြင့်ရောင်းချခဲ့သော ငှက်ကြီးတောင်ဓားဝယ်သူ ဦးအလီဘိုင်နှင့် ဦးစိုးနိုင်တို့ထံမှ ငှက်ကြီးတောင်ဓား ၂၇ ချောင်းကို သိမ်းဆည်း၍ မိတ္ထီလာမြို့မစခန်းတွင် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

လူသတ်မှုနှင့်ပတ်သက်ပြီးစကားများရာမှ သုံးဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

နေပြည်တော် ဇွန် ၁၈

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပေါင်းလောင်းဒေသတွင် ဇွန် ၁၂ရက်က လူသတ်မှုနှင့်ပတ်သက်ပြီး စကားများရာမှ လူသုံးဦးသေဆုံးကာ တစ်ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပေါင်းလောင်းဒေသ အင်းအမှတ် ၁၀၄ အင်းအလုပ်သမားများ စုပေါင်းနေထိုင်ရာတဲတွင် အင်းအလုပ်သမားများဖြစ်ကြသည့် ဦးသိန်းလွင်၊ ဇော်ဇော်ဟန်၊ မောင်သိန်း၊ ရန်နိုင်ထွန်း လေးဦးတို့နှင့် ထန်းတပင်မြို့နယ် သီရိဟေမာရပ်နေ လင်းလင်း(ခ)ဧရာလင်း ဆိုသူတို့ စကားများကြရာ ဇွန် ၁၂ရက် နံနက်၂နာရီခွဲခန့်တွင် လင်းလင်း(ခ)ဧရာလင်းမှ ဦးသိန်းလွင်၊ ဇော်ဇော်ဟန်၊ မောင်သိန်း၊ ရန်နိုင်ထွန်းတို့ လေးဦးကို အရိုးအသွား ၁၃ လက်မဓားချွန်၊ စကေဘာတို့ဖြင့် ထိုးသွင်းခဲ့ရာ ဦးသိန်းလွင်၊ ဇော်ဇော်ဟန်နှင့်မောင်သိန်းတို့သုံးဦးသည် အခင်းဖြစ်နေရာတွင်ပင်သေဆုံးသွားခဲ့ပြီး ရန်နိုင်ထွန်းမှာရမည်းသင်းပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ လင်းလင်း(ခ)ဧရာလင်းအား တူးကုန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကျော်ခန့်ဇော်**

သတ်မှတ်ချိန်ကျော်လွန်၍ ကာရာအိုကေဆိုင်ဖွင့်သူများအရေးယူ

မုံရွာ ဇွန် ၁၈

မုံရွာမြို့ စက်မှုဇုန်ရပ်ကွက် အမှတ်(၁၉)လမ်းတွင် 81 အမည်ရှိ ကာရာအိုကေဆိုင်သို့ ဇွန် ၁၇ ရက် နံနက် ၁ နာရီခန့်က အလုံရဲစခန်းမှ ရဲအုပ် မိုးကျော်အောင်၊ မုံရွာအမှတ်(၁)ရဲစခန်းမှ ရဲအုပ် ခင်ဇော်လတ်နှင့်အဖွဲ့သည် ရပ်မိရပ်ဖ သက်သေများနှင့်အတူ သတင်းအရ ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ရာ သတ်မှတ်အချိန်ထက်ကျော်လွန်၍ ဆိုင်များဖွင့်လှစ်ထားရှိခြင်း၊ အမျိုးသမီးငယ်များထားရှိခြင်း၊ ကာရာအိုကေဆိုင်နှင့်တွဲဖက်၍အမျိုးသမီးအနှိပ်ခန်းများထားရှိခြင်း၊ လိုင်စင်မဲ့အရက်၊ ဘီယာနှင့်အခြားအစားအသောက်များ ရောင်းချခြင်းများ စိစစ်တွေ့ရှိခဲ့ရပြီး အမျိုးသမီးငယ် ကာရာအိုကေလုပ်သား ၂၉ ဦးနှင့် ယင်းဆိုင်သို့ အချိန်လွန်လာရောက်လျက်ရှိသည့် အမျိုးသား ၂၂ ဦး၊ ဆိုင်မန်နေဂျာနှစ်ဦး စုစုပေါင်း ၅၃ ဦးနှင့်အတူ မြန်မာဘီယာသံဘူး ၃၃ ဘူး၊ မြန်မာဘီယာပုလင်း၂၂ လုံး၊ တိုက်ဂါးဘီယာသံဘူး ၁၆ ဘူးနှင့် တိုက်ဂါးဘီယာပုလင်း ၁၄ လုံးတို့ကို စိစစ်တွေ့ရှိခဲ့သည်။ အဆိုပါ စိစစ်တွေ့ရှိချက်များနှင့်ပတ်သက်၍ မုံရွာအမှတ်(၁)ရဲစခန်းမှ ဥဒ္ဒေစာရင်းတိုင်ကြားရန် ပျက်ကွက်ခဲ့သည့် အမျိုးသမီး ၂၉ ဦးနှင့် အမျိုးသား ၂၄ ဦးတို့ကို မြို့ပြအက်ဥပဒေအရသော်လည်းကောင်း၊ ဆိုင်မန်နေဂျာ လုပ်ကိုင်သူနှစ်ဦးအား ယစ်မျိုးဥပဒေအရသော်လည်းကောင်း၊ သတ်မှတ်စည်းကမ်းချက်များနှင့်ကိုက်ညီမှုမရှိသည့်အတွက် ကာရာအိုကေလိုင်စင်စည်းကမ်းများအရသော်လည်းကောင်း ဆက်လက်အရေးယူဆောင်ရွက်သွားရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ **ဩဇာ(မုံရွာ)**

အခွန်နှစ်ရာခိုင်နှုန်းပေးရမည်ဆိုသည့်သတင်းကြောင့် ပဲမာမျိုးစုံ ကျဈေးသို့ ဦးတည်လျက်ရှိ

မန္တလေး ဇွန် ၁၈

မန္တလေးပဲမျိုးစုံဈေးကွက်တွင် ဇွန်ပထမပတ်၌ ပြည်ပသို့ တင်ပို့သည့် ပဲမာမျိုးစုံဖြစ်သော ကုလားပဲ၊ ကုလားပဲ(ထိုင်ဝမ်)၊ ဗိုတူး၊ ပဲစင်းငုံနှင့် မြေပဲဆန်တို့ ဈေးကျနေသကဲ့သို့ အရောင်းအဝယ်အေးလျက်ရှိကြောင်း သိရသည်။

ပဲမာတစ်အိတ်လျှင် ငွေကျပ် ၃၀၀၀ ဈေးကျလျက်ရှိကြောင်း၊ ပြည်ပသို့ ပို့ရာတွင် အခွန်နှစ်ရာခိုင်နှုန်းဆိုသော သတင်းထွက်ပေါ်လာသောကြောင့် ပြည်ပဈေးကွက်သို့ တင်ပို့မည့်သူများ ဝယ်ယူမှုနည်းပါးသွားကြောင်း၊ မန္တလေးကုန်စည်ဒိုင်သို့ နယ်ပေါင်းစုံ မြေပဲဆန်ဝင်ရောက်မှုအားကောင်းနေသော်လည်း ဝယ်ယူမှုအားနည်းနေသဖြင့် ဈေးကျနေကြောင်း၊ S_1လုံးဆန်တစ်ပိဿာငွေကျပ် ၁၇၀၀၊ ဂျပန်လုံးဆန် တစ်ပိဿာငွေကျပ် ၁၇၀၀ ရှိသော်လည်း ဆီစက်သမားများ ဆီဈေး ချမရောင်းသဖြင့် ဆီဈေးမကျဘဲရှိနေကြောင်း၊ ပဲဆီတစ်ပိဿာငွေကျပ် ၃၁၀၀ မှ ၃၈၀၀ အထိရှိနေကြောင်း၊ မြေပဲဆန်ဈေးကျ၍ တောင်သူများအတွက် နစ်နာနေကြောင်း ပွဲစားတစ်ဦးက ဆိုသည်။ **(၀၄၀)**

ပြည်တွင်းသတင်း

ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာထွန်းရှင် ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိ နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ဥပဒေရေးရာကိစ္စရပ်များ ဆွေးနွေးခဲ့

နေပြည်တော် ဇွန် ၁၈

ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနှင့် ဂျပန် ဥပဒေစနစ်များကို နှိုင်းယှဉ်လေ့လာ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန် ဂျပန်နိုင်ငံသို့ ဇွန် ၈ ရက်မှ ၁၅ ရက်ထိ လေ့လာရေး ခရီးသွားရောက်ခဲ့သည်။ ခရီးစဉ်အတွင်း ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများ၊ ဂျပန် တက္ကသိုလ်များမှ ဥပဒေပါမောက္ခများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရှေ့နေများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အခြားဝန်ကြီးဌာနများမှ တာဝန်ရှိသူများပါဝင်၍ အလုပ်ရုံဆွေးနွေးပွဲ၌ ပြည်ထောင်စုရှေ့နေချုပ်သည် The Legal System of Myanmar and Updates on Myanmar Business Law ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားပြီး တက်ရောက်သူများ မေးမြန်းသော ဥပဒေရေးရာ အချက်အလက်များကို အပြန်အလှန်ဆွေးနွေးခဲ့သည်။ ဂျပန်နိုင်ငံတိုကျိုမြို့ရှိ JICA Tokebashi Godo Bldg Hall ၌ဇွန် ၁၂ ရက်တွင် ကျင်းပသည့် ဥပဒေရေးရာ နှီးနှောဖလှယ်ပွဲတွင် ပြည်ထောင်စုရှေ့နေချုပ်က မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် ပေါ်ပေါက်လာသော ဥပဒေစနစ်များအကြောင်း၊ လက်တွေ့စီးပွားရေးဆိုင်ရာဥပဒေများ ကျင့်သုံးနေပုံတို့ကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းရေးရာကော်မတီ ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဥပဒေကြမ်းရေးရာကော်မတီ၏ လုပ်ငန်းများနှင့် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးကျော်မိုးနိုင်က ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အခန်းကဏ္ဍတို့ကို အသီးသီး ဆွေးနွေးတင်ပြခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံတရားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Sadakazu TANIGAKI၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးတာဝန်ယူထားသူ ဒုတိယဝန်ကြီးချုပ် Mr. Taro ASOU ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှဒုတိယဝန်ကြီး ၊ ဂျပန်နိုင်ငံရှေ့နေချုပ်၊ တိုကျိုတရားလွှတ်တော်ဆိုင်ရာ ဥပဒေချုပ်၊ တိုကျိုဒေသဆိုင်ရာ ဥပဒေချုပ်၊ ဂျပန်နိုင်ငံတရားရေးရာဝန်ကြီးဌာန သုတေသနနှင့် သင်တန်းရေးရာဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဂျပန်နိုင်ငံ၏ တရားလွှတ်တော်ချုပ်တရားသူကြီး၊ တိုကျိုတရားလွှတ်တော်ချုပ်ဥက္ကဋ္ဌ၊ တိုကျိုဒေသဆိုင်ရာ တရားလွှတ်တော်ချုပ်ဥက္ကဋ္ဌ၊ ဂျပန်နိုင်ငံ အစိုးရအဖွဲ့၏ ဥပဒေပြုရေးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ International Civil and Commercial Law Centre Foundation (ICCLC)၏ ဥက္ကဋ္ဌ၊ Japan International Cooperation Agency (JICA)၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့နှင့် အသီးသီး တွေ့ဆုံ၍ မြန်မာ-ဂျပန် နှစ်နိုင်ငံဥပဒေရေးရာပူးပေါင်းဆောင်ရွက်ရန် ကိစ္စများ၊ ဥပဒေရေးရာနှင့် ပတ်သက်သော လုပ်ငန်းများ၊ နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ဥပဒေရေးရာကိစ္စရပ်များကိုလည်း အသေးစိတ် ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါအဖွဲ့တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးမြင့်သိန်းထွန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲမြင့်နှင့် ဦးစီးအရာရှိ ဦးငွေဇော်အောင်တို့လည်း အတူလိုက်ပါသွားခဲ့ကြပြီး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၆ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်မဲ၌ မိုးသည်းထန် လေပြင်းတိုက် အမိုးလန်ပြီး ဓာတ်တိုင်များကျိုးပျက်

ကျောက်မဲ ဇွန် ၁၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ပေါ်တွင် ယနေ့ မွန်းလွဲ ၂ နာရီခွဲခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများ တိုက်ခတ်သွားသဖြင့် သစ်ပင်များ ကျိုးကျလဲပြိုခြင်း၊ ကွန်ကရစ် လျှပ်စစ်ဓာတ်အားတိုင်အချို့ လဲကျခြင်း၊ အဆောက်အအုံအချို့ အမိုးသွပ်ပြားများလန်သွားခြင်းတို့ကို တွေ့ရသည်။

ပင်လုံ လမ်းမကြီးပေါ်ရှိ ခရိုင်အားကစားရုံရှေ့တွင် ကွန်ကရစ်လျှပ်စစ်ဓာတ်တိုင်နှစ်တိုင် ကျိုးကျပြီး တယ်လီဖုန်းဆက်သွယ်ရေးတိုင်များ ပျက်စီးကာ ဆက်သွယ်မှုလိုင်းများ ပြတ်တောက်သွားခဲ့သည်။ **(အောက်ပုံ)**

ပုံမှန်သွားလာနိုင်

လမ်းတစ်လျှောက် သစ်ပင်ကြီးများကျိုးကျပြီး ခရိုင်အားကစားကွင်းရှိ ပွဲကြည့်စင် သွပ်မိုးများ ကျွတ်ထွက်လန်သွားပြီး အနီးရှိ အထက (၃) ကျောင်းဝင်းအတွင်းသို့ ကျရောက်သွားခဲ့ရာ သူငယ်တန်း (က)အဆောင်အမိုးပေါ်သို့ ပွဲကြည့်စင်မှ အမိုးပြားတန်းများ ကျရောက်ပြီး အမိုးသွပ်ပြား ပေါက်ပြကာ မျက်နှာကြက်များအထိ ထိုးဖောက်သွားသဖြင့် သူငယ်တန်း ကျောင်းသား ကျောင်းသူငယ်လေးများ အထိတ်တလန့် ငိုကြွေးခဲ့ကြသည်။ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများက သူငယ်တန်းကလေးငယ်များကို ဘေးလွတ်ကင်းရာ အဆောင်များသို့ ခေါ်ဆောင်ပြောင်းရွှေ့ပေးခဲ့ရသည်။ ပင်လုံလမ်းမကြီးပေါ်တွင် ဓာတ်တိုင်နှင့် သစ်ပင်များလဲပြိုပြီး လမ်းပိတ်ဆို့နေသဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်၊ မြို့နယ်စည်ပင်အင်ဂျင်နီယာမှူး ဦးတင်ရှိန်နှင့် စည်ပင်ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးစောဦးနှင့် လျှပ်စစ်ဝန်ထမ်းများ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဦးစီး ဦးကိုကိုကြီး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းပေးကြသဖြင့် ညနေ ၅ နာရီတွင် လမ်းများ ပုံမှန်သွားလာနိုင်ခဲ့သည်။

မောင်မောင်(ကျောက်မဲ)

တပ်ကုန်းမြို့နယ်အတွင်း မိုးကြိုးနှစ်ကြိမ်ပစ် တစ်ဦးသေဆုံးပြီး နေအိမ်တစ်လုံး ပျက်စီး

တပ်ကုန်း ဇွန် ၁၈

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့ အနောက်မြောက်ဘက် မိုင် ၂၀ ကျော်အကွာရှိ ကျေးရွာနှစ်ရွာတွင် တစ်ရက်တည်း မိုးကြိုးနှစ်ကြိမ်ပစ်ခတ်ခဲ့ရာ တစ်ဦးသေဆုံးပြီး နေအိမ်တစ်လုံးပျက်စီးခဲ့ကြောင်း သိရသည်။

တပ်ကုန်းမြို့နယ် သာယာအေး အုပ်စု သာယာအေးကျေးရွာတွင် ဇွန် ၁၅ ရက် ညနေ ၄ နာရီက အသက် (၁၃ နှစ်)အရွယ်ရှိ ခုနစ်တန်းကျောင်းသား မောင်ကြည်လှိုင်လင်းသည် ၄င်း၏ မိသားစုယာတောထဲသို့ သွားစဉ် မိုးကြိုးပစ်ခံရပြီး နေရာတွင် ပွဲချင်းပြီး သေဆုံးသွားသည်။ မောင်ကြည်လှိုင်လင်း၏ အင်္ကျီ၊ ပုဆိုး တစ်စုံလုံး မီးလောင်ကျွမ်းသွားပြီး နောက်ကျောဘက်မှ ရင်ဝ၊ ဆီးခုံအထိ လျှပ်စီးဝင်မှု ဒဏ်ရာများဖြစ်ပေါ်နေသည်ကို တွေ့ရသည်။ မိုးကြိုးပစ်မှု ဖြစ်ပွားချိန်တွင် မောင်ကြည်လှိုင်လင်းသည် လူလေးဦး၊ ကျွဲသုံးကောင်နှင့် အတူရှိနေခဲ့ကြောင်း၊ အခြားသူ တစ်စုံတစ်ဦးမျှ ဒဏ်ရာမရရှိခဲ့ကြောင်း၊ ဖြစ်ပွားသည့်နေရာတွင် မြက်ပင်များ မီးကျွမ်းသွားသည်ကို တွေ့ခဲ့ရကြောင်း၊ ဒေသခံတစ်ဦးဖြစ်သည့် ဦးအောင်သိန်းက ပြောပြသည်။

အခင်းဖြစ်ပွားပြီး ငါးမိနစ်အကြာ သာယာအေးရွာ၏အနောက်တောင်ဘက်အနီးရှိ ရွာသစ်ကျေးရွာတွင် မိုးကြိုးပစ်မှုဖြစ်ပွားရာ ယင်းရွာနေ ဦးမြဆောင်၏ နေအိမ်ရှေ့မျက်နှာစာတစ်ခြမ်း ပျက်စီးသွားကြောင်း ဦးအောင်သိန်းက ဆက်လက်ပြောပြသည်။

တင်မောင်လွင်

၁၂ ဘီးကား တံတားဖြတ်စဉ် တံတားကျိုးကျ

ဗန်းမော် ဇွန် ၁၈

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် မန်ဝိန်းလေးကျေးရွာ ဗန်းမော်-ဘဝမ်ကထောင်-စီအူလမ်း (မန္တလေး-ဗန်းမော်ကားလမ်း)မိုင်တိုင်အမှတ်-၁၆/၅၊ တံတားအမှတ်-၃/၁၇၊ အရှည် ၁၂၅ ပေ၊ သစ်သားကြမ်းခင်း၊ သံပေါင်ဘေလီတံတားပေါ်သို့ ဇွန် ၁၆ ရက် ညနေ ၅ နာရီခွဲက ကိုကျော်နိုင် မောင်းနှင်သော ၈စ/--- ၁၂ ဘီးကားသည် သတ္တုများတင်ဆောင်ကာ တံတားပေါ် ဖြတ်သန်းပြီး ဗန်းမော်ဘက်သို့ ထွက်အလာ တံတားအလယ်အရောက်တွင် ခံနိုင်ဝန်မရှိသဖြင့် တံတား ကျိုးကျသွားသည်။

စိုးရိမ်ရ

တံတားကျိုးကျသဖြင့် ဗန်းမော်ဘက်ခြမ်း ကမ်းကပ်ခုံပျက်စီးခြင်း၊ UP Stream ဘက်ခြမ်းရှိ H20 သံပေါင်များအားလုံး ညာဘက်သို့ အနည်းငယ်ကွေးသွားသည်။ စင်းခန်းကျေးရွာမှ တရုတ်ပြည် လိုင်းရင်းအထိ သတ္တုသယ်ကားမျိုးစုံ ၁၃၅ စီးရှိကြောင်း ဘီးခွန်ဂိတ် ဦးမြမောင်က ပြောပြသည်။ သတ္တုသယ် ကားကြီးများသည် ဗန်းမော်မြို့အတွင်းမှ ဖြတ်သန်းသွားလာနေကြ၍ ကျောင်းသား ကျောင်းသူ ကလေးသူငယ်များ ယာဉ်ထိခိုက်မှု အန္တရာယ် မိဘပြည်သူများ စိုးရိမ်နေရကြောင်း သိရသည်။

ဆီမီးခုံ -နန်းရီ

ကန့်ကွက်ရန် ရှိ၊ မရှိ ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၁-၇၂၊ မြေကွက်အမှတ် ၉၄၃၊ ဧရိယာ ၂၅ ပေ × ပေ ၅၀ အကျယ်အဝန်းရှိ ဦးကြည် GWA -၀၀၁၂၆၄၊ ဦးတင်ထွန်း EME -၀၇၀၁၁၇ အမည်ပေါက် နှစ် ၆၀ ဂရန်အနက်မှ ဦးကြည်အမည်ပေါက် ဧရိယာ ၁၂ပေခွဲ×ပေ ၅၀ အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ် ၄ရပ်ကွက်၊ ကွမ်းခြံ ၄ လမ်း၊ အမှတ် ၁၅/က ဟုခေါ်တွင်သော နှစ်ထပ်ပျဉ်ထောင် အဆောက်အအုံအပါအဝင် တပ်ဆင်ထားသော ရေစုပ်စက်၊ ဖုန်း-၀၁-၅၀၁၆၆၃ (လိုင်းခွဲ-၂၅၂)၊ လျှပ်စစ်မီတာ၊ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပြီး ယခုလက်ဝယ်ပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ကတိပြုသူ ဦးမင်းမင်း ၁၂/အစန(နိုင်)၁၅၈၃၁၂ထံမှ ကျွန်ုပ်ကဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်ထံ ခိုင်လုံသည့် စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကန့်ကွက်ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်ထွေးဝင်း ၁၂/လမန(နိုင်)၁၁၃၂၈၆
ဖုန်း-၀၉-၇၃၁၃၆၂၉၉

အမှတ် ၃/၁၁၅၊ သဇင်ဖြူ ၂လမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာချက်

အထက်ဖော်ပြပါ လိပ်စာဖြစ်သည့် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊လူနေရပ်ကွက်အမှတ် ကံဘဲ့၊ မြေကွက်အမှတ် ၃/၁၁၅၊ ဧရိယာ ၀ဒသမ၀၇၆ ဧကရှိ နှစ်၆၀ ဂရန်မြေအမျိုးအစားမြေကွက်ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်တင်အေး ၁၂/ဗဟန(နိုင်)၀၈၄၂၆၅ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ) (စဉ်-၆၇၀၂)
အမှတ် ၅၆၁၊ (M.A.C Tower) အခန်း ၃၀၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

တိုက်အမှတ်(၃၁)၊ ပဥ္စမထပ်၊ ဦးဖီးလမ်း၊ စမ်းချောင်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာချက်

ဦးအောင်ဇော်ထူး ၁၀/ရမန(နိုင်)၀၆၉၀၆၂ လက်ရှိပိုင်ဆိုင်သော အလျား၂၅ပေ×အနံ ပေ၅၀ အကျယ်ရှိ အထက်ဖော်ပြပါတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို၄င်းထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) (စဉ်-၆၇၀၂)
အမှတ် ၅၆၁၊ (M.A.C Tower)အခန်း ၃၀၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အမည်ပြောင်း

မောင်စိုင်းထွန်းထွန်းနိုင်အား မှတ်ပုံတင်အမှတ် ၁၃/ကတန(နိုင်)၁၆၆၆၅၃ အရ မောင်ထွန်းထွန်းနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ထွန်းထွန်းနိုင်



မသက်ဆိုင်ပါကြောင်း

ကျွန်တော် ထွန်းထွန်းအောင် MMO-၃၀၈၀၄၆နှင့် ကျွန်မ မစုနန္ဒာသန်း ၁၂/မဂဒ(နိုင်)၀၉၂၁၅၅ တို့သည် ၁၇-၆-၂၀၁၃ ရက်တွင် ကေခိုင်မြင့် (က/၂၉၂၄) ဒုတိယမြို့နယ်တရားသူကြီး(၂) တောင်ဥက္ကလာပမြို့နယ် တရားရုံးတွင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်းနှင့် ၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မစုနန္ဒာသန်း

ပြည်တွင်းသတင်း

ဝါမဝင်မီ စက်မှုဇုန်အငှားလိုက်လာ

ရန်ကုန် ဇွန် ၁၈

ဝါတွင်းကာလရောက်ရှိရန် နီးကပ်လာခြင်းနှင့် မိုးရာသီဝင်ရောက်လာခြင်းများကြောင့် ရန်ကုန်မြို့စွန် စက်မှုဇုန်များ၌ အငှားနှင့် အရောင်းအဝယ်ဈေးကွက် ပိုမိုတွင်ကျယ်လာကြောင်း အိမ်ခြံမြေအကျိုးဆောင်များထံမှ သိရသည်။

"ဂိုဒေါင်အတွက် ငှားကြတာများတယ်။ မိုးတွင်းမှာ မိုးဒဏ်လေဒဏ်ခံနိုင်မယ့် အဆောက်အအုံကောင်းတွေ ပိုပြီးအငှားများတယ်။ အရောင်းအဝယ်အနေနဲ့ကတော့ နေရာကောင်းတွေဖြစ်ပြီး ရေဝပ်တဲ့နေရာတွေ ဈေးသက်သာပေမယ့် အရောင်းအဝယ်မကောင်းဘူး။ အများစုက သိုလှောင်ထားရမယ့် စက်မှုထုတ်ကုန်ပစ္စည်းတွေအတွက် နေရာရှာလာကြတယ်"ဟု ရိုးမအိမ်ခြံမြေအကျိုးဆောင်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အများစုသော စက်မှုဇုန်လုပ်ငန်းရှင်များသည် ၎င်းတို့၏ကုန်ကြမ်းပစ္စည်းများနှင့် ထုတ်ကုန်ပစ္စည်းများကို မိုးတွင်းကာလအတွင်း လုံခြုံပြီး စိတ်ချရသည့် ဂိုဒေါင်၊ အဆောက်အအုံများအတွင်း ငှားရမ်းထည့်သွင်းထားလေ့ရှိပြီး ဆောင်းရာသီနှင့် နွေရာသီ၌ သာမန်ဂိုဒေါင်များ၌သာ ပြောင်းရွှေ့ထားရှိတတ်သည်။

"ဒီနှစ်မှာ ကုန်ချောထက် ကုန်ကြမ်းတွေထားရှိဖို့ ဂိုဒေါင်အငှားလိုက်နေပါတယ်။ ငှားရမ်းမယ့် အဆောက်အအုံရှားပါးလာနေတဲ့အတွက် စက်မှုဇုန်ထဲမှာသာမကတော့ဘဲ နီးစပ်ရာမြို့နယ်တွေက အဆောက်အအုံတွေပါ အလုပ်ဖြစ်တယ်" ဟု အိမ်ခြံမြေအကျိုးဆောင် ကိုဇော်က ပြောကြားသည်။

လက်ရှိတွင် တောင်ဒဂုံစက်မှုဇုန်၊ ရွှေလင်ပန်းစက်မှုဇုန်၊ ရန်ကုန်စက်မှုဇုန်၊ ဒဂုံဆိပ်ကမ်း၊ ဒဂုံအရှေ့နှင့် ရွှေပြည်သာစက်မှုဇုန်များအတွင်း ပိုမိုငှားရမ်းမှုမြင့်တက်လျက်ရှိပြီး အရောင်းအဝယ်ဖြစ်မှုများမှာ ရန်ကုန်မြို့နှင့် အနီးစပ်ဆုံး စက်မှုဇုန်နှစ်ခုတွင်သာ အဖြစ်များနေကြောင်း သိရသည်။

"ဈေးက တစ်လကို ကျပ်တစ်သိန်းခွဲကနေ ကျပ်လေးသိန်းကြား အခန်းငယ်၊ ကျပ်ငါးသိန်းကနေ ၁၅သိန်းကြား ဂိုဒေါင်၊ ကျပ်သုံးသိန်းကနေ ကျပ်သိန်း ၂၀ အထိ အဆောက်အအုံကောင်းများ အပေါ်အငှားရှိနေပြီး မီတာ၊ ထရန်စဖော်မာ၊ လုံခြုံမှုစသဖြင့် ဈေးနှုန်းကွာခြားပါတယ်။ အရောင်းအဝယ်အနေနဲ့ကတော့ ကြိုက်ဈေးအရောင်းအဝယ်ဖြစ်ပြီး ဈေးနှုန်းမှန်းဆပြောဖို့ခက်ခဲတယ်"ဟု အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

ခင်ရတနာ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၁၈-၆-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၇၀၉၅၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၆၇၈၀၀ ဝန်းကျင်

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၄၈-၉၅၈ ကျပ်
ဥရောပ	တစ်ယူရို	၁၂၆၄-၁၂၈၂ ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၅၃-၇၆၅ ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၁၅ ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆. ၄၆ ကျပ်
တရုတ်	တစ်ယွမ်	၁၅၄ ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၄ ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၇၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၁၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၂၇၀၀ - ၆၀၀၀ ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၄၀၀ - ၂၆၀၀ ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၅၀၀၀ - ၆၈၀၀ ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၆၀၀၀ -၁၂၀၀၀ ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၅၀၀၀ - ၈၅၀၀ ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀ -၂၈၀၀၀ ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၁၂၀၀၀ -၁၉၀၀၀ ကျပ်
၈။	ကြက်	တစ်ပိဿာ	၄၅၀၀ -၁၂၀၀၀ ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀ ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀ ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀ -၁၅၀၀၀ ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွေဆန်	တစ်အိတ်	၁၇၂၀၀
၂။	ပေါ်ကွဲ	တစ်အိတ်	၂၁၅၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၃၀၀၀-၂၉၀၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၆၁
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၃၉၀-၄၅၅
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၁၇၅၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၁၂၀၀
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၇၅၀-၉၁၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၈၀၀-၁၈၅၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀-၄၃၀၀
၁၂။	သကြား	တစ်ပိဿာ	၉၀၀-၉၈၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပညာရွှေအိုး လူမခိုး

ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းများနှင့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု

နေပြည်တော် ဇွန် ၁၈

၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့သော မြို့နယ်/ ကျောင်းများနှင့် ကျောင်းသား ကျောင်းသူများအား ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၁၅ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး၊ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက အောင်ချက်အကောင်းဆုံးမြို့နယ်များနှင့် ကျောင်းများ၊ ခြောက်ဘာသာ၊ ငါးဘာသာနှင့် လေးဘာသာဂုဏ်ထူးရှင် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခဲ့ကြသည်။

၂၀၁၂-၂၀၁၃ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ခြောက်ဘာသာဂုဏ်ထူး ၃၈ ဦး၊ ငါးဘာသာဂုဏ်ထူး ၅၂ ဦး၊ လေးဘာသာဂုဏ်ထူး ၁၁၁ ဦး၊ သုံးဘာသာဂုဏ်ထူး ၂၅၉ ဦး၊ နှစ်ဘာသာဂုဏ်ထူး ၆၁၀ နှင့် တစ်ဘာသာဂုဏ်ထူး ၃၀၉၀ တို့ရရှိကြပြီး အောင်မြင်မှုရာခိုင်နှုန်းမှာ ၃၁ ဒသမ ၂၀ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နှစ် ၁၃၀ ကျော် သက်တမ်းရှိ ကျောက်သပိတ်တော်

ညောင်ဦး ဇွန် ၁၈

ပုဂံယဉ်ကျေးမှုနယ်မြေဒေသရှိ မြတ်စွယ်တော်လေးဆူအနက် တစ်ဆူအပါအဝင်ဖြစ်သည့် ရွှေစည်းခုံစေတီတော်မြတ်ကြီးတွင် ကောဇာသက္ကရာဇ် ၁၂၄၀ ခု၊ ကုန်းဘောင်ခေတ်က ကင်းဝန်မင်းကြီး၏သမီး မောင်မယ်များ ကောင်းမှုဟု ကမ္ပည်းထိုး၍ လှူဒါန်းထားသော ကျောက်သပိတ်တော်တစ်ခုရှိကြောင်း သိရသည်။

ကုန်းဘောင်ခေတ်က မင်းတုန်းမင်းတရားကြီးလက်ထက် မှူးကြီးမတ်ရာများအနက် ကင်းဝန်မင်းကြီးသည် ပုဂံဒေသသို့ အရောက်အပေါက်အများဆုံး ဝန်ကြီးတစ်ပါးဖြစ်ခဲ့ကြောင်း၊ ပုဂံဒေသသို့ ရောက်ရှိတိုင်း ရွှေစည်းခုံစေတီတော်မြတ်ကြီးကို လာရောက်ဖူးမြော်လေ့ရှိပြီး ရွှေသက်န်းကပ်ခြင်း၊ ဆီမီးရေချမ်းကပ်ခြင်းစသည့် ကောင်းမှုကုသိုလ်များ ဆောင်ရွက်ခဲ့လေ့ရှိကြောင်း၊ စေတီတော်ပရိဝုဏ်အတွင်း ခေါင်းလောင်းတစ်ခုကိုလည်း လှူဒါန်းခဲ့ဖူးကြောင်း၊ စေတီတော်ကြီးနှင့်ပတ်သက်၍ အတွင်းအံ့ကိုးပါး၊ အပြင်အံ့ကိုးပါးနှင့် ရွှေပြားကပ်လှူရမည့် ၁၂ ဌာန တို့ကို ကဗျာလင်္ကာများ စပ်ဆိုခဲ့ဖူးကြောင်း သိရသည်။

ယခုကျောက်သပိတ်တော်သည် ကင်းဝန်မင်းကြီး၏ သမီးမောင်မယ်များ လှူဒါန်းထားကြောင်း၊ သပိတ်ပေါ်တွင် ကမ္ပည်းရေးထိုးထားသည်ကို ယနေ့တိုင် မြင်တွေ့နိုင်သည်။ သပိတ်တော်သည် အချင်းတစ်ပေ ကိုးလက်မ၊ အမြင့် တစ်ပေ ငါးလက်မရှိပြီး ကောဇာသက္ကရာဇ် ၁၂၄၀ ခုတွင် လှူဒါန်းခဲ့သောကြောင့် နှစ်ပေါင်း ၁၃၀ ကျော်ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

ရဲသူရအောင်

ရွှေ့လျားစနစ်မှ အကောက်ခွန်မဲ့ ပစ္စည်းများဖမ်းမိ

ဝေါ ဇွန် ၁၈

ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စစ်တောင်းတံတား အဟောင်းအသစ်ဆုံရာ မဟာဗျူဟာလမ်းဆုံတွင် ရွှေ့လျားစနစ် လရ-၂ ပူးပေါင်းအဖွဲ့သည် တရားမဝင်ကုန်ပစ္စည်းများနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများ သယ်ဆောင်လာသော မော်တော်ယာဉ်များကို ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်း ကိုသီဟ မောင်းနှင်လာသော ယာဉ်အမှတ် ၆က/----ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ပေါင်းသတ်ဆေးဖာ ၅၀၊ ပဲနို့ ၂၅ ကတ်၊ မုန့်မျိုးစုံ ၁၀၅ ဖာ၊ Alysra Lito Sil ၁၄ဖာ၊ Copper hyhoricle ၂၉ ဖာ ကာလတန်ဖိုး ငွေကျပ် ၆၇၉၀၀၀ ကို အကောက်ခွန်မဲ့ စစ်ဆေးတွေ့ရှိရသည့်အတွက် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဘုန်းသော်(ဝေါ)

ဘီအီးအရက်ဖြူအဆီသောက်သုံး၍ လေးဦးသေဆုံး

နေပြည်တော် ဇွန် ၁၈

ဇွန် ၁၅ ရက် ည ၈ နာရီ ၃၅ မိနစ်က ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် ပန်းပင်ချောင်းရပ်ကွက်အတွင်း လူလေးဦး မူးဝေအော့အန်၍ သေဆုံးကြောင်း သတင်းအရ ဆိပ်ကြီးခနောင်တို မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ အဆိုပါကျေးရွာနေ ထွန်းထွန်းဦး(ခ) ထွန်းမြင့် (၃၇ နှစ်)၊ ရဲထွန်း(၅၅ နှစ်)၊ မျိုးအောင်(၄၃ နှစ်)၊ အေးထွန်း (၆၀ နှစ်)တို့ လေးဦးကို မူးဝေအော့အန်ဗိုက်အောင့် ရင်ဘတ်ပူလက္ခဏာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ ယင်းနေ့နံနက်ပိုင်းက ထွန်းထွန်းဦး(ခ)ထွန်းမြင့်၏ နေအိမ်၌ ဘီအီးအရက်ဖြူအဆီ ရေသန့်ဘူးတစ်ဘူးကို ရေသုံးပုလင်းခွဲခန့်ဖြင့် ရောစပ်၍ ၎င်းတို့လေးဦး အတူဝိုင်းဖွဲ့သောက်စားရာမှ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရဲထွန်းနှင့် မျိုးအောင်တို့၏ အလောင်းကို ဆိပ်ကြီးခနောင်တိုဆေးရုံသို့လည်းကောင်း၊ အေးထွန်းနှင့် ထွန်းထွန်းဦး(ခ)ထွန်းမြင့်တို့၏ အလောင်းကို ရန်ကုန်ဆေးရုံကြီးသို့လည်းကောင်း ပို့ဆောင်ခဲ့ပြီး ဆိပ်ကြီး ခနောင်တိုမြို့မရဲစခန်းက သေမှုသေခင်းဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုကိုရူပ

ဆိုင်ကယ်စီးသမား ပန်ဆိုင်း(ကြူကုတ်)၌ အသတ်ခံရ

မူဆယ် ဇွန် ၁၈

မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်) ရဲစခန်းအပိုင် ပြည်ထောင်စုလမ်းမဘေး နမ့်တောင်းရွာ အမှတ်(၁)ရပ်ကွက်နေသူ ဦးစံထွန်း (၄၀ နှစ်)သည် ဇွန် ၁၆ ရက် ည ၉ နာရီ ၄၅ မိနစ်က လမ်းအတွင်းပိုင်း ဟိုနောင်ဘက်မှ မိမိနေအိမ်သို့ ဆိုင်ကယ်ဖြင့် ပြန်လည်ရောက်ရှိစဉ် ဆိုင်ကယ်သုံးစီးဖြင့် လိုက်လာသော အမျိုးအမည်မသိဘောင်းဘီဝတ်ထားသူ သေနတ်သမားတစ်စုက သေနတ်ဖြင့် ခြောက်ချက်ပစ်ခတ်သဖြင့် အခင်းဖြစ်သည့်နေရာတွင် ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။

အခင်းဖြစ်ပြီးချင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်နန်က တယ်လီဖုန်းဖြင့် သတင်းပေးပို့သဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က မည်သည့်အဖွဲ့အစည်းမှဖြစ်ကြောင်း အတည်ပြုနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အယ်လ်စိုး(iprd)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခအိမ်ရာနေ
ဦးဇေယျာဦး(မန်နေဂျင်းဒါရိုက်တာ၊ ထူးထက်ကျော်ကုမ္ပဏီလီမိတက်)-
ဒေါ်လှလှသွယ် [အင်ဂျင်နီယာမှူးကြီး(လမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန]
တို့၏သား

မောင်ထက်အောင်ဇေ

B.E (E.P)
M.Sc, Power Engineering (N.T.U, Singapore)
Deputy Project Manager (Sanli M & E Engineering PTE., LTD.)

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပဒုမ္မာလမ်းနေ
ဦးဖေခင် (ခရိုင်ဥပဒေအရာရှိ-ငြိမ်း၊ တရားလွှတ်တော်ရှေ့နေ)-ဒေါ်ဝေနီရှိန်
တို့၏သမီးငယ်

မခိုင်ဆုဝေခင်

LL.B, D.B.L

ဒု-မြို့နယ်ဥပဒေအရာရှိ (စမ်းချောင်းမြို့နယ်ဥပဒေရုံး)

တို့၏ ၂၁-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် Treaders Hotel (Myanmar Ballroom) ၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် လက်မှတ်ရေးထိုးပေးပါသော ဦးကျော်မိုးနိုင် (ဥပဒေချုပ်၊ ရန်ကုန်တိုင်းဒေသကြီး) မင်္ဂလာအသိသက်သေများနှင့်တကွ အခမ်းအနားမှူးအားလည်းကောင်း၊ ၂၄-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မင်္ဂလာဆွမ်းကျွေးအလှူတွင် ကြွရောက်ပေးပါသော ဆွေမျိုး၊ မိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၇-၄-၂၀၁၃ရက် (စနေနေ့)တွင် Sedona Hotel (Grand Ballroom) ၌ ပြုလုပ်သော မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော ဦးကျော်လွင် (ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်မူမူဆွေ၊ မင်္ဂလာလက်စွပ်သိဒ္ဓိတင် ဆင်မြန်းပေးပါသော သတ္တမဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသီဂီဒေါ်ခင်ချိုအုန်း (ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး) တို့အားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်သောဆွေမျိုး၊ မိတ်ဆွေသင်္ဂဟများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ထက်အောင်ဇေ-မခိုင်ဆုဝေခင်

ပုလောမြို့နယ်အသင်း (ရန်ကုန်) ဂုဏဝိသိဋ္ဌ ပူဇာသဘင် ကျင်းပမည်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)အရ ပုလောမြို့နယ်ဂုဏ်ဆောင် မြိတ်မြို့ ကန်သာစာသင်တိုက်ဆရာတော် **ဘဒ္ဒန္တ ဉာဏာလင်္ကာရ** (ဂန္ထဝါစက ပဏ္ဍိတ)အား သာသနာတော်ဆိုင်ရာ **မဟာဂန္ထဝါစကပဏ္ဍိတ** ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

၂။ ဘွဲ့တံဆိပ်တော်ဆက်ကပ်ချီးမြှင့်လှူဒါန်းခြင်းခံရသော ဆရာတော် **ဘဒ္ဒန္တဉာဏာလင်္ကာရ**(ဂန္ထဝါစကပဏ္ဍိတ)အား နာယက၊ အမှုဆောင်များက ကြီးမှူး၍ ဝမ်းမြောက်ဂုဏ်ယူစွာ **ဂုဏဝိသိဋ္ဌပူဇာသဘင်**ကို ၂၀၁၃ ခုနှစ် ဇွန် ၃၀ ရက်၊ ၁၃၇၅ ခုနှစ် နယုန်လပြည့်ကျော် ၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ပုလောမြို့နယ်အသင်းတိုက်၌ ဆင်ယင်ပူဇော်မည်ဖြစ်ပါသည်။

၃။ အသင်းသူ အသင်းသား၊ မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပူဇော်ကြပါရန်နှင့် လှူဖွယ်ပစ္စည်း လှူဒါန်းလိုသူများ နီးစပ်ရာ နာယက၊ အမှုဆောင်များနှင့် အသင်းအုပ်ချုပ်ရေးမှူး ဖုန်း-၂၂၀၃၂၄၊ ၂၂၉၇၇၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

သီဟ(၇၉)သူငယ်ချင်းများသို့ ဖိတ်ကြားလွှာ

နှစ်စဉ်တွေ့ဆုံဒါနပြုပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

	နေ့ရက်/အချိန်	**နေရာ**
ဒါနပြုပွဲ	၂၂-၆-၂၀၁၃ ရက် ၀၉း၀၀နာရီ	နိုင်ငံတော်သံဃာ့မဟာနာယကကျောင်းဆောင် (ကမ္ဘာအေး)
တွေ့ဆုံညစာစားပွဲ	၂၂-၆-၂၀၁၃ ရက် ၁၈း၀၀နာရီ	ကုန်းမြင့်သာစားတော်ဆက်၊ ၈ မိုင်

သူငယ်ချင်းများ ဇနီးနှင့်အတူ တက်ရောက်ပါရန်နှင့် ကျဆုံး/ကွယ်လွန် သူငယ်ချင်းများ၏ ဇနီးများလည်း တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်-

ခင်ငွေ ဖုန်း-၀၉-၅၀၃၄၉၃၅၊ မျိုးမြင့် ဖုန်း-၀၉-၅၁၅၆၀၁၃၊ ထွန်းညွန့် ဖုန်း-၀၉-၄၄၈၀၂၃၆၁၉၊ ကျော်ငွေ ဖုန်း-၀၉-၇၃၂၄၄၇၇၀၊ မြသန်း ဖုန်း-၀၉-၅၁၃၀၀၃၀

ရွှေပြည်သာမြို့နယ်မှ
အောက်ပါမြေတိုင်းမြေကွက်များ
ဝယ်လိုသည်

င/၁၁/င/၁၂/င/၁၃
င/၁၄/၁၅/၁၆/၂၉/၃၀/၃၁
ဏ ၄၀ / တ ၄၁
LIGHT SPEED
အိမ်ခြံမြေရောင်းဝယ်ရေး
ဖုန်း-၀၉-၄၂၀၁၅၂၅၂၁၊
၀၉-၇၃၀၆၂၇၃၂

အမည်ပြောင်း

တောင်ကြီးမြို့၊ အထက(၅)၊ ပထမတန်း(က)မှ မမေမြင့်မြတ်ကျော် (ဘ) ဦးကျော်မင်းလွင်အား ယနေ့မှစ၍ မဖြူဖွေးအိဟု ပြောင်းလဲခေါ်ဆိုပါရန်။

အမည်ပြောင်း

ဦးအောင်နိုင်မင်း၏သားနှင့် သမီးများဖြစ်ကြသော အထက ဟိုင်းကြီးကျွန်း တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်မင်းထက်နောင်အား မောင်မင်းခန့်စည်သူနှင့် ဒုတိယတန်း(ခ)မှ မမေလမင်းစံအား မမေလမင်းခင်ဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။

မောင်မင်းခန့်စည်သူ၊ မမေလမင်းခင်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ်၉ဃ/၆၄၂၅၊ Toyota Probox S/W ဒေါ်စန္ဒာမိုး ၅/ခဥန(နိုင်)၀၀၁၇၉၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန(ခရိုင်ရုံး)၊ ရန်ကုန်အရှေ့ပိုင်း**

နိုင်ငံတကာအားကစားသတင်း

ဂျပ်စတင်းရို့ အဓိကဖလားများ ဆက်လက်ဆွတ်ခူးနိုင်

ယူအက်စ်အိုးပင်းချန်ပီယံ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုဖလားဆွတ်ခူးသွားသော ဂျပ်စတင်းရို့စ်သည် အဓိကဖလားကြီးများ ဆက်လက်ဆွတ်ခူးနိုင်သည့် လက်ရည်စွမ်းရှိသူဖြစ်ကြောင်း ဂရင်းဆလမ်ဖလားနှစ်ကြိမ်ရ ဂျက်ကလင်းက ပြောသည်။ အသက် ၃၂ နှစ်ရှိ ဂျပ်စတင်းရို့စ်သည် ၁၉၉၆ ခုနှစ်နောက်ပိုင်း နစ်ဖယ်ဒိုပြီးနောက် ယူအက်စ်အိုးပင်းဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ ၄င်းသည် ၄၃ နှစ်တာအတွင်း အင်္ဂလိပ်ဂေါက်သီးကစားသမားတစ်ဦးအနေဖြင့် ပထမဆုံးအဓိကဖလား ဆွတ်ခူးခဲ့သည်။

ဆယ်စုနှစ်အတွင်း ချယ်လ်ဆီးအောင်မြင်

ချယ်လ်ဆီးအသင်းပိုင်ရှင် ရိုမန်အေဘရာမိုဗစ်ချ်သည် ၄င်း၏အသင်းကို ဆယ်စုနှစ်အတွင်း အောင်မြင်သောအသင်းအဖြစ် ဦးဆောင်ဦးရွက်ပြုနိုင်ခဲ့ကြောင်း အားကစားညွှန်ကြားရေးမှူးဟောင်း ဖရန်အာနက်ဆင်က ပြောသည်။ ချယ်လ်ဆီးအသင်းသည် ရုရှားသူဌေးအေဘရာမိုဗစ်ချ် ၂၀၀၃ ခုနှစ် ဇူလိုင်လက ပေါင်သန်း ၁၄၀ ဖြင့်ဝယ်ယူခဲ့ပြီးနောက် ပရီမီယာလိဂ်ဖလားသုံးလုံး၊ ချန်ပီယံလိဂ်ဖလားတစ်လုံးနှင့် အက်ဖ်အေဖလား လေးလုံးဆွတ်ခူးနိုင်ခဲ့သည်။ ဆယ်စုနှစ်တစ်ခုအတွင်း ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်တွင် အအောင်မြင်ဆုံးအသင်း ဖြစ်လာသည်။

ရှက်တာဒိုးနက် ကွင်းလယ်ကစားသမား လီဗာပူး ခေါ်ယူမည်

လီဗာပူးက ရှက်တာဒိုးနက်ကွင်းလယ်ကစားသမား ဟင်းနရစ်ခ်ီတာရန်အား ပေါင်သန်း ၂၀ ပေးခေါ်ယူရန် စီစဉ်လျက်ရှိသည်။ အသက် ၂၄ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ခီတာရန်သည် ယူကရိန်းကလပ် ရှက်တာဒိုးနက်အသင်းနှင့် လီဗာပူးတို့ ဆွေးနွေးမှုအဆင်ပြေပါက လီဗာပူးသို့ ရောက်ရှိလာနိုင်သည်။ ကွင်းလယ်ကစားသမား ခီတာရန်သည် အမေရိကန်အသင်း ကစားသမားတစ်ဦးဖြစ်ပြီး လွန်ခဲ့သောဘောလုံးရာသီက ရှက်တာဒိုးနက်အတွက် ဂိုးပေါင်း ၂၅ ဂိုး သွင်းယူပေးခဲ့သည်။ ၄င်းသည် ၂၀၀၉ ခုနှစ်က ရှက်တာဒိုးနက်သို့ ရောက်ရှိလာပြီးနောက် ပွဲပေါင်း ၃၇ ပွဲတွင် ၁၂ ဂိုး သွင်းယူပေးခဲ့သည်။

ကောင်းမြတ်သူ စုစည်းသည်

ဘရာဇီးနဲ့ အီတလီတို့နိုင်ပွဲဆက်နိုင်ပါ့မလား

ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲကို ဇွန် ၁၅ ရက်က စတင်ပြီး ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ် စတင်ကျင်းပနေပြီဖြစ်ပါတယ်။ အုပ်စုပွဲစဉ်တွေစတင်ကစားနေပြီး ဇွန် ၁၉ ရက်မှာ အုပ်စု (A) က ဘရာဇီးနဲ့ မက္ကဆီကို၊ အီတလီနဲ့ ဂျပန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်တာမို့ ပွဲကောင်းတွေအဖြစ် အကြိတ်အနယ် နွှဲကြရမယ့် အနေအထားဖြစ်ပါတယ်။

ဘရာဇီးနှင့် မက္ကဆီကို

ဘရာဇီးအသင်းဟာ အိမ်ရှင်ဖြစ်တာနဲ့အညီ ကမ္ဘာ့ဖလားဘောလုံးပွဲအတွက်လည်း ကြိုတင်ပြင်ဆင်မှုအဖြစ် အလေးအနက်ထားကစားပြီး ပြိုင်ပွဲဝင်နေတာဖြစ်ပါတယ်။ ဘရာဇီးအသင်းဟာ ပွဲဦးထွက်အဖြစ် အာရှချန်ပီယံဂျပန်အသင်းကို ခြေစွမ်းပြပြီး သုံးဂိုးပြတ်နဲ့ နိုင်ပွဲရရှိခဲ့တာမို့ ဗိုလ်စွဲမယ်လို့ ရေပန်းစားမှု တစ်ရှိန်ထိုးမြင့်တက်လာခဲ့ပါတယ်။ ဘရာဇီးအသင်းဟာ ခြေစွမ်းကောင်းမွန်တဲ့ အပြင် မြန်နှုန်းမြင့် ကစားနိုင်တာမို့ တစ်ဦးချင်းအရည်အသွေးမြင့်မားတာနဲ့ ပေါင်းစပ်ပြီး ရလဒ်ကောင်းအောင် ကစားနိုင်နေပါတယ်။ ဘရာဇီးအသင်းမှာ တိုက်စစ်မှူးနေမာတို့အုပ်စုက ဂိုးသွင်းနိုင်ကြသလို တစ်ဦးချင်း နားလည်မှုလည်းရှိနေပါတယ်။ ကွင်းလယ်ကစားအားကောင်းပြီး ခံစစ်ပိုင်းလည်း အမှားအယွင်းနည်းအောင် ကစားနိုင်တာမို့ မက္ကဆီကိုအသင်းကို အနိုင်ကစားနိုင်တဲ့ခြေစွမ်းတော့ ရှိနေပါတယ်။

မက္ကဆီကိုအသင်းဟာ ဇွန် ၁၆ ရက်က အီတလီအသင်းနဲ့ ကစားတဲ့အခါ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့ပေမယ့် ခြေစွမ်းကတော့ အကောင်းဆုံးပြသနိုင်ခဲ့ပါတယ်။ မက္ကဆီကိုအသင်းမှာ တိုက်စစ်မှူးဟာနန်ဒက်ဇ်က ဂိုးရအောင်သွင်းယူသလို ကွင်းလယ်ကစားအားလည်းကောင်းမွန်တဲ့အနေအထား ရှိနေပါတယ်။ အကျဉ်းအကျပ်တွေထဲက အထိအတို့လေးတွေနဲ့ ရုန်းထွက်တတ်တဲ့ မက္ကဆီကိုရဲ့ကစားဟန်ကလည်း စွဲမက်စရာကောင်းတာတော့ အမှန်ပါပဲ။ မက္ကဆီကိုရဲ့ အားနည်းချက်က အဆုံးသတ် အားနည်းမှုရှိနေတာမို့ အိမ်ရှင်ဘရာဇီးကို ခက်ခဲစွာ ရင်ဆိုင်ရဖို့ ရှိပါတယ်။

အီတလီနှင့် ဂျပန်

အုပ်စု (A) မှာ မက္ကဆီကိုအသင်းကို အနိုင်ကစားပြီး သုံးမှတ် ရယူကစားနိုင်တဲ့ အီတလီအသင်းဟာ ဘရာဇီးကို ရှုံးထားတဲ့ဂျပန်နဲ့ ကစားရမှာမို့ သုံးမှတ်အပြည့် ရယူနိုင်ရေး ကြိုးစားမှာဖြစ်ပါတယ်။ အီတလီမှာ ဘာလော့တယ်လီနဲ့ ပီယာလိုတို့က အဝင်အထွက်ရဲရဲနဲ့ တိုက်စစ်ဆင်ကစားနိုင်သူတွေဖြစ်ပါတယ်။ အီတလီအသင်းဟာ ကစားအား ဟန်ချက်ညီအောင် ထိန်းချုပ်ကစားနိုင်ပြီး ပြိုင်ဘက်အသင်းရဲ့ အားနည်းချက်ကို ထိုးဖောက်တိုက်စစ်ဆင်နိုင်တဲ့အသင်းလည်းဖြစ်ပါတယ်။ အီတလီအသင်းရဲ့ အားသာချက်က ကွင်းလယ်ကစားကွက်ကို အားယူပြီး နေရာစုံက ထိုးဖောက်ကစားတာမို့ ဂျပန်တို့ ဒီပွဲကို ခြေကုန်ထုတ်မှ ရပါလိမ့်မယ်။

ဟွန်ဒါဦးဆောင်တဲ့ ဂျပန်ကစားသမားတွေဟာ အနိုင်ရလိုစိတ်ပြင်းပြင်းနဲ့ ကစားမှာသေချာပါတယ်။ အုပ်စုဖွဲ့ ထိုးဖောက်တိုက်စစ်ဆင်တာကောင်းပေမယ့် ပြိုင်ဘက်အသင်း ဂိုးဧရိယာအတွင်းမှာ ဘောလုံးဆုံးရှုံးမှုများနေတတ်တာကို ဂျပန်ပြင်ဆင်ရပါလိမ့်မယ်။ ဂျပန်အသင်းဟာ အီတလီကိုအနိုင်ကစားမှသာ မျှော်လင့်ချက်တွေ ရှင်သန်နိုင်မှာ ဖြစ်ပါတယ်။ လောလောဆယ်အနေအထား အရတော့ အုပ်စု (A) မှာ အိမ်ရှင် ဘရာဇီးက တစ်ပွဲကစား၊ တစ်ပွဲနိုင်နဲ့ သုံးမှတ်ရရှိနေပြီး အီတလီအသင်းကလည်း တစ်ပွဲကစားတစ်ပွဲနိုင် သုံးမှတ်ရရှိထားပြီဖြစ်ပါတယ်။ ဒါ့ကြောင့် ဘရာဇီးနဲ့ အီတလီတို့ နိုင်ပွဲဆက်နိုင်မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

မိုးမြင့်လင်းလက် ရေးသားသည်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ❐ အသက် ၂၅ နှစ်အရွယ်ရှိ ရီးရဲမက်ဒရစ်တိုက်စစ်မှူး ဟီဂူအင်ကို ပြောင်းရွှေ့ကြေး ပေါင် ၂၅ ဒသမ ၅ သန်းဖြင့် အာဆင်နယ်နှင့် ဂျူဗင်တပ်စ်တို့က အပြိုင်ခေါ်ယူနေသည်။
- ❐ အေစီမီလန်အသင်းသည် ဘရာဇီးတိုက်စစ်မှူး ရော်ဘင်ဟိုကို ဘရာဇီးကလပ် ဆန်တို့စ်အသင်းသို့ ပြောင်းရွှေ့မည်ဖြစ်သည်။
- ❐ မန်စီးတီးတိုက်စစ်မှူး တီဗက်ဇ်ကို ဂျူဗင်တပ်စ်ကခေါ်ယူရန် ကြိုးစားနေသည်။
- ❐ အာဆင်နယ်ခံစစ်ကစားသမား လောရင့်ကို ဘာစီလိုနာက ပြောင်းရွှေ့ကြေး ၉ ဒသမ ၅ သန်းပေးပြီး စာချုပ်ရန်ဆွေးနွေးလျက်ရှိသည်။
- ❐ မန်စီးတီးအသင်းသည် ပီအက်စ်ဂျီအသင်းမှ သီယာဂိုးဆေးလ်ဗားကို ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- ❐ အာဆင်နယ်က မန်ယူကွင်းလယ်ကစားသမား နာနီကိုစာချုပ် ချုပ်ဆိုနိုင်ရေး မန်ယူတာဝန်ရှိသူများနှင့်ဆွေးနွေးလျက်ရှိသည်။
- ❐ ဗလင်စီယာအသင်းမှ ကွင်းလယ်ကစားသမား ဘာနီဂါကို ဆောက်သမ်တန်အသင်းက ပြောင်းရွှေ့ကြေး ၇ ဒသမ ၆ သန်းပေးပြီး ခေါ်ယူမည်ဖြစ်သည်။
- ❐ ဗီလာအသင်းသည် အသက် ၂၂ နှစ်အရွယ်ရှိ ဆီဗီလာနောက်ခံလူ လူနာကိုခေါ်ယူစာချုပ်ရန် နီးစပ်နေပြီဖြစ်သည်။
- ❐ ဝက်စ်ဟမ်းအသင်းသည် ဘော်ဒိုးအသင်းမှ ဆီနီဂေါကွင်းလယ်ကစားသမား လူဒိုဗစ်ဆာနီကို ခေါ်ယူတော့မည်ဖြစ်သည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊(၂)ရပ်ကွက်၊ အထက်ဗဟိုလမ်း၊ အမှတ် ၁၂၉ ဟုခေါ်တွင်သည့် နှစ်ခန်းတွဲ သုံးထပ်ခွဲတိုက်၏ ဒါဘ(ခြေရင်းခန်း)၊အကျယ်အဝန်း (အလျား ၁၈ပေ×အနံပေ ၅၀)ရှိ တိုက်ခန်းတစ်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ထားသူ ဦးကျော်မင်းသိန်း ၁၂/လမန(နိုင်)၀၀၂၉၄၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြလဲ့ဝင်း(LL.B, D.B.L)အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
Fax - ၀၁-၉၆၆၉၀၀၄၊ ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၁-၉၆၆၉၀၀၄၊၀၉-၅၁၅၁၈၃၃

ကျေးဇူးဆပ်ပါမည်

၅ခ/၁၆၃၃ ရှမ်းစတားဂျစ်ပိုင်ဆိုင်မှု စာအုပ်ဖိုင်တွဲ ကျပျောက်သွားပါသဖြင့် အောက်ပါဖုန်းနံပါတ်များကို တွေ့ရှိသူမှ ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၅၁၇၆၇၆၀၊
၀၉-၅၁၁၉၀၂၃၊
၀၉-၇၃၁၂၀၃၄၄

ကျေးဇူးဆပ်ပါမည်

ကျွန်မ ခင်စန်းမြင့် ၉/သပက(နိုင်)၀၂၁၉၃၈ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၃၁၀၇၃၃၈၁



ပျောက်ဆုံးကြောင်း

ကျွန်မ နော်ဟဲဘလု PP.No.A. 296766 နှင့် မောင်ဟန်ထူးဇော် CI 52212 တို့၏ မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

(ကျေးဇူးဆပ်ပါမည်။)

ဖုန်း-၀၉-၃၁၀၄၁၈၁၅၊
၀၉-၄၉၂၇၀၁၆၄

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၉) မြေကွက်အမှတ် ၂၆၄ အမည်ပေါက် ဦးအောင်ဇော် SKGN-၀၄၂၂၇၂ မြေအကျယ်အဝန်းပေ(၄၀×၆၀)ရှိ ပါမစ်မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

အထက်အမည်ပါမြေကွက်နှင့်ပတ်သက်၍ ဦးဟုန်ကွယ်ချင် ၁၃/လရန(နိုင်)၁၁၈၇၂၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ သုံးရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးနိုင်ထွဋ်လင်း(ဥပဒေဘွဲ့) အထက်တန်းရှေ့နေ
ဖူးပွင့်စံ စာချုပ်စာတမ်းနှင့် ဥပဒေအတိုင်ပင်ခံ
အမှတ် ၉၉၊ ဒုတိယထပ်(ယာ)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၂၁၀၂၂၇၇၄

အများသိစေရန်ကြေညာခြင်း

ကျွန်တော် မောင်ကျော်နိုင်ဝင်း ၁၂/ကတန(နိုင်)၁၀၇၁၃၀နှင့် မဝါဇီမြင့် ၁၂/ကတန(နိုင်)၀၉၀၄၈၆ တို့သည် တစ်ဦးနှင့်တစ်ဦး သဘောထားချင်း တိုက်ဆိုင်မှု မရှိတော့ပါသဖြင့် ၂၈-၅-၂၀၁၃ ရက်မှစ၍ ဇနီးအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ကျော်နိုင်ဝင်း
၁၂/ကတန(နိုင်)၁၀၇၁၃၀

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးသိန်းလွင်-ဒေါ်စန်းစန်းမော်တို့၏သား မောင်ချမ်းမြေ့ဇော် ၁၀/ပမန(နိုင်) ၁၈၄၃၉၂ သည် မိသားစုကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးသိန်းလွင်-ဒေါ်စန်းစန်းမော်

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေငှားစာအုပ် အမည်ပေါက် ဦးမြင့်စိုး(ဘ)ဦးသိန်းမောင်ထံမှ ဦးညီညီမျိုး ၁၂/ဥကမ(နိုင်)၀၀၀၀၅၉၊ ဒေါ်ခင်နှင်းဦး (ဘ)ဦးကျော်သောင်း ၅/ဘတလ(နိုင်)၀၆၀၄၂၈ က ဝယ်ယူထားသော လှိုင်သာယာမြို့နယ် မြေတိုင်းရပ်ကွက် ၃/၄၊ နဝဒေးအိမ်ရာ၊ ၂၄ လမ်း၊ အလျား ပေ ၄၀၊ အနံပေ ၆၀ မြေကွက်အမှတ် ၂၇၆ရှိ မြေနှင့်မြေပေါ်ရှိ လုံးချင်းနှစ်ထပ်တိုက်အား ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာချုပ်စာတမ်းအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်မြင့်သိန်း (မော်ကျွန်း)အထက်တန်းရှေ့နေ(စဉ်-၆၄၃၇)
အမှတ်-၉၅၈၊ ဗိုလ်အောင်ကျော်လမ်း၊ ၇ ရပ်ကွက်၊ လှိုင်သာယာမြို့နယ်
ဖုန်း-၀၉-၈၆၁၆၇၅၇၊ ၀၉-၄၂၀၀၉၅၈၄၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ ယမုံနာ ၁ ရပ်ကွက်၊ နတ်စင်လမ်း၊ မြေကွက်အမှတ် ၅၉၊ အကျယ်အဝန်းပေ(၂၅×၅၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ပျဉ်ထောင်အိမ်တစ်လုံးအပါအဝင်အား ရောင်းချပိုင်ခွင့်ရှိသော ဒေါ်အေးအေးခိုင် ၁၂/သကတ(နိုင်)၁၃၁၅၆၅ ထံမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ကိုမျိုးသောင်းဦး
၁၂/တမန(နိုင်)၀၀၁၀၆၆
ဖုန်း-၀၉-၇၃၀၀၁၇၂၃

ဖေါ်လမြိုင်နှင့်ဝန်းကျင်သတင်းများ

သံဖြူဇရပ်မြို့ အမှတ်(၁)မြို့မဈေးကြီး ပြန်လည်တည်ဆောက်ရန်ပန္နက်တင်

မော်လမြိုင် ဇွန် ၁၈

မွန်ပြည်နယ် သံဖြူဇရပ်မြို့ အမှတ်(၁)မြို့မဈေးကြီးကို အသစ်ပြန်လည်တည်ဆောက်ရန်အုတ်မြစ်စီပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီက ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ်အစိုးရအဖွဲ့မှ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဌေးမြင့်အောင်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမျိုးညွန့်၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဒေါက်တာခင်မောင်သွင်၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးဝင်းမော်ဦး၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောအောင်ကျော်သိန်း၊ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ KNU တပ်မဟာ(၁)အဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများ စုစုပေါင်း ၁၀၀ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ရွှေဖူးကုမ္ပဏီမှ ဆောက်လုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဒါရိုက်တာအဖွဲ့ဝင် ဦးစိုးပိုင်က ရှင်းလင်းပြောကြားပြီး ရတနာအုတ်မြစ်များကို ပြည်နယ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဌေးမြင့်အောင်၊ KNU တပ်မဟာ(၁)တပ်မဟာမှူး ဗိုလ်မှူးချုပ်အဆင့်ရှိ စောကျော်လင်းနှင့်ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက သတ်မှတ်နေရာအလိုက် စီစဉ်ချထားပြီး ရွှေရည်ငွေရည် ဖျန်းပက်ခဲ့သည်။ ထို့နောက် ဈေးကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ဦးဖေမြင့်က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **ထိပ်တင်ထွန်း**

အခွန်ရရှိငွေများလွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကျင်းပ

မော်လမြိုင် ဇွန် ၁၈

မွန်ပြည်နယ် မော်လမြိုင်မြို့ အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ အခွန်ရရှိငွေများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၁၄ ရက် နံနက် ၁၁ နာရီကကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ ဒုတိယဥက္ကဋ္ဌ ဦးဌေးလွင်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မွန်ပြည်နယ် ပြည်တွင်း အခွန်များဦးစီးဌာနမှူး ဦးထွန်းထွန်းအောင်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ အပါအဝင် ၁၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တရားမဝင်တင်သွင်းသည့် မော်တော်ဆိုင်ကယ်များကို စီမံချက်ဖြင့် တရားဝင်လိုင်စင်ပြုလုပ်ပေးစဉ် အခွန်ရရှိငွေများ အနက် ၂၅ ရာခိုင်နှုန်းကို မွန်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရာ အခွန်ဦးစီးဌာနမှူး ဦးထွန်းထွန်းအောင်က ၇၁၂ ဒသမ ၉၁ သန်းကို ပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဒေါက်တာခင်မောင်သွင်ထံ ပေးအပ်သည်။ ဆက်လက်၍ တရားမဝင်တင်သွင်းသည့် မော်တော်ဆိုင်ကယ်များကို တရားဝင် လိုင်စင်ထုတ်ပေးရေးကာလဖြစ်သည့် ၂၀၁၂ ဇွန် ၅ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ ငါးလတာကာလအတွင်း ဆိုင်ကယ် ၈၈၆၉၆ စီးကို အကောက်ခွန် ကုန်သွယ်လုပ်ငန်းခွင် ယာဉ်မှတ်ပုံတင်ကြေးနှင့် အာမခံပရီမီယံကြေး စသည့် အခွန်လေးမျိုး ကောက်ခံခဲ့ရာ စုစုပေါင်းငွေကျပ် ၇၁၂၄ သန်း ရရှိခဲ့ပြီး ကုန်သွယ်လုပ်ငန်းခွန်ရရှိငွေကျပ် ၂၈၅၁ သန်းအနက် ၂၅ ရာခိုင်နှုန်းဖြစ်သည့် ၇၁၂ ဒသမ ၉၁ သန်းကို လွှဲပြောင်းပေးခြင်းဖြစ်ကြောင်း သိရသည်။ **ထိပ်တင်ထွန်း**

ဆိုင်ကယ်ခိုးမှု၊ လုယက်မှုမဖြစ်ပေါ်စေရေး အသိပညာပေး ဟောပြော

မော်လမြိုင် ဇွန် ၁၈

မွန်ပြည်နယ် မော်လမြိုင်မြို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးကျင်းပသော ဆိုင်ကယ်ခိုးမှု၊ လုယက်မှုမဖြစ်ပေါ်စေရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၁ ရက်က မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ မြို့မရဲတပ်ဖွဲ့စခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးညိုလှက အမှာစကား ပြောကြားရာတွင် မြို့ပေါ်ရပ်ကွက်များမှတစ်ဆင့် ခရီးသည်ပို့ဆောင်ရာတွင် သတိပြုသင့်သော အချက်များကို သိရှိနားလည်စေရေးနှင့် ဆိုင်ကယ်ပျောက်ဆုံးမှုများ လျော့နည်းကျဆင်းရေး၊ ငှားရမ်းသူများ လိမ်လည်သွားမှု မခံရစေရေး တို့ကို ရှင်းလင်းတင်ပြပြီး ဆိုင်ကယ်မောင်းနှင်သူများအနေဖြင့် မြို့ပေါ်ရှိ ရဲစခန်းများကို သတင်းထူးခြားချက်များရှိပါက အချိန်မီအကြောင်းကြား အကူအညီ တောင်းခံနိုင်ပါကြောင်းကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းချက်များ အပေါ် တက်ရောက်လာသည့် အငှားဆိုင်ကယ်မောင်းနှင်သူများက သိသင့် သိထိုက်သော ကိစ္စရပ်များ၊ ဆိုင်ကယ်ခိုးသူများ၊ အလစ်သုတ်သူများကို တွေ့ရှိပါက သက်ဆိုင်ရာသို့ အချိန်မီကူညီပံ့ပိုးပေးသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကျော်သန်း(မော်လမြိုင်)

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် အရန်တပ်ခွဲရှိ တပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများ၏ သားသမီးများအား ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပညာသင်စရိတ်၊ စာရေးကိရိယာ၊ ဗလာစာအုပ်၊ ကျောင်းဝတ်စုံပေးအပ်ပွဲအခမ်းအနားကို ဇွန် ၈ ရက်က မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ရဲမှူးကြီး မျိုးဆွေဝင်းက ထောက်ပံ့ချီးမြှင့်စဉ်။

ကျော်သန်း (မော်လမြိုင်)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်းမပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူး သတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

ဖခင် အမည်မှန်

အထက(ကျုံပျော်) တက္ကသိုလ်ဝင်တန်း(F)မှ နမ့်အေးသီရိထွန်းနှင့် အဌမတန်း(C)မှ နမ့်နှင်းသီရိထွန်းတို့၏ဖခင်အမည်မှန်မှာ ဦးထွန်းနေ ၁၄/ကပန(နိုင်)၀၉၆၇၈၀ ဖြစ်ပါသည်။

ဦးထွန်းနေ

ဖခင် အမည်မှန်

အထက(ကျုံပျော်) သတ္တမတန်း(C)မှ မောင်ထက်မြက်အောင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း ၁၄/ကပန(နိုင်)၁၃၆၁၀၄ ဖြစ်ပါသည်။

ဦးထွန်းထွန်းဝင်း

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

Chip Card Public Payphone System

(က)	Fixed Line	350 Nos
(ခ)	Pay Phone(Mobile)	50 Nos

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀၀/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၅-၇-၂၀၁၃ရက် ၁၃း၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၈၀၂၃၁/၀၁-၃၈၄၇၂၂

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်းအထူးအဖွဲ့(၅)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်လမ်းခင်းပစ္စည်းများကို လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

စဉ်	ကျောက်အမျိုးအစား	အရေအတွက်
၁။	ခွဲကျောက်မျိုးစုံ	၆၆၁၁ ကျင်း
၂။	ကျောက်ရောမြေ	၁၄၅၈ ကျင်း

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၇-၆-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၁-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၃၀ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို နေပြည်တော်ကောင်စီနယ်မြေ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၅)ရုံး၊ ပျဉ်းမနားမြို့တွင် ၁၇-၆-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၆၇-၂၁၁၀၂၊ ၀၉-၄၂၀၇၅၂၀၃၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင်အရောက် တန်ဖိုး DDP(ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	Tender No. 03/HPGE/2013-2014	
(က)	Floor Standing Type 3 HP Air Conditioner	(44)Sets
(ခ)	Split Type Air Conditioner (2HP)	(18)Nos
	Tender No. 04/HPGE/2013-2014	
(က)	ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် Bearing များ	(5)Sets
	Tender No. 05/HPGE/2013-2014	
(က)	သဖန်းဆိပ်စက်ရုံနှင့် တီကျစ်စက်ရုံအတွက် Control Card များ	(15)Nos
	Tender No. 06/HPGE/2013-2014	
(က)	11kV Vacuum Circuit Breakers (without Pannel)	(7)Nos
	Tender No. 07/HPGE/2013-2014	
(က)	တီကျစ်စက်ရုံအတွက် High Pressure heater	(1)Set
	Tender No. 08/HPGE/2013-2014	
(က)	ရုံးချုပ်အတွက် Electrical Testing Equipments များ	(12)Sets
	Tender No. 09/HPGE/2013-2014	
(က)	ဓာတ်အားပေးစက်ရုံများအတွက် စက်ဆီ၊ချောဆီများဝယ်ယူခြင်း	(900)Drums

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် ဇူလိုင် ၂၃ရက် မွန်းတည့် ၁၂နာရီဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် ၃၈၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈နှင့် ၄၁၁၀၇၆

သတ္တုတွင်းဝန်ကြီးဌာန
သတ္တုတွင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သတ္တုတွင်းဦးစီးဌာနမှ အောက်ပါပစ္စည်း (၁၁)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	Personal Computer	(4) Nos
(ခ)	Lap Top Computer	(1) No
(ဂ)	UPS (Power Tree) (650W)	(2) Nos
(ဃ)	Laser Jet Printer (A4)(LBP-2900)	(1) No
(င)	Colour Printer (A 4) (Epson)(R-230)	(1) No
(စ)	Digital Multifunctional Copier	(1) No
(ဆ)	Fax Machine (Panasonic)	(2) Nos
(ဇ)	Network Cable (Krone)	(2) Coils
(ဈ)	Network Connector (RJ 45)	(50) Nos
(ည)	Females Jet, Face Plug & Wall Plug	(18) Sets
(ဋ)	8 Port Switch	(4) Nos

တင်ဒါပိတ်ရက်နှင့်အချိန် - ၁၁-၇-၂၀၁၃ ရက် ၁၅း၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနများတွင် သတင်းစာပါ ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဓာတ်သတ္တုထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ/ငွေစာရင်းဌာန
သတ္တုတွင်းဦးစီးဌာန
ရုံးအမှတ် (၁၉)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၉၃၇၂၊ ၀၆၇-၄၀၉၃၇၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် အဆိုပြုလွှာများတင်သွင်းရန် ကြေညာချက်(၄/၂၀၁၃)
နေပြည်တော်၊ ၁၃၇၅ ခုနှစ် ကဆုန်လဆန်း ၁၂ရက် (၂၀၁၃ ခုနှစ် မေလ ၂၁ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ ကျောက်စိမ်း၊ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း/ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၃ခုနှစ် ဧပြီ၊ မေ၊ ဇွန်လများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊(ပုဒ်မ-၁၃)၊(ပုဒ်မ-၁၅)တို့နှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ် (သို့မဟုတ်) နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ(Bank Statement)ကို ပူးတွဲတင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာထုတ်ယူခြင်း။** ။ ၂၀၁၃ခုနှစ်၊ မေလ(၂၇)ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** ။ အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက် အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၁၃ခုနှစ်၊ မေလ ၂၇ရက်မှ ဇွန်လ ၂၆ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ(Deposit) ကျပ်တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းရပါမည်။

၅။ အမည်မည်း(Black List)စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု (မပြု)ပါ။

၆။ အသေးစိတ်သိရှိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးခွဲ)တွင်လည်းကောင်း၊ မိုးကုတ်နှင့်လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

ဆောင်းပါး

ကျွန်တော်အနှစ်သက်ဆုံး သတင်းစာတစ်စောင်

မြန်မာ့သတင်းစာလောက တစ်ခေတ်ဆန်းသစ်လာချိန်တွင် ပုဂ္ဂလိက သတင်းစာအမျိုးမျိုး အပြိုင်အဆိုင် ထုတ်ဝေလာကြသည်။ ပုဂ္ဂလိကသတင်းစာများ မထုတ်ဝေမီက ထုတ်ဝေလျက်ရှိသည့် နိုင်ငံပိုင် သတင်းစာများ၊ ဌာနဆိုင်ရာ သတင်းစာများကလည်း အံ့သြလောက်အောင် အစွမ်းကုန် ပြုပြင်ပြောင်းလဲ ထုတ်ဝေလာသည်။ သတင်းစာ ချစ်မြတ်နိုးသူများအတွက် မိမိနှစ်သက်ရာသတင်းစာများကို စိတ်တိုင်းကျရွေးချယ်ဖတ်ရှုခွင့်ရရှိလာသည်။ ယခင်က သတင်းစာများကို အရေးမပါဟု ထင်မြင်ယူဆနေကြသူများပင်လျှင် သတင်းစာကို ဖတ်ရှုရကောင်းမှန်း သိလာကြသည်။ သတင်းမီဒီယာလောက၏ တိုးတက်မှုလက္ခဏာ တစ်ရပ်ပင် ဖြစ်လေသည်။

ကျွန်တော့်မိတ်ဆွေ တစ်ဦးသည် ယခင်က သတင်းစာလုံးဝမဖတ်သူ ဖြစ်သည်။ အပတ်စဉ်ထုတ်ဝေသည့် ဂျာနယ်အမျိုးမျိုးကို သာဖတ်သည်။ ပုဂ္ဂလိကသတင်းစာများ အပြိုင်အဆိုင်ထုတ်ဝေလာသည့် ယခုအခါမှ သတင်းစာဖတ်ချင်လာသည်။ ထုတ်ဝေသည့် သတင်းစာအားလုံးကိုလည်း သူဝယ်မဖတ်နိုင်။ မည်သည့်သတင်းစာကို ဝယ်ယူဖတ်ရှုရမည်ဆိုသည်ကိုလည်း သူမရွေးချယ်တတ်။ ထို့ကြောင့် သူ့အတွက် “ကျွန်တော်အနှစ်သက်ဆုံး သတင်းစာတစ်စောင်” ကို ရွေးချယ်ပေးပါဟု အကူအညီတောင်းလာသောအခါ ကျွန်တော့်မှာ လွယ်မယောင်နှင့် အခက်ကြုံရပါတော့သည်။

လူတစ်ကိုယ် အကြိုက်တစ်မျိုးဟု ဆိုရိုးစကားရှိပါသည်။ လူတိုင်းလူတိုင်းတွင် အကြိုက်ကိုယ်စီရှိကြသည်။ ထို့ကြောင့် အနှစ်သက်ဆုံး သတင်းစာတစ်စောင်ကို ရွေးချယ်ပေးပါဟုဆိုလျှင် တစ်ဦးနှင့်တစ်ဦး အကြိုက်ချင်း မတူညီနိုင်ကြသည်ကို တွေ့ရမည်။ အချို့က ပေါ့ပေါ့ပါးပါး ဖတ်ရှုရသောသတင်းစာ၊ အချို့က လေးလေးနက်နက် အတွေးအခေါ် ဆောင်းပါးများပါသော သတင်းစာ၊ အချို့က ပညာဗဟုသုတရနိုင်သော သတင်းစာ၊ အချို့က နိုင်ငံရေး စီးပွားရေး သတင်းဝေဖန်ချက်များ များပါသော သတင်းစာ၊ အချို့က မှုခင်းသတင်း များများပါသော

ကောင်းညွန့်ဝေ (ရေစကြို)

သတင်းစာ၊ အချို့ကခေါင်းကြီးပိုင်းကောင်းကောင်း သတင်းဓာတ်ပုံကောင်းကောင်းပါသော သတင်းစာ၊ အချို့က သာရေး နာရေး ကြော်ငြာ စုံစုံလင်လင်ပါသော သတင်းစာ၊ အချို့က သတင်းထူး သတင်းဦး ပါသော သတင်းစာ စသည်ဖြင့် တစ်ဦးနှင့်တစ်ဦး အကြိုက်ချင်း မတူညီကြသည်ကို တွေ့ရသည်။

ကျွန်တော်သည် စာဖတ်ဝါသနာပါသူတစ်ဦးဖြစ်၍ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်အမျိုးမျိုးကို အမြဲမပြတ်ဖတ်ရှုမှတ်သားလေ့ရှိပါသည်။ အထူးသဖြင့် နေ့စဉ်ထုတ်သတင်းစာများကို ခုံခုံမင်မင် နှစ်နှစ်သက်သက် ဖတ်ရှုလေ့ရှိသည်။ ကျွန်တော်နေ့စဉ်ဖတ်ရှုနေသော သတင်းစာများထဲမှ “ကျွန်တော်အနှစ်သက်ဆုံးသတင်းစာတစ်စောင်” ကို ရွေးချယ်ပေးရမည်ဆိုပါလျှင် ရွေးရခက်ကြီးဖြစ်ပါလိမ့်မည်။ ကျွန်တော်နေ့စဉ်ဖတ်ရှုနေသောသတင်းစာများသည် သုတရသနှစ်ဖြာ ပြည့်ဝစွာ ပေးစွမ်းနိုင်ကြသော သတင်းစာများချည်းဖြစ်သည်။ သတင်းစာတိုင်းသည် တစ်ဖက်ကကောင်းသည်ရှိသကဲ့သို့ အခြားတစ်ဖက်က ညံ့တာလည်း ရှိတတ်ပါသည်။ အားသာချက်တစ်ခုတလေရှိသကဲ့သို့ အားနည်းချက်တစ်ခုတလေ ရှိတတ်ကြပါသည်။ ထို့ကြောင့် ကျွန်တော် အနှစ်သက်ဆုံး သတင်းစာတစ်စောင်ကို မဖြစ်မနေ ရွေးချယ်ပေးရမည်ဆိုလျှင် အောက်ဖော်ပြပါ အင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံသော သတင်းစာတစ်စောင်ကိုသာ ရွေးချယ်ရမည်ဖြစ်ပါသည်။

(က) သတင်းစာ ဟူသည် “တရားမျှတရမည်၊ တိကျမှန်ကန်ရမည်၊ ရိုးသားဖြောင့်မတ်ရမည်၊ တာဝန်ရှိရှိရေးသားရမည်၊ အပြစ်ဒေါသမှ ကင်းစင်ရမည်” ဆိုသည့် သတင်းစာ ကျင့်ဝတ်များကို စောင့်စည်း လိုက်နာသည့်သတင်းစာ။

(ခ) တာဝန်မဲ့ရေးသားဖော်ပြမှုများ၊ နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်မှုများ၊ မဟုတ်မမှန်လုပ်ကြံစွပ်စွဲမှုများ၊ ပုဂ္ဂိုလ်ရေးအရ ပုတ်ခတ် ရေးသားမှုများကိုသာ အသားပေးဖော်ပြခြင်း မရှိသည့် သတင်းစာ။

(ဂ) တိုင်းပြည် တိုးတက်ကြီးပွားရေး၊ ပြည်သူအများဗဟုသုတ အကြားအမြင်ကြွယ်ဝရေးနှင့် စားဝတ်နေမှုအဆင်ပြေရေးအတွက် တိုင်းကျိုးပြည်ကျိုး သယ်ပိုးမြှင့်တင်မည်ဟူသော ရည်ရွယ်ချက်ကောင်းများဖြင့် ပြည့်စုံသည့်သတင်းစာ။

(ဃ) အမှားကင်းသော ပုံကြီးမချဲ့သော သတင်းများကိုသာ ပြည်သူများအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးသားဖော်ပြသည့် သတင်းစာ။

(င) လိုရာဆွဲ မရေးကြဘဲ မှန်ရာကိုသာ ရေးသားတင်ပြသည့် သတင်းစာ။

(စ) ငြိမ်းချမ်းမှု ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူမျိုးတစ်မျိုးနှင့်တစ်မျိုး ချစ်ကြည်ရင်းနှီးမှု သွေးစည်းညီညွတ်မှုခိုင်မြဲစေရေး လုပ်ဆောင်ကြိုးပမ်းသည့် သတင်းစာ။

(ဆ) မည်သည့် အခြေအနေတွင်မဆို နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ အဖွဲ့အစည်းများ၊ ပြည်သူလူထုတစ်ဦးချင်း၊ ပုဂ္ဂိုလ်ရေးနှင့် စပ်လျဉ်း၍ စာနယ်ဇင်း ကျင့်ဝတ်များနှင့်အညီ အမှန်တရားကို ဂုဏ်သိက္ခာရှိရှိ ရပ်တည်ရေးသားသည့် သတင်းစာ။

(ဇ) သတင်းရေးနည်း ပုံစံအတိုင်း သတင်းစာသုံး မြန်မာစကားပြေဖြင့်သာ စနစ်တကျ မှန်ကန်စွာ ရေးသားသည့် သတင်းစာ။

(ဈ) ဘယ်သူ၊ ဘယ်ခါ၊ ဘယ်နေရာ၊ ဘယ်လို၊ ဘာဖြစ်၊ ဘာကြောင့်ဟူသည့် “ဘ” ခြောက်လုံးပြည့်စုံမှုရှိပြီး သတင်းခိုင်လုံခြင်း(Authority)၊ ကွဲပြားမှုရှိခြင်း (Identification)၊ ထူးခြားချက်ရှိခြင်း (Feature) စသော အချက်အလက်များနှင့် ပြည့်စုံသည့် သတင်းများကိုသာ ရေးသားဖော်ပြသည့် သတင်းစာ။

(ည) နောင် တစ်ချိန်တွင် သမိုင်းဝင်အထောက်အထားအဖြစ် ကိုးကားရမည့် စာရွက်စာတမ်းများအနေဖြင့် အထူးအားထားရလောက်သည့် သတင်းစာ။

အထက်ဖော်ပြပါ အင်္ဂါ ၁၀ ရပ်နှင့် ညီညွတ်ပြည့်စုံသော သတင်းစာသည် “ကျွန်တော်အနှစ်သက်ဆုံး သတင်းစာတစ်စောင်” ပင်ဖြစ်သည်။ မည်သည့်သတင်းစာကို ဝယ်ယူဖတ်ရှုရမည်ဆိုသည်ကိုမရွေးချယ်တတ်သော ကျွန်တော်၏ မိတ်ဆွေအား အဆိုပါ အင်္ဂါ ၁၀ ရပ်နှင့် ညီညွတ်ပြည့်စုံသော သတင်းစာကို ဝယ်ယူဖတ်ရှုရန် တိုက်တွန်း အကြံပြုနိုင်ရေးအတွက် စာရှုသူများအနေဖြင့် “ကျွန်တော်အနှစ်သက်ဆုံး သတင်းစာတစ်စောင်”သည် မည်သည့်သတင်းစာဖြစ်နိုင်သည်ကို ကူညီရွေးချယ်ပေးကြစေလိုပါသည်။ ။

စက်မှုဝန်ကြီးဌာန
အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၂)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေ၊ နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
(က)	01/HIE (2)/HI(22)/M&E/2013-2014	Mechanical & Electrical Spare Parts (45Items) for No (22) Heavy Industry (Belin)
(ခ)	02/HIE(2)/HI(23)/Current/2013-2014	Standard Parts for Machine Tool (40 Units) for No(23) Heavy Industry (Nyaung Chi Dauk)
(ဂ)	03/HIE(2)/HI(23)/Current/2013-2014	Standard Parts & Auxiliary Parts for 11/0.4KV. 315KVA Stack Core Transformer (25 Units) for No (23) Heavy Industry (Nyaung Chi Dauk)
(ဃ)	04/HIE(2)/HI (24) /Current/2013-2014	Compressor Oil(2 Items) for Oxygen for No (24) Heavy Industry(Dagon, Yangon)
(င)	05/HIE(2)/HI(25)/M&E/2013-2014	Tool & Equipment, Spare Parts (42 Items) for No(25) Heavy Industry (Myaing)
(စ)	06/HIE(2)/HI(25)/Other/ 2013-2014	Measuring Instruments (10 Items) for No (25) Heavy Industry (Myaing)
(ဆ)	07/HIE(2)/HI(23)/Current(US$)/2013-2014	Component Parts for 11/0.4KV, 315KVA Stack Core Transformer (25 Units) for No(23) Heavy Industry (Nyaung Chi Dauk)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များ၊ ဝယ်ယူမည့်ပစ္စည်းအမျိုးအမည်နှင့် အသေးစိတ်အချက်အလက်များကို ၁၈-၆-၂၀၁၃ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၆-၆-၂၀၁၃ရက် ၁၃း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။

ပစ္စည်းစီမံရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊
စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၈၊ ၀၆၇-၄၀၅၁၅၈

စက်မှုဝန်ကြီးဌာန
အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၏
၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်
ဆောက်လုပ်ရေးလုပ်ငန်းများအတွက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် အောက်ပါဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	လုပ်ငန်းအမည်	အတိုင်းအတာ/အမျိုးအစား
(က)	အမှတ်(၃၁)အကြီးစားစက်ရုံ(သရက်) အိတ်သွတ်စက်အမှတ်(၁)၏ဖုန်စုပ်စက်နှင့်လှည့်ပတ်အိတ်သွတ်စက် တပ်ဆင်ရန် မြို့ပြဆိုင်ရာလုပ်ငန်းများ	၂၆'၆"×၂၈'၆"×၅၀'(၄လွှာ) အလူမီနီယမ်အမိုး၊ သံပြားအကာ၊ သံပြားအခင်း၊ သံထည် အဆောက်အအုံ
(ခ)	အမှတ်(၃၃)အကြီးစားစက်ရုံ (ကျောက်ဆည်)သင်းတွဲမှစက်ရုံသို့ အချင်းရှစ်လက်မရှိ သွပ်ရည်သုတ်သံပိုက် သွယ်တန်းခြင်း	၈" Ø GI Pipe 1450' Pressure -100Psi, Capacity-60m³/hr Pressure head-70m

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၇-၆-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၈-၇-၂၀၁၃ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက်ပိုမို၍ တင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေး တစ်ခုချင်းပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် ဖုန်းနံပါတ်-ပစ္စည်းစီမံရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၄၁) နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၂၀၈၊ ၄၀၈၁၆၀။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ဦးစီးရုံးချုပ်နှင့် တိုင်းဒေသကြီးရုံးများအတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) ကွန်ပျူတာနှင့်ဆက်စပ်သုံးပစ္စည်း (၁၇)မျိုး
(Laptop, Computer, Printer, Copier, Fax, Tripod, Digital Camera, LCD Projector,etc.)

(ခ) လျှပ်စစ်ပစ္စည်း (၅)မျိုး
(TV, DVD, Air Con, Refigerator, Generator)

(ဂ) ရုံးသုံးပစ္စည်းနှင့်ပရိဘောဂ (၁၃)မျိုး
(Office Table, Staff Table, Armed Chair, Armless Chair, Computer Table, Side Table, Settee Chairs and Table, File Shelf and Rack, Ceiling Fan, Fiber Water Tank)

၂။ အပိုဒ် (ဂ)ပါ ပစ္စည်းများကို နေပြည်တော်၊ မန္တလေး၊ မုံရွာ၊ ရန်ကုန်၊ ပုသိမ်၊ ထားဝယ်မြို့များရှိ ဦးစီးဌာနရုံးများသို့ အရောက်ပေးသွင်းရမည်ဖြစ်ပါ၍ ဒေသလုပ်ငန်းရှင်များအပါအဝင် တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ် (၅၃)၊ နေပြည်တော်၊ စီမံခန့်ခွဲရေးဌာနတွင်ရယူနိုင်ပြီး တင်ဒါတင်သွင်းလိုသူများသည် ၉-၇-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီနောက်ဆုံးထား၍ တင်ဒါပေးသွင်းနိုင်ပါသည်။

၄။ တင်ဒါများကို ၁၁-၇-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ဖွင့်ဖောက် ရွေးချယ်မည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၃၁၃၁၆ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကရင်ပြည်နယ် အား/ကာ ဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ဘားအံသီရိသံလွင်ဘောလုံးကွင်းနှင့် ကော့ကရိတ်ပွဲကြည့်စင် တည်ဆောက်ရန် ၂၂-၆-၂၀၁၃ ရက် နောက်ဆုံးထား၍ တင်ဒါပေးသွင်းရန်ဖိတ်ခေါ်ပါသည်။ အသေးစိတ် သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၀၉-၅၆၆၂၂၀၉၊ ၀၅၈-၂၁၀၈၂၊ ၀၅၈-၂၂၆၃၈

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၉ယ/၈၈၇၉ Luojia ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင် ၁၁/စတန(နိုင်)၀၅၈၀၁၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန ပြည်နယ်ရုံး (စစ်တွေ)သို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန (ပြည်နယ်ရုံး)၊ စစ်တွေ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ဟ/၃၂၂၈ Lifan 200 CC သုံးဘီးယာဉ်လက်ဝယ်ရှိသူ ဦးမောင်သန်းဖေ ၁၁/စတန(နိုင်)၀၆၅၉၉၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန ပြည်နယ်ရုံး (စစ်တွေ)သို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန (ပြည်နယ်ရုံး)၊ စစ်တွေ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၀)၊ မြေကွက်အမှတ်(၂၁၁၈) အမည်ပေါက် ဦးသန်းတင်(ခ)လူမင်း အယ်လ်/အာဂျီအန်-၀၂၉၀၄၆ ထံမှ ဝယ်ယူထားသူ ဒေါ်လွင်လွင်မာ ၁၂/ပဘတ(နိုင်)၀၁၇၂၄၂ နှင့် ဒေါ်စန္ဒာမြ ၁၂/ပဘတ(နိုင်)၀၁၇၂၄၅တို့က ပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားမှုရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

မ/ဒဂုံ၊ (၄၄)ရပ်ကွက်၊ ပေ(၄၀×၆၀)၊ 1PT၊ ထောင့်ကွက်၊ အရှေ့လှည့်၊ ရေ၊ မီးစုံ၊ ပါမစ်၊ (ကျောင်း၊ ဈေး၊ ဘုရင့်နောင်လမ်းမနှင့် ဗိုလ်မှူးဗထူးလမ်းမကြီးတို့နှင့် အလွန်နီး)၊ ဈေးနှုန်း-ကျပ်သိန်း ၄၁၀၊ အရှုပ်အရှင်းကင်း၊ ဦးရာလူရမည်။

ဖုန်း-၀၉-၄၂၀၁၄၁၇၆၂၊ ၀၉-၇၃၂၃၅၁၈၈

ကွာရှင်းပြတ်စဲခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာလမ်းသွယ် (၁၇/၁၈)၊ အိမ်အမှတ် ၆၇၀နေ ဒေါ်သဉ္ဇာမျိုးအောင် ၁၂/ဥကမ(နိုင်) ၁၈၅၁၈၄အား စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိပါ၍ ဇနီးအဖြစ်မှကွာရှင်းပြတ်စဲပြီး မည်သည့်ကိစ္စကိုမျှ တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

ဦးခင်မောင်ညွှန့်. ၁၂/ရကန(နိုင်)၀၅၃၉၂၃

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်နိုင်ထွေးသည် မိခင်၏စကားကို နားမထောင်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှစွန့်လွှတ်လိုက်သည်။ ၄င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို ဖြေရှင်းပေးမည်မဟုတ်ပါ။

မိခင်-ဒေါ်ယဉ်ယဉ်ကျော့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပဲခူးမြို့နယ်အနုပညာရှင်များ လူမှုရေးကူညီမှုဖွဲ့စည်း

ပဲခူး ဇွန် ၁၈

ပဲခူးမြို့နယ် မြန်မာ့ဆိုင်းပညာရှင်များ၊ အကပညာရှင်များ၊ လူရွှင်တော်များပါဝင်သော အနုပညာရှင်များသည် ဇွန် ၁၂ ရက်က နိုင်ငံရေးကင်းရှင်းသည့် လူမှုရေးကူညီရေးအသင်းတစ်ခုကို ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ယင်း လူမှုရေးကူညီမှုအသင်း၏ အမည်ကို မြန်မာ့ဆိုင်းနှင့်ပန်တျာလက်များ၏ လူမှုကူညီရေးအသင်းဟု အမည်ပေးခဲ့ပြီး အသင်း၏ဥက္ကဋ္ဌအဖြစ်မြန်မာ့ဆိုင်းပညာရှင်ရွာစားကြီး ဦးစိန်မြအောင်ကို တင်မြှောက်ကြပြီး အလုပ်အမှုဆောင် ၁၄ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ စစ်မှန်သော အနုပညာရှင်များပေါ်ထွန်းရေး၊ အနုပညာရှင်များ အချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် လူမှုရေးကိစ္စရပ်များတွင် ရိုင်းပင်းကူညီရေး၊ မြန်မာ့ရိုးရာအနုပညာအမွေအနှစ်များ မပပျောက်ရေး၊ သာရေး-နာရေးများတွင် ကူညီဆောင်ရွက်ရေး၊ ရန်ပုံငွေရှာဖွေခြင်းတို့ဖြစ်ပြီး ပဲခူးမြို့ ရှင်စောပုရပ်ကွက်ရှိ ရွာစားကြီးဦးစိန်မြအောင်၏အိမ်၌ ကျင်းပရာ အနုပညာရှင်များ တက်ရောက်ကြကြောင်းသိရသည်။ **(အပေါ်ပုံ)**

(၁၁၀)

အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲကျင်းပ

ပဲခူး ဇွန် ၁၈

အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ပဲခူးခရိုင်အဆင့် ထပ်ဆင့်ရှင်းလင်းပွဲကို ပဲခူးမြို့ အထက(၁)သီရိပညာခန်းမ၌ ဇွန် ၁၅ ရက် နံနက် ၈ နာရီကကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဆရာကြီး ဦးစောစံယဉ်က အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဆရာကြီးဦတင်ဦးက ဦးဆောင်ဆွေးနွေးသည်။ အခြေခံပညာကဏ္ဍ ၂၀၁၃ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲသို့ တင်ပြသည့်စာတမ်းခြောက်စောင်၊ အခြေခံပညာကဏ္ဍနှစ်ရှည်စီမံကိန်းအကောင်အထည်ဖော်မှုအစီရင်ခံစာတို့ကို ဖတ်ကြားရှင်းလင်းပြီး ပဲခူးတိုင်းဒေသကြီးနှင့်ပဲခူးခရိုင်အတွင်းရှိပညာရေးဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ ဒုတိယမြို့နယ် ပညာရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ပညာရေးမှူးများ၊ အထက်တန်း၊အလယ်တန်း၊မူလတန်းကျောင်းအုပ်ဆရာ ဆရာမ စုစုပေါင်း ၂၄၂ ဦး တက်ရောက်ကြကြောင်း သိရသည်။ **(၁၁၀)**

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ပင်လောင်းတွင်ကျင်းပ

ပင်လောင်း ဇွန် ၁၈

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ပင်လောင်းမြို့နယ်၏ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၆ ရက် နံနက် ၈နာရီက နယ်မြေခံတပ်ရင်းရှေ့မျက်နှာစာ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် နယ်မြေခံတပ်ရင်းမှ အရာရှိအရာခံအကြပ်တပ်သားများနှင့်တပ်ရဲမေများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းစိုး ဦးဆောင်သော ဌာနဆိုင်ရာ တာဝန်ခံများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်အဖွဲ့ဝင်များ ပါဝင်သည့် စုစုပေါင်း၄၆၀က သစ်တောဦးစီးဌာန၏ အစီအစဉ်ဖြင့်သစ်မာပင်မျိုးစုံ ၁၂၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **ထွန်းလင်း(ပင်လောင်း)**

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်

ငါးသိုင်းချောင်း ဇွန် ၁၈

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့နယ်ခွဲတွင် ဇွန် ၁၆ ရက်က မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦး ဦးဆောင်ပြီး ကျန်းမာရေးဌာန၊ အခြားဌာနဆိုင်ရာများနှင့် NGO အဖွဲ့အစည်းများသည် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် မြို့ပေါ် မြို့မရပ်ကွက်၊ ဝဝန်ရပ်ကွက်၊ ရွှေဘိုရပ်ကွက်တို့မှ အိမ်ခြေစုစုပေါင်း ၆၁၉ စုသို့ သွားရောက်ပြီး အဘိတ်ဆေးခတ်ခြင်း၊ ခြင်ယင်များ ပေါက်ပွားနိုင်သောနေရာများသို့ စစ်ဆေးပြီး ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

ဘုတ်ပြင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဘုတ်ပြင်း ဇွန် ၁၈

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၅ ရက် နံနက် ၇ နာရီခွဲက ဘုတ်ပြင်းမြို့ ကမာချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှေ့၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ NGO အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူ ၂၀၀ ခန့်က မြို့နယ်သစ်တောဦးစီးဌာနကပေးအပ်သော ပျဉ်းကတိုး ပျိုးပင်ပေါက်၄၈၅ပင်ကို စုပေါင်းစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပ

ဟုမ္မလင်း ဇွန် ၁၈

(၁၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ဇွန် ၁၅ ရက် နံနက် ၉ နာရီက ဟုမ္မလင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ဘိုးရာဇာခန်းမ၌ ကျင်းပသည်။

အဆိုပါ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၈၄ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင် ဆုရ ကျောင်းသား ကျောင်းသူများအား ပထမဆု ၇၀၀၀၊ ဒုတိယဆု ၆၀၀၀၊ တတိယဆု ၅၀၀၀၊ နှစ်သိမ့်ဆုနှစ်ဆု ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ ကျောင်းသား ကျောင်းသူများ၏ ယှဉ်ပြိုင်နေမှုကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်ညီ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် မြို့နယ်ပညာရေးမှူးဦးခင်ထွန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲမှူး ဦးအောင်ငွေး၊ မူးယစ်အထူးတပ်ဖွဲ့ ဒုတိယရဲမှူး ဦးဆန်းညွန့်အောင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ငွေးအောင်နှင့်တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **လင်းလင်း(ပြန်/ဆက်)**

နေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွှန့်မြို့၊ကန်တော်လေး(၉၃)လမ်းနေ
ဦးခင်မောင်+ဒေါ်သန်းကြည်တို့၏ မြေး၊ ဦးချိုကြီး+ဒေါ်ချိုချိုတို့၏
တစ်ဦးတည်းသောသား
မောင်သက်ဇော်ထက် B.A (Eng) ဧတ္တ Australia
နှင့်
သုံးဆယ်မြို့၊ဗိုလ်ချုပ်လမ်းနေ ဦးသောင်း+ဒေါ်သန်းတင်တို့၏မြေး ရန်ကုန်မြို့
ဘောက်ထော်ဘုတာရုံလမ်း၊တိုက်(၅)၊အခန်း(၀၃)ပြည်သာယာအိမ်ရာနေ
ဦးဘတင်+ဒေါ်စန်းကြည် တို့၏ တစ်ဦးတည်းသောသမီး
မရတနာတင့် B.A (Eng)
(အမှတ်(၃၈)၊အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရွှေပြည်သာ)တို့သည်
(၁၅-၆-၂၀၁၃)ရက်နေ့တွင် နှစ်ဖက်သောမိဘဆွေမျိုးများ၏ ရှေ့မှောက်၌
နေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း
နှစ်ဖက်သောမိဘများနှင့် မောင်သက်ဇော်ထက်+မရတနာတင့်

ရွှေမင်းကံဆရာတော်၏ သိက္ခာထပ်နှင့်ဝိဇာတမင်္ဂလာ (၇)ရက် တရားစခန်းပွဲ

ပဓာနနာယက (သဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တကေသရ ရွှေမင်းကံဆရာတော်၏ သက်တော်(၅၇)နှစ်ပြည့်တွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ညောင်ဦးမြို့၊ မိုးကုတ်ဓမ္မရိပ်သာအဖွဲ့ခွဲ(၇၀)၏ ပဓာနနာယက ဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယ၊ ဆရာတော်ဦးဇောတိကအရှင်သူမြတ်မှ ပဋိစ္စသမုပ္ပါဒ်၊ ဒိဋ္ဌိဖြုတ်၊ အလုပ်စဉ်၊ သစ္စာလေးပါး တရားတော်များကို ၂၆-၆-၂၀၁၃ရက်မှ ၂-၇-၂၀၁၃ရက်အထိ ခုနစ်ရက်တိုင် ဟောကြားပြသမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၀၁-၈၀၁၀၀၀၁၊ ၀၉-၄၂၀၀၅၃၆၈၈ သို့ (ယောဂီဦးရေကန့်သတ်ချက်ရှိပါ၍) အချိန်မီ စာရင်းပေးသွင်းကြရန်နှင့် ၃၀-၆-၂၀၁၃ရက်၊ ၁-၇-၂၀၁၃ရက်နှင့် ၂-၇-၂၀၁၃ရက်များတွင် သံဃာ(၉)ပါးနှင့် သိက္ခာထပ်သိမ်ဆင်းရှိပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ ရတနာပုံ ၂လမ်း၊ အမှတ်(၁၉၈/က)မှ ပြောင်းရွှေ့သဖြင့် ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၁၆၈/၁)ရပ်ကွက်၊ မြေကွက်အမှတ်(၄၈/က)မြေကွက် ရရှိထားသူ ဦးစိုးသန်း TKA-၀၇၅၅၁၃က မြေချစလစ်ပျောက်ဆုံးသဖြင့် မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

မေဝင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ အများသိစေရန်ကြေညာချက်

မေဝင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ၊ အမှတ်(၁၄၆)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်းတွင်တည်ရှိပြီး အလုပ်သမားဝန်ကြီးဌာနတွင် တရားဝင်ကုမ္ပဏီလိုင်စင်အမှတ် ၁၀၄/၂၀၁၀ နှင့် ထိုင်းလိုင်စင်အမှတ် ၁၉/၂၀၁၂ဖြင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာနမှ တရားဝင်လုပ်သားများစေလွှတ်ခွင့်ရရှိထားသည့် ကုမ္ပဏီဖြစ်ပါသည်။

လက်ရှိ ပြည်ပနိုင်ငံများဖြစ်သော ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် အခြားနိုင်ငံများသို့ တရားဝင်စေလွှတ်ရာတွင် လုပ်သားအများစု၏ ယုံကြည်ကိုးစားခြင်းခံရ၍ နာမည်ကောင်း(Good Will)ရရှိထားသော ကုမ္ပဏီဖြစ်ပါသည်။ ထိုသို့အမည်ကောင်းဖြင့် အောင်မြင်လုပ်ကိုင်ဆောင်ရွက်နေသည်ကို မနာလိုမရှုဆိတ်နိုင်သောလူအချို့မှ **မေဝင့်ကုမ္ပဏီသည် အလုပ်မှန်ကန်မှုမရှိကြောင်း၊ နာမည်ပျက်ရှိကြောင်း** စသည်ဖြင့် မဟုတ်မမှန်လုပ်ကြံပြောဆို၍ ကုမ္ပဏီနာမည်နှင့်ဂုဏ်သိက္ခာကျဆင်းစေရန် လူအချို့မှ ဖန်တီးနေကြောင်း ကုမ္ပဏီမှ စုံစမ်းသိရှိရပါသည်။

ကုမ္ပဏီနာမည်ပျက်စေရန် တမင်ဖန်တီးလုပ်ကြံ၍ အထက်အဖွဲ့အစည်းများသို့ စာဖြင့်လိမ်လည်ရေးသားတိုင်ကြားခြင်းကို စုံစမ်းသိရှိရ၍ အဆိုပါတိုင်ကြားသူအား **တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားရန်** ကုမ္ပဏီ၏ ဥပဒေအကြံပေးများနှင့် တိုင်ပင်ဆောင်ရွက်နေဆဲဖြစ်ပါသည်။

မေဝင့်ကုမ္ပဏီမှ တရားဝင်စေလွှတ်ထားသော Agentဟု လိမ်လည်ပြောဆို၍ နယ်များတွင် လုပ်သားများအား လိမ်လည်စုဆောင်းနေသည်ကိုလည်း စုံစမ်းသိရှိရပါသည်။ ယခုကဲ့သို့ လိမ်လည်စည်းရုံးသည်ကို စုံစမ်းတွေ့ရှိပါက အောက်ဖော်ပြပါ မေဝင့်ကုမ္ပဏီသို့ ဆက်သွယ်သတင်းပေးတိုင်ကြားပါက သတင်းပေးသူအား ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်သွားမည်ဖြစ်ပါသည်။ မေဝင့်သို့ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ခြင်းမရှိ တရားမဝင်ပွဲစားများနှင့် ဆက်သွယ်ဆောင်ရွက်ချက်များမှာ လုံးဝတရားမဝင်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

မေဝင့်ကုမ္ပဏီ M.D ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဝင်းနိုင် (H.G.P, R.L II)
အထက်တန်းရှေ့နေ (ပြစ်မှုဆိုင်ရာဂုဏ်ထူး)
လိုင်စင်အမှတ်-၁၇၅၄၇
မေဝင့်ကုမ္ပဏီ၏ ဥပဒေအကြံပေး(အကျိုးဆောင်)
အမှတ် ၁၄၆ (ပထမထပ်)၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့၊
ရုံးဖုန်း-၀၉-၇၃၁၄၇၀၁၈၊ ၀၉-၄၃၀၅၇၁၇၇

ဦးဝင်းရွှေ(ဘ-ဦးမှတ်ကြီး)နှင့် အများသိစေရန်

မန္တလေးမြို့၊ (ယခင်လိပ်စာ)၂၆-ဘီလမ်း၊ အကွက်အမှတ်(၂၂၆)၊ ကမ်းနားလမ်း၊ မြို့တော်ဥယျာဉ်အရှေ့ဘက်အနီး၊ ဦးဝင်းရွှေ ၉/မတရ(နိုင်)၀၃၉၄၉၂ (ဘ-ဦးမှတ်ကြီး) အသင်းဝင်အမှတ်(၂၈၃၆)သည် ဤကထိန်တော်အသင်းကြီး၏ စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်သောကြောင့် အသင်းကြီး၏ အသင်းသားအဖြစ်မှ ၉-၆-၂၀၁၃ရက်မှစ၍ ထုတ်ပယ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ပွဲစားကုန်သည်စက်ပိုင်များ၊ မဟာကထိန်တော်အသင်း
မန္တလေးမြို့

ဖိတ်ကြားအပ်ပါသည်

မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၏ (၂၁)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးကို မင်္ဂလာခန်းမ၊ ပထမထပ်၊ အမှတ် (၂၉)၊ UMFCCI Tower မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့တွင် ၂၂.၆.၂၀၁၃ ရက်နေ့ နေ့လည်(၂း၀၀)နာရီတိတိ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ကြွရောက်ချီးမြှင့်ပေးပါရန် အသင်းသူ/အသင်းသားများ အားလုံးကိုဖိတ်ကြား အပ်ပါသည်။

(အလုပ်အမှုဆောင်အဖွဲ့)

(ဖိတ်စာနှင့်တကွ အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့်နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို စာတိုက်မှတဆင့်ပေးပို့ထားပါသည်။ အသင်းရုံးချုပ် ရုံးခန်းတွင်လည်း ထုတ်ယူနိုင်ပါသည်။)

၁၅-၆-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာ (စာ-၂၂)ပါ အကြောင်းအရာအား မှန်ကန်မှုမရှိပါကြောင်း ပြန်လည်ဖြေရှင်းကြေညာခြင်း

၁၅-၆-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာ (စာ-၂၂)ပါ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်-၆၁၊ မြေကွက်အမှတ်(၁၈၁၅နှင့် ၁၈၁၆)မြေကွက်နှစ်ကွက်နှင့်ပတ်သက်၍ အများသိစေရန် မြေကွက်ပိုင်ဆိုင်သူဟုဆိုသူ ဒေါ်စိုးစိုး ၇/တငန(နိုင်)၁၄၁၇၅၆နှင့် ဝယ်ယူသူ၏ရှေ့နေများကြေညာခြင်းအပေါ် မှန်ကန်မှုမရှိပါကြောင်း ပြန်လည်ရှင်းလင်းကြေညာခြင်း။

ဖော်ပြပါမြေကွက်များသည် ဒေါ်သန်းသန်းအေး(ခ)တက္ကသိုလ်မေသူအမည်ပေါက် ပါမစ်မြေဖြစ်သည်ဆိုသည်မှာ မှန်ကန်ပါသည်။ အဖြစ်မှန်မှာ ဒေါ်သန်းသန်းအေး(ခ)တက္ကသိုလ်မေသူထံမှ ဦးအောင်မျိုး ၁၄/ဟသတ(နိုင်)၀၅၈၉၄၅ ဝယ်ယူခဲ့ပါသည်။ ၎င်းမြေကွက်ကို ဦးအောင်မျိုးထံမှ ဦးသန်းမောင် ၉/မနမ(နိုင်)၀၉၀၆၉၉သည် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ထိုဝယ်ယူပိုင်ဆိုင်မှုအဆင့်ဆင့်တွင် စာချုပ်စာတမ်းများနှင့် မူလမူရင်းပါမစ်အမှန်တို့ဖြင့် လက်ဆင့်ကမ်းမှန်ကန်စွာ ရောင်းဝယ်ပိုင်ဆိုင်ခဲ့ကြခြင်းသာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အမှန်တကယ်ဝယ်ယူထားခြင်းမဟုတ်ကြောင်း ကိုယ်တိုင်သိရှိပါလျက် မမှန်မကန်ကြေညာထားခဲ့ခြင်းအပေါ် ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ပြန်လည်ရုပ်သိမ်း၍ ဝန်ခံတောင်းပန်ပေးရန်၊ သို့မဟုတ်ပါက မြေကွက်ပိုင်ဆိုင်မှုအတွက် တရားဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကန့်ကွက်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကြည်ထွန်း (စဉ်-၆၁၇၃) တရားလွှတ်တော်ရှေ့နေ
အမှတ်(၃၁/၅၇)၊ ဩဘာလမ်း၊ ကျောက်/ထက်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အများသိရှိစေရန်ကြေညာချက်

ရန်ကုန်မြို့နေ ဦးရဲမြင့်၊ ဦးကျော်မြင့်၊ ဒေါ်ကြည်ကြည်မြင့်၊ ဒေါ်အုန်းအုန်းမြင့်၊ ဒေါ်အေးအေးမြင့်၊ (ဦးမျိုးမြင့်)၊ ဒေါ်စန္ဒာမြင့်တို့မှ ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ ပတ္တမြား ၂ လမ်း၊ အိမ်အမှတ်(၇၈၂)ဟုခေါ်တွင်သည့် နှစ်ထပ်တိုက်ခံနေအိမ်အဆောက်အအုံ၊ ယင်းနေအိမ်တည်ရှိရာ ပေ ၄၀×ပေ၆၀ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မူလပိုင်ရှင်ထံမှ ကွယ်လွန်သွားကြပြီဖြစ်သော မိဘနှစ်ပါးဖြစ်သည့် (ဦးဘသွင်-ဒေါ်မြမြ)တို့မှ ဝယ်ယူပိုင်ဆိုင်ထားသည့် မြေနှင့်နေအိမ်ဖြစ်ပါသည်။ မိဘနှစ်ပါးကွယ်လွန်သွားသောအခါ ကျန်ရစ်သူသားသမီးများဖြစ်ကြသော အထက်ဖော်ပြပါ မောင်နှမ ခုနစ်ဦးတို့မှ အမွေဆက်ခံပိုင်ခွင့်ရှိသူများအဖြစ် ပိုင်ဆိုင်ကြပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအိမ်နှင့်မြေကို အမွေဆက်ခံပိုင်ခွင့်ရှိသူများ၏ သဘောတူညီမှုမရဘဲ မည်သူမျှရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မောင်နှမတစ်စု

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊သံသုမာလမ်း၊ချမ်းသာဂုဏ်ရောင်ကွန်ဒို ရွှေချမ်းသာ(၁၆)ထပ်အဆောက်အအုံမှ အခန်းအမှတ်(၀၂-၀၃)(သုံးလွှာ)အကျယ်အဝန်းစတုရန်းပေ ၁၅၅၀ တိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ထားသူ ဒေါ်သန်းသန်းရီ ၁၂/ရကန(နိုင်)၀၁၀၉၃၈က ရောင်းချ၍ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူ မည်သူမဆို ပိုင်ဆိုင်ခွင့်အထောက်အထားများယူဆောင်၍ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာဆွေ (B.A ,H.G.P, RL)
အထက်တန်းရှေ့နေ (စဉ်-၁၆၄၂၀)
အခန်း(၅)၊ တိုက်(၃၅)၊ ဝေဠုဝန်အိမ်ရာ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၀၉-၇၃၀၆၅၇၂၇၊ ၀၉-၆၉၂၈၉၄၃၄

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပျဉ်းမပင်ကျေးရွာအုပ်စုတွင် သွေးလွန်တုပ်ကွေး ကာကွယ်ရေးဆောင်ရွက်

ရန်ကုန်   ဇွန်   ၁၈

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာအုပ်စုတွင် သွေးလွန်တုပ်ကွေး ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကိုဇွန် ၁၇ ရက် နံနက် ၆နာရီက ပျဉ်းမပင်ကျေးရွာ အမက ၁၂ မူလွန်ကျောင်း၌ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများကဟောပြောရာတွင် ယခုနှစ်ပိုင်းအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုတွင် ကလေးများသာမက လူကြီးများတွင်ပါ ဖြစ်ပွားနေကြောင်း၊ ကလေးများတွင် ကိုယ်လက်မအီမသာဖြစ်ပြီး မှိန်းနေခြင်း၊ အဆစ်များ နာခြင်း၊ ကြွက်သားများနာခြင်း၊ ခေါင်းကိုက်ခြင်းများသည် ကလေးအုပ်စုတွင် ရှိသော်လည်း လူကြီးအုပ်စုတွင်မူ ယင်းသို့ဖြစ်လေ့မရှိဘဲ လူကြီးများတွင်ဖျားသည့်လက္ခဏာသာရှိကြောင်း၊ ယင်းအဖျားသည် ခုနစ်ရက်၊ ရှစ်ရက်အထိ ကြာနေပြီဆိုပါကသွေးစစ်သင့်ကြောင်း ဟောပြောပို့ချခဲ့သည်။

ဆက်လက်၍ ဟောပြောပွဲတွင် ခြင်ထောင်ဆေးစိမ်ခြင်းကိုသရုပ်ပြပြီး ပျဉ်းမပင်ကျေးရွာအတွင်း အဘိတ်ဆေးများခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊စစ် လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ရေစီးရေလာမြောင်းများ ဖောက်ခြင်း၊ မြို့တော်စည်ပင်မှခြင်ဆေးမှုတ်ခြင်း၊ ဌာနဆိုင်ရာအသီးသီးနှင့်ကျေးရွာရှိ မိဘပြည်သူများ ပူးပေါင်းဆောင်ရွက်ကြသည်။ ထို့အပြင် မင်္ဂလာဒုံမြို့နယ်အတွင်းရှိရပ်ကွက်နှင့်ကျေးရွာများတွင် အပတ်စဉ်လူထုလှုပ်ရှားမှု အသွင်ဖြင့် ဇွန် ၂၂ရက်တွင် ကုန်းတလပေါင်ကျေးရွာ၊ ဇွန် ၂၅ရက်နေ့တွင် လမ်းဆုံ ပိုင်း ရပ်ကွက်၊ ဇွန် ၂၇ ရက်တွင် လမ်းဆုံပိုင်း ရပ်ကွက်နှင့်ရဲစုတောင်ရပ်ကွက်၊ ဇွန် ၂၉ ရက်တွင် နွယ်ခွေကျေးရွာ အုပ်စုများတွင် လူထုလှုပ်ရှားမှု အသွင်ဖြင့် ဆောင်ရွက်သွားမည်ဟု သိရသည်။

မျိုးသန့် (ပြန်/ဆက်)

ကျိုင်းတုံမြို့နယ်၌ အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်

ကျိုင်းတုံ   ဇွန်   ၁၈

၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွင်း ပညာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အခြေခံပညာကျောင်းပေါင်း ၅၀၃၇ ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ်အတွင်း၌ကတ်တောင် အထက(ခွဲ)ကျောင်းကို အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့လည်းကောင်း၊ အလက(၃)၊ အလက(၅)ကျောင်းတို့ကို အခြေခံပညာအထက်တန်းကျောင်းခွဲများ အဆင့်သို့လည်းကောင်း၊ ယန်းလူး အလက(ခွဲ)နှင့်မိုင်းဇင်း အလက(ခွဲ) တို့ကို အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့လည်းကောင်း၊ အမက(၃)၊ အမကဟွေခါးနှင့် အမကပန်မတ်ကျောင်းတို့ကို အခြေခံပညာမူလတန်းလွန်ကျောင်းများ အဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

နိုင်နိုင်အောင်ဝေ

သီးနှံကာကွယ်ရေးတောင်သူပညာပေး ဆွေးနွေးပွဲများကျင်းပမည်

ပုသိမ်   ဇွန်   ၁၈

ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးတွင် အသုံးပြုလျက်ရှိသော ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေးများကို စနစ်တကျကိုင်တွယ်သုံးစွဲနည်းနှင့် သီးနှံများတွင် ဓာတုဓာတ်ကြွင်း ပမာဏများပြားမှုမရှိစေရေးတို့အတွက် တိုင်းဒေသကြီးအတွင်းရှိမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ၂၆ ခုနှင့် ရွှေတန်းစိုက်ပျိုးရေးစခန်း ၈၀ တို့တွင် တောင်သူပညာပေးဆွေးနွေးပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှူးရုံး သီးနှံကာကွယ်ရေးဌာနမှ စုံစမ်းသိရှိရသည်။

အဆိုပါ တောင်သူပညာပေးဆွေးနွေးပွဲများကို ဇူလိုင်လမှ စက်တင်ဘာလအထိ သုံးလအတွင်း ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံတော်က ပြဋ္ဌာန်းထားသော မြေဩဇာဥပဒေနှင့် ပိုးသတ်ဆေးဥပဒေများကို လေးစားလိုက်နာရေး၊ အရည်အသွေးပြည့်မီသော ဓာတုပစ္စည်းများကို ရောင်းချသုံးစွဲစေရေး၊ အမှန်တကယ်လိုအပ်သော အခြေအနေရောက်မှသာ စနစ်တကျသုံးစွဲစေရေး၊ သီးနှံများတွင် ဓာတုဓာတ်ကြွင်းပမာဏများပြားမှုမရှိစေရေးတို့အတွက် ရည်ရွယ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် စပါးသီးနှံသာမက အခြားသီးနှံများတွင် အသုံးပြုသော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများသည် အာနိသင်နှင့်အလေးချိန်ကိုက်ညီမှုမရှိဖြစ်နေခြင်း၊ သုံးစွဲရန် ဆေးညွှန်းများမပါရှိခြင်း၊ ဆေးညွှန်းများပါရှိသော်လည်း ဆေးညွှန်းအတိုင်း အသုံးမပြုကြခြင်းတို့ကြောင့် သီးနှံအထွက်လျော့ကျခြင်း၊ မြေယာပျက်စီးခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေခြင်းနှင့် လူနှင့်တိရစ္ဆာန်များအဆိပ်သင့်စေခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့်ပညာပေးကာလပြီးဆုံးသည်မှစ၍ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးရောင်းဝယ်၊ ကိုင်တွယ်၊ သုံးစွဲခြင်းများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဦးခန့်(SPN)

လှိုင်လင်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်

လှိုင်လင်   ဇွန်   ၁၈

၂၀၁၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် (ပတ်ဝန်းကျင်ထိန်းသိမ်းဖို့ စားနပ်ရိက္ခာ ချွေတာစားသုံးစို့ Think Eat Save)အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၅ ရက် နံနက် ၈ နာရီက လှိုင်လင်မြို့ ကွန်ပျူတာ တက္ကသိုလ်အနီး လှိုင်လင်-ပင်လုံ ကားလမ်းနံဘေး၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူ ၆၅၀ တို့သည် ချယ်ရီ၊ ပနားမားငုံ၊ ထင်းရှူး၊ ခါတော်မီ၊ စိန်ပန်းပြာ၊ မဟော်ဂနီ၊ ပိတောက်၊ ယူကလစ် စသည့် အပင်ကြီးပေါင်း ၁၀၅၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

လှိုင်လင်မြို့နယ် သစ်တောဦးစီးဌာနသည် ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း ကားလမ်းဘေးဝဲယာများတွင် ကျွန်းပင် ၃၀၀၀ စိုက်ပျိုးခြင်း၊ တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်နှုန်းဖြင့် ၂၆၄၈၄ ပင်၊ တစ်အိမ်ထောင်လျှင် သစ်မာအပင် ၂၀နှုန်းဖြင့် ၄၀၅၀၀၊ တစ်ရွာတစ်ဧက စိုက်ပျိုးခြင်းအတွက် အပင် ၈၄၀၀၊ဌာနဆိုင်ရာများ၊ ပြည်သူ့အဖွဲ့အစည်းများအတွက် ဖြန့်ဝေပင် ၅၁၆၁၆ ပင်၊ ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် သစ်တောသစ်ပင် ၂၅၀၀၀၊ နှစ်ရှည်သီးပင်စားပင် ၁၁၀၀၀ စုစုပေါင်း အပင် ၁၆၆၀၀၀ တို့ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်းသိရသည်။

(လှိုင်လင် ပြန်/ဆက်)

ခရစ်ယာန် (အစ္စရေး၊ ဂျော်ဒန်၊ အီဂျစ်) သုံးနိုင်ငံခရီး

ယေရှုခရစ်ဖွားမြင်ရာ ဗက်လင်မြို့အပါအဝင် နာမည်ကြီးနေရာပေါင်းများစွာသို့-
ဩဂုတ်လ(၂၆)ရက်နေ့မှ စက်တင်ဘာလ(၅)ရက်အတွင်း၊ (၁၁)ရက်ခရစ်ယာန်အဖွဲ့ခရီး။ ကြယ်လေးပွင့်အဆင့်ရှိ ဟိုတယ်ကြီးများတွင်သာ တည်းခိုမည်ဖြစ်ပြီး၊ ဟိုတယ်ဘူဖီးအစားအသောက်များနေ့စဉ်ပါဝင်သည်။
တစ်ဦးလျှင်-(၂၉)သိန်း(၅)သောင်းကျပ်တိတိဖြင့်၊ ဩဂုတ်လ(၂)ရက်နေ့မတိုင်မီ စာရင်းအမြန်ပေးသွင်းနိုင်ပြီ။

Business Plus Travel and Tours Co., Ltd   518147, 09 73194300
အမှတ်(၁၄၁)၊ အခန်း(၉၀၃) ဗားဂရာကွန်ဒို၊ ဗားဂရာလမ်း၊ စမ်းချောင်း   09 73003527

Myanmar Search Int'l
3rd education day
Intellectual Program for Human Capital Development

Yangon
Date - 20.6.2013 (Thu)
Time - 10:00 AM to 2:00 PM
Location- Summit Parkview
Mandalay
Date - 22.6.2013 (Sat)
Time - 9:00 AM to 1:00 PM
Location- Hotel Mandalay
Taunggyi
Date - 23.6.2013 (Sun)
Time - 1:00 PM to 5:00 PM
Location- ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမ

တန်ဖိုးကြီးတံစီးဆိမ့် နှင့် လက်ဆောင်ပစ္စည်း
အမှတ်-၂၃၄၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
MYANMAR SEARCH INT'L Knowledge . Career . Family
နိုင်ငံတကာ ပညာရေးစုံညီပွဲတော် နှင့်
၂၁ရာစု လူငယ်များ၏ တတ်မြောက်ကျွမ်းကျင်မှု စွမ်းရည်ပြိုင်ပွဲ
Don't miss the chance!
အခမဲ့တက်ရောက်ဖို့ ဖိတ်ခေါ်အပ်ပါတယ်။
Registered Now!
MyanmarSearchInternational
01-389915, 01- 250929, 095103915   www.overseaeducation-msi.com

OUHK BBA (in Management)
◉ ဟောင်ကောင်အစိုးရတက္ကသိုလ်မှ ပေးအပ်သည့် Bachelor of Business Administration in Management စီးပွားရေးစီမံခန့်ခွဲမှု ဘွဲ့ကြို သင်တန်းဖြစ်ပါသည်။
◉ သင်တန်းကာလ (၃)နှစ်ကြာမြင့်ပြီး STI ၏ MICT Campus အသစ်တွင် August 2013 မှ စတင် တက်ရောက်ရပါမည်။
◉ တတိယနှစ်အောင်မြင်ပါက The Open University of Hong Kong မှ ဘွဲ့ချီးမြှင့်ပါသည်။
STI Education like no other   www.stiedu.net
PABEDAN No.377, Upper Shwe Bon Thar St., Pabedan Tsp., Ygn.
MICT PARK R-7, B-4, Myanmar Info-Tech, Hlaing Campus, Ygn.
TEL: 377988, 507048, 507151/52, 0103450475, 09420254872

EPS-TOPIK စာမေးပွဲဖြေဆိုလိုသူများအတွက်
ကိုရီးယားနိုင်ငံတွင် ၁၉၉၄-၂၀၁၁အထိ အလုပ်လုပ်ကိုင်ခဲ့သော လုပ်ငန်းခွင်အတွေ့အကြုံများဖြင့် ပေါင်းစပ်သင်ကြားပေးနေသည့် -
ဆရာဦးတင်အောင်ဝင်း ဦးစီးသင်ကြားပေးသော
B.A (His), A.G.T.I (MP), Dip in (MP-ULSAN University Korea)
ကိုရီးယားဘာသာစကားသင်တန်းကျောင်း
- ၉၇၊ ၆ လမ်း(ထက်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
- ၁၂/၅၆၈၊ ဘုရားလမ်း၊ သီတာအေးရပ်ကွက်၊ မြင်းခြံ။
- ဖုန်း-၀၉-၄၀၂၅၃၈၉၂၉၊ ၀၉-၄၀၂၅၃၈၉၀၉

ဟိုးဟိုးကျော် ပေါ်ဆန်းမွှေး
"စမ်းသပ်စားသုံးဖို့တော့လိုပါလိမ့်မည်"
စေတနာရှေ့တန်းတင်ပြီး အနီးကပ်ကြီးကြပ်ဂရုစိုက်ကာ လုပ်သားအင်အားအသုံးပြု၍ မွှေးကြိုင်နူးညံ့ပျော့ပျောင်းကောင်းမွန်သော ဆန်ကောင်းဆန်သန့်များကို အထူးသန့်စင်ရွေးချယ်ထားပါသည်။
Any Call : 687155, 687659, 09 425 372 168, 09 511 6063, 09 517 3737

ကလေးနာမည်ပေး
ကွန်ပျူတာပုရောဟိတ်
တြိစက္ကဓာတာစစ်ပြီးဟောစာတမ်း(၃၄)မျက်နှာ
ကလေးနာမည်(၁၅၀)ကျော် 0931079394
095179128   0931300995
၂၂၀(ပ)ထပ်၃၇လမ်း(ထက်)ရန်ကုန်

ဆရာကျော် "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"
ကားတစ်စီးအား ယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်ရန် သင်ကြားပေးသည်။ လိုင်စင်ကိစ္စဆောင်ရွက်ပေးမည်။
Ph:09-512-1284, 09-420-707802

❋ နိုင်ငံခြားသား ဧည့်သည်များအတွက်
မြန်မာပြည်အနှံ့ ခရီးစဉ်များကို စုံစုံလင်လင် ရေးသားထားသည့်စာအုပ်
❋ ဧည့်လမ်းညွှန်များ အင်္ဂလိပ်စာနှင့် ဗဟုသုတရှာမှီးလိုသူများအတွက် ....
ရွှေနိုင်ငံ ဧည့်လမ်းညွှန်
Making A Great Tour In Golden Myanmar
ဟန်ဆု၊ တောင်ကြီး၊ ဧည့်လမ်းညွှန်
ကောင်းသန့်စာပေ - ၂၀၉၊ ၃၈ - လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၃၈၃၄၂၃

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ရတနာမြိုင်အိမ်ရာ၊ တိုက်အမှတ်(၂)၊ အခန်းအမှတ်(၁၀၁)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ရင်ရင်ထံမှ တရားဝင်စာချုပ်စာတမ်းအပြည့်အစုံဖြင့် ဝယ်ယူထားသူ ဦးကျော်ဆန်း ၅/စကန(နိုင်)၀၃၆၁၉၈က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊မြေကွက်အမှတ် တ/၁၈၃၊ မြေကွက်တည်နေရာအမှတ် တ/၁၈၃၊ မင်းရဲကျော်စွာလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြောက် ဒေါ်နွယ်နီဝင်း ၁၂/ဥကတ(နိုင်)၁၁၀၈၇၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်နွယ်နီဝင်း ကွယ်လွန်သဖြင့် ဦးသိန်းဝင်း ၂/ဒဆမ(နိုင်)၀၀၄၁၈၄က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၃၈/၁၃) (၁၃-၅-၁၃)ဖြင့် ကိုယ်စားလှယ်ရရှိသူ ဦးဝင်းမြင့် ၁၂/တမန(နိုင်)၀၈၁၄၂၁က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၅၈/ခ၊ မြေကွက်တည်နေရာအမှတ် ၅၈/ခ၊ မြင်သာ ၂ လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်သန်းစိန်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းစိန် (အပျိုကြီးဘဝဖြင့်)ကွယ်လွန်သဖြင့် ဒေါ်ထွေးကြည် ၁၂/ဥကတ(နိုင်)၀၈၉၈၉၅၊ ဦးတင်ရွှေ ၁၂/ဥကတ(နိုင်)၀၂၉၇၃၇၊ ဒေါ်အေးငွေ ၁၂/ဥကတ(နိုင်)၀၈၉၈၆၅၊ ဒေါ်မြင့်မြင့်ရီ ၁၂/ဥကတ(နိုင်)၀၈၉၉၁၀ တို့က မောင်နှင့်ညီမများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပုဂံဒေသရှိ ပုလင်းပန်းချီ နိုင်ငံခြားသားများ အထူးစိတ်ဝင်စား

ညောင်ဦး ဇွန် ၁၈

ပုဂံယဉ်ကျေးမှုနယ်မြေဒေသတွင် ကမ္ဘာလှည့် ခရီးသွားဧည့်သည်များ အဆက်မပြတ် ဝင်ရောက်လာသည်နှင့်အတူ မြန်မာ့လက်မှုအနုပညာ အမှတ်တရပစ္စည်းရောင်းချသူများလည်း အဆင်ပြေလျက်ရှိကြောင်းသိရသည်။ အမှတ်တရပစ္စည်းဆိုရာတွင် ပန်းပု၊ ပန်းချီ၊ နံရံဆေးရေးပန်းချီနှင့် ဒေသထွက်ပစ္စည်းများစသည်ဖြင့် ရှိကြရာ ၎င်းတို့အနက် ထူးခြားစွာ ပုလင်းပန်းချီကို နိုင်ငံခြားခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားကြကြောင်း သိရသည်။ **(ယာပုံ)**

ယင်းပုလင်းပန်းချီမှာ ပုလင်းမျက်နှာပြင်ဖန်သားပေါ်တွင် ရေးဆွဲထားခြင်းမျိုးမဟုတ်ဘဲ ပုလင်းအတွင်း ဖန်သားပေါ်တွင် လူပုဂ္ဂိုလ်ပုံ၊ စျေးရောင်း စျေးဝယ်ပုံ၊ ရှုခင်းပုံများနှင့် အမှတ်တရစာများ ရေးဆွဲထားခြင်းဖြစ်သည်။ ပန်းချီဆရာ၏ စိတ်ကူးအနုပညာတစ်ခုပင်ဖြစ်သည်။ "ကျွန်တော် ပုလင်းပန်းချီရေးဆွဲတဲ့ အလုပ်နဲ့ အသက်မွေးဝမ်းကျောင်းခဲ့တာ ၁၉၉၆ ခုနှစ် ကတည်းကပါ ပုလင်းအတွင်းထဲကို ပန်းချီရေးရတာဆိုတော့ အရမ်းလက်ဝင်ပါတယ်။ ဒီပညာက ဆရာနဲ့စနစ်တကျ သင်ယူမှ တတ်မြောက်နိုင်တဲ့ ပညာပါ။ ကျွန်တော့်ဆရာကတော့ ဦးညိုလေး (ပျော်ဘွယ်)ပါ။ ကျွန်တော် ရေဆေး၊ ဆီဆေး ပန်းချီကားတွေလည်းရေးဆွဲပါတယ်။ ရေဆေး၊ ဆီဆေးပန်းချီကားနဲ့ ပုလင်းပန်းချီကားနဲ့ ရေးရတာ ကွာခြားချက်ရှိပါတယ်။ ဘာလဲဆိုတော့ ပုလင်းပန်းချီကားဆွဲနည်းနဲ့ ရေဆေး၊ ဆီဆေးပန်းချီကား ရေးဆွဲနည်းက အားလုံးပြောင်းပြန်ပဲ ဥပမာ ရေဆေးပန်းချီကားတစ်ကား ဆွဲမယ်ဆို ဘက်ကရောင်းကစပြီး ရေးရတယ်။ ပြီးမှ ကိုယ်ထည့်ချင်တဲ့အရာတွေကိုရေးရတယ်။ ပုလင်းပန်းချီကြတော့ အနီးဆုံးကိုယ်လိုချင်တဲ့ အရာတွေ အသေးစိတ်တွေကို အရင်စရေးရတယ်၊ ပြီးမှဘက်ကရောင်းကို ဆေးနဲ့ပိတ်ရတယ်။ နိုင်ငံခြားဧည့်သည်တွေ စိတ်ဝင်စားတာပိုများတယ်၊ ဝယ်ယူအားပေးကြပါတယ်" ဟု ပုလင်းပန်းချီရေးဆွဲသူ ဆရာယောနသံက ရှင်းပြသည်။

အဆိုပါ ပုလင်းပန်းချီရေးဆွဲရာတွင်ပုလင်းအတွင်းနှိုက်၍ အသေးစိတ်ရေးဆွဲနိုင်ရန်အတွက် ရေးဆွဲသူကိုယ်တိုင် စုတ်တံများကိုကောက်ခြင်း၊ ကွေးခြင်းဖြင့် လိုသလို ဖန်တီးပြုလုပ်ထားရကြောင်း။ ပုလင်းတစ်လုံးရေးဆွဲပြီးမြောက်ရန်မှာ ပုလင်းအသေးဆိုက်(ဆေးရုံသုံးပိုးသတ်ဆေးပုလင်းအရွယ်)တစ်လုံးကို ၈ ရက်ခန့်၊ ပုလင်းအကြီးဆိုက် (ဝိုင်ပုလင်းအရွယ်) တစ်လုံးကို ၂၅ ရက်ခန့် အချိန်ပေးရကြောင်း ရောင်းချရာတွင် အသေးဆိုက်တစ်လုံးကို ကျပ် ၉၀၀၀ခန့်၊ အကြီးဆိုက်တစ်လုံးကို ကျပ် ၉၀၀၀၀ ခန့်ထိစျေးရရှိကြောင်း အထူးအားဖြင့် နိုင်ငံခြားခရီးသွားဧည့်သည်များ စိတ်ဝင်စားကြကြောင်း သိရသည်။ ပုဂံဒေသသို့ လာရောက်လည်ပတ်ကြသော နိုင်ငံခြားခရီးသွား ဧည့်သည်များသည် မြန်မာ့လက်မှုအနုပညာ လက်ရာများကို အမှတ်တရပစ္စည်းအဖြစ် နှစ်ခြိုက်စွာ ဝယ်ယူသွားလျက်ရှိရာ ဒေသခံများအပြင် အခြားဒေသများမှ လက်မှုအနုပညာရှင်များလည်း လာရောက်အခြေချ၍ စီးပွားရေးလုပ်ကိုင်လျက်ရှိကြကြောင်း သိရသည်။

ရဲသူရအောင်(ညောင်ဦး)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မြစ်မေတ္တာကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သို့ အလှူရှင်များက အလှူငွေပေးအပ်

ပုသိမ် ဇွန် ၁၈

ပုသိမ်မြို့ အမှတ်(၁)ရပ်ကွက် စဥ့်အိုးဖိုလမ်း ရွှေဘုံသာဓမ္မာရုံ၌ မြစ်မေတ္တာလူမှုကူညီရေးအသင်းမှ ဖွင့်လှစ်ထားရှိသော ကိုယ့်အားကိုယ်ကိုးအခမဲ့ မြစ်မေတ္တာကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သို့ ဇွန် ၉ ရက်က ပုသိမ်မြို့ စဥ့်အိုးဖိုလမ်းနေ ဦးဖိုးချို-ဒေါ်မိုးမိုးစံ(ဝင်းရတနာ စက်သုံးဆီရောင်းဝယ်ရေး) မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဦးကျော်ဝင်း-ဒေါ်မြင့်မြင့်သန်း(မန်းဧရာအိမ်ခြံမြေရောင်းဝယ်ရေး)မိသားစုက ငွေကျပ် ၁၀ သိန်း၊ စဥ့်အိုးဖိုရပ်ကွက် ရဟန္တာပင့်ဆောင်ရေးအဖွဲ့ လူငယ်များက ငွေကျပ် ၄၅၀၀၀၀ လှူဒါန်းရာ မြစ်မေတ္တာလူမှုကူညီရေးနာယက ဦးရဲမြင့်(ငွေသောင်ယံဆားစက်)၊ ဒုဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် အဖွဲ့ဝင်များက လက်ခံရယူကြသည်။

အဆိုပါ မြစ်မေတ္တာလူမှုကူညီရေးအသင်းအဖွဲ့သည် အထွေထွေရောဂါကုဆရာဝန်ကြီး ဒေါက်တာဝင်းဝင်းကြည်အမှူးပြုသော ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်း ၁၅ ဦးနှင့်အတူ ဆေးရုံဆေးခန်းဝေးကွာသော ကျေးလက်တောရွာများသို့ လှည့်လည်၍ အခမဲ့ဆေးဝါးကုသပေးခြင်း၊ တနင်္ဂနွေနေ့တိုင်း အပတ်စဉ် အဖွဲ့တည်ရှိရာ ရွှေဘုံသာဓမ္မာရုံ၌လည်း ဆေးခန်းဖွင့်လှစ်၍ ရဟန်းရှင်လူအပေါင်းအား မည်သူမဆို အခမဲ့ ဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ပုသိမ်-လှကြည်

တရားမဝင်ယာဉ်လိုင်စင်အတုများ ပဲခူး၌ စစ်ဆေးဆောင်ရွက်

ပဲခူး ဇွန် ၁၈

ပြည်ပနိုင်ငံအချို့မှ ပြည်တွင်းသို့ တရားမဝင်တင်သွင်းလာသော မော်တော်ယာဉ်များတွင် ဝိုးတက်အတုများပြုလုပ်၍ မောင်းနှင်နေသည်ကို ဇွန် ၁၃ ရက် နံနက် ၁၀ နာရီက ပဲခူးမြို့နယ် လာဂမ့်ကျေးရွာ ပဲခူး-ရန်ကုန် ကားလမ်းမပေါ်တွင် စစ်ဆေးလျက်ရှိသည်။ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြဝင်း ကွပ်ကဲမှုဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ပဲခူးတိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စိန် ကြီးကြပ်၍ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ကိုယ်ပိုင်ယာဉ်များအား ယာဉ်နှင့်ပတ်သက်သောအထောက်အထားဖြစ်သည့် ဝိုးတက်၊ ယာဉ်ပိုင်ရှင်စာအုပ်၊ ယာဉ်မောင်းလိုင်စင်တို့ မှန်ကန်ခြင်းရှိမရှိတို့ကို ရှောင်တခင် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၁၂၁)**

"ဘုရားအဆူဆူ နိဗ္ဗာန်ယူသည့် မလ္လာရာမဝိဟာရ၌ ဒါနမှတ်တိုင် စိုက်ထူနိုင်ပြီ။"

သံဝေဇနီယလေးဌာနတွင် သံဝေဂအရဆုံးဌာနဖြစ်သော ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်တော်မူရာ အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံ၌ ဗုဒ္ဓဂယာမဟာအောင်မြေကျောင်းဆရာတော် ဘဒ္ဒန္တ ဒေါက်တာဇဝန ဦးစီး၍ ''မလ္လာရာမဝိဟာရမြန်မာကျောင်း'' ဆောက်လုပ်မည်ဖြစ်ပါသည်။

စေတနာရှင်များအနေဖြင့် ကျောင်းဒါယကာ၊ ဒါယိကာမ အဖြစ်ခံယူနိုင်ရေးအတွက် မြေကွက် (၁) စတုရန်းပေလျှင် (၁၀၀၀၀) ကျပ်၊ ကျောင်းဆောင် (၁) စတုရန်းပေလျှင် (၂၀၀၀၀)ကျပ် နှုန်းဖြင့် အောက်ပါနေရာများတွင် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ဆရာတော်ဘဒ္ဒန္တဒေါက်တာဇဝန(မဟာအောင်မြေကျောင်း၊ ဗုဒ္ဓဂယာ)
ဖုန်း +၆၅ ၉၁၈၅၂၉၂၄
ဆရာတော်ဘဒ္ဒန္တဒေါက်တာသုပိယ(မဟာအောင်မြေကျောင်း၊ဗုဒ္ဓဂယာ)
ဖုန်း +၉၁ ၉၉၇၃၄၅၄၅၀၃
ဆရာတော်ဘဒ္ဒန္တဝိစိတ္တ (ပြဟ္မာဝိဟာရကျောင်း)
ဖုန်း ၀၉၄၃၂၀၄၁၇၂
ဆရာတော် ဘဒ္ဒန္တဒေါက်တာသီလဝံသ (အသောကာရာမကျောင်း)
ဖုန်း +၆၀ ၃၆၁၅၆၆၂၇၃
ဆရာတော် ဘဒ္ဒန္တနာရဒ (အောင်ချမ်းသာကျောင်းတိုက်)
ဖုန်း ၀၉၇၃၁၀၇၂၇၇
ဆရာတော် ဘဒ္ဒန္တဝဏ္ဏသာရ (ပြဟ္မာဝိဟာရကျောင်း)
ဖုန်း ၀၉၄၃၀၂၃၀၆၂

''ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့များတွင်လည်း ဆက်သွယ်၍လှူဒါန်းနိုင်ပါသည်။''

၁။ ဒေါ်ကြည်ကြည်မြင့်	(ရွှေမဟာ)	၀၉ ၅၁၈၈၃၇၆	၁၂။ ဒေါ်စန္ဒာ	(ခရီးသွားဇုန်)	၀၉ ၅၁၈၅၂၈၃
၂။ ဒေါ်မေသူမောင်	(မေသူမောင်)	၀၉ ၅၁၉၂၄၄၈	၁၃။ ဦးအောင်ကြီး	(ရွှေလှည်းယဉ်)	၀၉ ၅၁၉၈၅၀၆
၃။ ဒေါ်ဦးဦးအောင်	(ဟံသာမွန်)	၀၉ ၅၀၂၅၅၈၇	၁၄။ ဦးဇော်ဝင်း	(လပ်ကီးစမိုင်းလ်)	၀၉ ၇၃၀၄၈၇၉၆
၄။ ဒေါ်စပ်သီတာထွေး	(မဟာအောင်ပန်း)	၀၉ ၈၆၃၅၃၅၇	၁၅။ ဒေါ်ချယ်ရီ	(ချယ်ရီတိုး)	၀၉ ၅၁၂၈၀၁၉
၅။ ဒေါ်တင်တင်ကြည်	(ခင်နန္ဒာ)	၀၉ ၅၄၀၂၀၂၃	၁၆။ ဒေါ်အေးအေးမြင့်	(ရတနာမိုး)	၀၉ ၇၃၀၂၉၃၁၅
၆။ ဒေါ်နီနီဝင်း	(ရွှေမှီ)	၀၉ ၅၀၃၁၆၉၄	၁၇။ ဒေါ်ခင်ခင်ညွန့်	(မေယဝတီ)	၀၉ ၅၀၆၅၁၃၀
၇။ ဦးစိုင်းဝင်းမြင့်ရင်	(မြင့်မြတ်သဒ္ဒါ)	၀၉ ၅၁၇၄၁၃၃	၁၈။ ဒေါ်မြင့်မြင့်အေး	(မွေ့ဝိတီ)	၀၉ ၂၀၃၉၈၃၃
၈။ ဒေါ်နိုင်ဝင်းသူ	(မာတလီ)	၀၉ ၅၀၆၃၁၆၄	၁၉။ ဒေါ်မြင့်မြင့်နွယ်	(မေတ္တာမွန်)	၀၉ ၆၈၀၃၄၁၈
၉။ ဒေါ်ညွန့်ညွန့်ငွေး	(မြတ်မွေ့)	၀၉ ၅၀၈၅၈၁၀	၂၀။ ဒေါ်တင်တင်မိုး		၀၉ ၅၁၁၇၅၂၅
၁၀။ ဦးစည်သူ	(အောင်မြင့်မိုရ်)	၀၉ ၄၂၁၁၁၈၂၄၁	၂၁။ ဒေါ်ခွဲ့ခွဲ့ဝင်း	(မိုင်ဆုန်ဥတ္တရ)	၀၉ ၅၁၉၆၁၅၅
၁၁။ သုဓမ္မသီဂီ ဒေါ်ချိုသာခင်	(ရွှေမုဒြာ)	၀၉ ၅၀၇၇၇၇၉	၂၂။ ဦးမောင်မောင်အေး	(မဟာတိုး)	၀၉ ၄၃၁၀၅၃၃၈

ဆက်သွယ်ရန် - ပြဟ္မာဝိဟာရကျောင်းဆောင်၊ ဝေဠုဝန်ကျောင်းတိုက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉၄၃၂၀၄၃၁၇၂၊ ၀၉၄၉၅၉၉၂၁၁၂

ဝန်ထမ်းအလိုရှိသည်

စာရေး- မ- နှစ်ဦး
(အခြေခံပညာအထက်တန်းအောင်)
Mega Win Co.,Ltd.
ဖုန်း-၅၄၃၆၉၆၊ ၅၄၈၂၉၇၊ ၄၀၀၄၇၈၊
(၈)၊အေးသာယာလမ်း၊ဘောက်ထော်၊တာမွေ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်ၤန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ် ၆၉၈၊ မြေကွက်တည်နေရာအမှတ်-၁၇၊ ၉လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်ၤန်းကျွန်း ဦးအုန်းမောင် ၁၂/သဃက(နိုင်)၀၀၆၅၂၇ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးအုန်းမောင် (ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ကျင်သိန်း ၁၂/သဃက(နိုင်)၀၀၈၁၀၂က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် GP No. ၇၂၆၅/၈-၅-၁၃ ရသူ ဒေါ်တင်ယုအောင် ၁၂/သဃက(နိုင်)၁၄၈၁၁၉ က မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သွေးသည်အသက်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅)၊ မြေကွက်အမှတ် (၁၂၆)၊ အကျယ်အဝန်းပေ (၆၀×၆၀)၊ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၃/၁၅/၁၂၆၊ သဇင်လမ်းသွယ်(၂)လမ်း၊ ရွှေပြည်သာမြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးကျော်မင်းလတ် ၅/ဘတန(နိုင်)၀၇၀၃၂၇ က အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၁၂၈)၊ အကျယ်အဝန်းပေ(၆၀×၆၀) ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၃/၁၅/၁၂၈၊ သဇင်လမ်းသွယ်(၂)လမ်းဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးကျော်မင်းလတ် ၅/ဘတန(နိုင်)၀၇၀၃၂၇က စာချုပ်အဆက်အစပ်အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှစ်ကွက်၏ ပိုင်ရှင် ဦးကျော်မင်းလတ်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှစ်ကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာချုပ်စာတမ်း(မူရင်း)များပြသ၍ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစံမြ (ပုလော) — **ဒေါ်ကျေးမြင့် (ပုလော)(စဉ်-၃၀၄၄၁)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၇၇၁) — **ဒေါ်သဥ္ဇာမွေး (စဉ်-၃၈၃၂၉)**
အထက်တန်းရှေ့နေများ
အမှတ် ၈၃/၁၀(ဒုတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၈၆၁၃၃၃၅၉၊ ၀၉-၄၃၀၈၂၄၃၇

မြင်စေတနာဆေးတိုက်

ခရုသင်း (သမင်ဖြူ)
LEUCODERMA

ခရုသင်း (သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။
ဆရာဦးခင်မောင်မြင့်၊ အမှတ် - ၃၊ ပိတောက်ရိပ်မြိမ်၊ ရန်ကုန်အင်းစိန်လမ်းမကြီး၊ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၆၆၆၄၇၈။ (ဌာနခွဲ) အမှတ် (၂)၊ ၆၂ လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့။ ဖုန်း - ၀၂ -၂၂၅၁၅

POST ဝင်ခွင့်သင်တန်းများ
ဗိုလ်လောင်းဝင်ခွင့်ရေးဖြေ ၂၅.၆.၂၀၁၃ စမည်။
ဥပဒေအရာရှိအဆင့်(၄)စနေ-တနင်္ဂနွေ ၁၀း၀၀မှ၁း၃၀
၁၆၅၊ဆိပ်ကမ်းသာလမ်း(လယ်)ဦးရဲမင်းပိုင်စာသင်ခန်းမ - ၀၉ ၄၂၀ ၁ ၂၉၃၃၃

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ခန်းများအား ကန်ထရိုက်တာထံမှ တစ်ဆင့်ဝယ်ယူထားသူက အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက် အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့် အခန်းအမှတ်
၁။	ဒါရိုက်တာဦးရွှေကြိုင် LPA-၀၁၅၂၉၂ မြန်မာ့မြေအင်တာနေရှင်နယ် လီမိတက်(ကိုယ်စား)(မှ) ဦးဝင်းစိန် ၁၂/ကတတ(နိုင်)၀၁၂၁၈၀(မှ)	ဒေါ်ကြည်ကြည်စန်းမောင် ၁၂/ဗဟန(နိုင်)၀၅၄၁၀၅ အုပ်ချုပ်မှုဒါရိုက်တာ KMW International Co.,Ltd.(က·စ)	တိုက်အမှတ်(A21/22) ပထမထပ်(ဝဲ/ယာ) ဒုတိယထပ်(ဝဲ/ယာ) တတိယထပ်(ဝဲ/ယာ) ဗဟိုစည်အိမ်ရာ လမ်းမတော်မြို့နယ်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃/မာန်ပြေ၊ မြေကွက်အမှတ် ၄၄၂/က၊ မြေကွက်တည်နေရာအမှတ် ၄၄၂/က၊ မြင်တော်သာလမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ကျင်အေးအမည်ပေါက် နှစ် ၆၀ မြေအား အမည်ပေါက် ဒေါ်ကျင်အေး ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၆၃၄၈/၁၂/၈-၁၁-၁၂ ဦးသိန်းမြင့်က ပိုင်ဆိုင်ခဲ့ပြီး ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၇၃၁၂/၁၂ ရရှိသူ ဒေါ်အေးအေးခိုင် ၁၂/သကတ(နိုင်)၀၀၆၀၀၇ က ဂရန်မိတ္တူ လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၂၊ မြေကွက်အမှတ် ၇၃၇၊ မြေကွက်တည်နေရာအမှတ် ၇၃၇၊ မာဃလမ်း၊ (၁၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးချစ်ဖြူအောင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးချစ်ဖြူအောင်နှင့်ဇနီး ဒေါ်မေထွေး(ခ)ဒေါ်မေထွီးတို့ ကွယ်လွန်သဖြင့် ဦးအေးသိန်း ၁၂/ဥကတ(နိုင်)၀၂၀၉၉၀၊ ဒေါ်ခင်သိန်း ၁၂/ဥကတ(နိုင်)၁၁၃၂၄၄တို့က သားနှင့်သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
